# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ခုနှစ် ၊ ကဆုန်လပြည့်ကျော် (၇) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (29-5-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၀၂၉)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

## ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား






ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၂၈**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေး ဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကျင်းပရေးဦးစီးကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝန်ကြီးချုပ်များက ဗီဒီယို ကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေး **စာမျက်နှာ ၁၆ ကော်လံ ၁** ☞

Myanmar Mobile Money(MMM) ကိုအသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊ E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း ၊ Internet Bill ပေးဆောင်ခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊Gift Card ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊ E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း

မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်း အတွက်Customs Duty ပေးဆောင်မှုများအား MMM Service အသုံးပြုပြီး လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

အငြိမ်းစား လစာ အပါအဝင်
ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို
ဘဏ်တိုသွားရန်မလိုဘဲ
မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရတနာပုံ
၂၀၂၄ ခုနှစ် မေ ၂၉ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံတော်ကာကွယ်ရေးအတွက် နိုင်ငံ့သားကောင်းလူငယ်များ

နိုင်ငံတော်ကာကွယ်ရေးတာဝန်သည် နိုင်ငံသားတိုင်းတွင်တာဝန်ရှိသည်ဖြစ်ရာ ပြည်သူ့စစ်မှုထမ်းဆောင်ရန် အကျုံးဝင်သော နိုင်ငံသားတစ်ဦးအနေဖြင့် နိုင်ငံတော်ကာကွယ်ရေးအတွက် ကျရာတာဝန်ကိုထမ်းဆောင်ခြင်းသည် နိုင်ငံ့တာဝန်ကျေပွန်ခြင်းပင်ဖြစ်သည်။ ယခုအခါ ပြည်သူ့စစ်မှုထမ်း အမှတ်စဉ်အလိုက် နိုင်ငံတော်ကာကွယ်ရေးအတွက် နိုင်ငံ့သားကောင်းလူငယ်များပေါ်ထွက်လာတော့မည်ဖြစ်ပေသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၅ တွင် "ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့်နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်"ဟုလည်းကောင်း၊ ပုဒ်မ ၃၈၆ တွင် "နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့်နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန်တာဝန်ရှိသည်"ဟုလည်းကောင်း ပြဋ္ဌာန်းထားသည်။

အလားတူ ပြည်သူ့စစ်မှုထမ်းဥပဒေ၏နိဒါန်းပိုင်းတွင် "နိုင်ငံသားတိုင်းသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသဖြင့် ယင်းတာဝန်ကို ထမ်းဆောင်နိုင်ရေးအလို့ငှာ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ဥပဒေပြဋ္ဌာန်းရခြင်းဖြစ်ကြောင်း" ဖော်ပြပါရှိသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ဥပဒေအမှတ်(၂၇/၂၀၁၀)ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ယင်းဥပဒေကိုအသက်ဝင်စေခဲ့ကာ မတ် ၉ ရက်မှစ၍ ပြည်သူ့စစ်မှုထမ်းသင်တန်းတက်ရောက်ရန်အတွက် ဆင့်ခေါ်ခဲ့ရာ လူငယ်များအနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် မိမိသဘောဆန္ဒအလျောက် စာရင်းပေးသွင်းခဲ့ကြသည်ကို တွေ့ရပါသည်။

ထိုကဲ့သို့ မိမိသဘောဆန္ဒအလျောက် စာရင်းပေးသွင်းကြသူများအနက် သင်တန်းတက်ရောက်ရန် အရည်အချင်းကိုက်ညီသူများကို စုဖွဲ့၍ ဧပြီ ၈ ရက်တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းများအသီးသီးတွင် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲများ ပြုလုပ်ခဲ့ကြပါသည်။ ထို့ပြင် မေ ၁၄ ရက်တွင်လည်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီးတွင် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂)သင်တန်းဖွင့်ပွဲများပြုလုပ်ခဲ့ပါသည်။ လက်ရှိအချိန်တွင် တိုင်းပြည်ကအားထားရမည့် နိုင်ငံ့သားကောင်းရတနာများသည် စစ်ပညာများကို စိတ်အားထက်သန်စွာဖြင့် သင်ယူလျက်ရှိသည်မှာ ဂုဏ်ယူအားတက်ဖွယ်ရာပင်ဖြစ်ပါသည်။

တိုင်းပြည်ခံ့ညားစွာထူထောင်နိုင်ရန်အတွက် အင်အားရှိသောတပ်မတော်လိုအပ်သည်မှာ သမိုင်းကသက်သေအထင်အရှားပြထားသည်ဖြစ်ပေရာ ယခုအခါတွင် ပြည်သူ့စစ်မှုထမ်းဥပဒေအရသော်လည်းကောင်း၊ မိမိကိုယ်တိုင်ကဆန္ဒပြု၍သော်လည်းကောင်း တပ်မတော်အတွင်းသို့ အမျိုးသားကောင်းတို့ ပါဝင်ထမ်းဆောင်နေကြသည်မှာ အမိမြေအတွက် အားရဖွယ်ဖြစ်ပေသည်။ သို့ဖြစ်ရာ ပြည်သူ့စစ်မှုထမ်းသင်တန်းတွင် မိမိဆန္ဒအလျောက် စာရင်းပေးသွင်းပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ရန် ဝင်ရောက်လာသည့်နိုင်ငံ့သားကောင်းလူငယ်များကို ချီးကျူးဂုဏ်ပြုရေးသားလိုက်ရပေသည်။

# မန္တလေးတိုင်းဒေသကြီးအတွင်း စားသောက်ကုန်၊ လူသုံးကုန်နှင့် အလှကုန်ပစ္စည်းအမျိုးအစား ၇၀ ကို ဓာတ်ခွဲစမ်းသပ်ထုတ်လုပ်ခွင့်ပြုထား



**မန္တလေး မေ ၂၈**

မန္တလေးတိုင်းဒေသကြီးအတွင်း တစ်နိုင်တစ်ပိုင် လုပ်ငန်းရှင်များပေါ်ထွက်ရေးအတွက် စားသောက်ကုန်၊ လူသုံးကုန်နှင့် အလှကုန်ပစ္စည်း အမျိုးအစားပေါင်း ၇၀ ကို ဓာတ်ခွဲစမ်းသပ်ထုတ်လုပ်ခွင့်ပြုထားကြောင်း မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က ပြောပြ၍သည်။

အဆိုပါ တစ်နိုင်တစ်ပိုင် လုပ်ငန်းရှင်များမှ ထုတ်လုပ်ရောင်းချမည့် ကုန်ပစ္စည်းများကို ယခုဘဏ္ဍာနှစ်တွင် ဓာတ်ခွဲစမ်းသပ်ပေးရန် ကုန်ပစ္စည်း အမျိုးအစား ၆၂၀ ကိုလျာထားဆောင်ရွက်ခဲ့ရာ ယနေ့ထိ ဓာတုဗေဒဓာတ်ခွဲစမ်းသပ်ခြင်းဖြင့် စားသောက်ကုန်၊ လူသုံးကုန်၊ အလှကုန် စုစုပေါင်း ၂၉ ခုနှင့် အဏုဇီဝဓာတ်ခွဲစမ်းသပ်ခြင်းဖြင့် စားသောက်ကုန်၊ အလှကုန်၊ လူသုံးကုန် စုစုပေါင်း ၄၁ ခု စုစုပေါင်း ကုန်ပစ္စည်းအမျိုးအစား ၇၀ ကို ဓာတ်ခွဲစမ်းသပ်ကာ ထုတ်လုပ်ခွင့်ပြုထားကြောင်း သိရသည်။

"ဌာနကနေပြီးတော့ လုပ်ငန်းရှင်တွေထုတ်လုပ်မဲ့ ထုတ်ကုန်ပစ္စည်းတွေကို ဓာတ်ခွဲစမ်းသပ်ခြင်း နှစ်မျိုးနဲ့ ဆောင်ရွက်ပါတယ်။ အခုအချိန်မှာ ကုန်ပစ္စည်းအမျိုးအစား ၇၀ ကို ဓာတ်ခွဲစမ်းသပ်ထုတ်လုပ်ခွင့် ပြုထားပါတယ်။ ဓာတ်ခွဲစမ်းသပ်ပေးရာမှာလဲ စည်းကမ်းသတ်မှတ်ချက်တွေနဲ့ကိုက်ညီတဲ့ ထုတ်ကုန်ပစ္စည်းတွေကိုသာ ခွင့်ပြုပေးခဲ့ပါတယ်။ ဘဏ္ဍာနှစ်အလိုက်လဲ လုပ်ငန်းရှင်တွေပေါ်ထွက်ရေးအတွက် ထုတ်ကုန်ပစ္စည်းတွေကို ဓာတ်ခွဲစမ်းသပ်ပေးတာတွေ ပြုလုပ်ပေးပါတယ်။ ကုန်ပစ္စည်းထုတ်လုပ်ရောင်းချမဲ့ လုပ်ငန်းရှင်တွေက မိမိတို့ပြုလုပ်ပြီး ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချမဲ့ပစ္စည်းတွေကို ဓာတ်ခွဲစမ်းသပ်မှု မဖြစ်မနေ ပြုလုပ်ရပါတယ်"ဟု ဦးဝင်းဗိုလ်က ပြောပြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်း ပြုလုပ်နေသူများကို ဘဏ္ဍာနှစ်အလိုက်ဓာတ်ခွဲစမ်းသပ်ပေးနေခြင်းသည် လုပ်ငန်းရှင်များထုတ်လုပ်သည့် ကုန်ပစ္စည်းများ၌ အန္တရာယ်ဖြစ်စေနိုင်သော ဓာတုဆေးဝါးများ ပါဝင်မှုမရှိစေရန်နှင့် ဈေးကွက်အတွင်း အန္တရာယ်ဖြစ်စေသော ကုန်ပစ္စည်းများ ဝင်ရောက်မှုမရှိစေရန်အတွက် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း သိရသည်။

(၁၈၅)

# မန္တလေးဈေးကွက်အတွင်း ရှမ်းပြည်နယ်ဘက်မှထွက်ရှိသည့်ဂျုံများ အရောင်းအဝယ်ကောင်းလျက်ရှိ

**မန္တလေး မေ ၂၈**

မန္တလေးဈေးကွက်အတွင်း ရှမ်းပြည်နယ်ဘက်မှထွက်ရှိသည့်ဂျုံများ အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

လက်ရှိတွင် ရှမ်းပြည်နယ်ဘက်မှ အရည်အသွေးအကောင်းမွန်သည့်ဂျုံများ မန္တလေးဈေးကွက်အတွင်း ပြန်လည်ဝင်ရောက်လာကြောင်း၊ မန္တလေးဈေးကွက်အတွင်း ၄င်းဂျုံများကို ကုန်သည်များက ယခင်ကထက် ဝယ်ယူမှုပိုမိုများပြားလာသည့်အပြင် မြို့နယ်အသီးသီးကလည်း မှာယူမှုများပြားလာကြောင်း သိရသည်။

"ရှမ်းပြည်နယ်ဘက်ကနေ အရည်အသွေးကောင်းမွန်တဲ့ ဂျုံတွေ မန္တလေးဈေးကွက်မှာ အရောင်းအဝယ်ကောင်းတဲ့အပြင် တောင်ကြီးမြို့နဲ့အခြားမြို့တွေကပါ မှာယူမှုပြန်ပြီးများလာတယ်။ ရှမ်းပြည်နယ်ဘက်ကဂျုံတွေ အရင်ကအရောင်းအဝယ်အေးခဲ့ပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် ယနေ့ပေါက်ဈေးအရ ရှမ်းပြည်နယ်ဘက်မှထွက်ရှိသည့် ဂျုံ ပိဿာ ၆၀ ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၆၀၀၀၀ ဈေးရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။

(၁၈၄)

# မန္တလေး ဈေးချိုတော်၊ မန္တလေးတောင်နှင့်အခြားလမ်းကြောင်းများသို့ လိုင်းကားများဖြင့်လိုက်ပါစီးနင်းသူ တစ်ရက်လျှင် ဦးရေ ၃၂၀၀ ကျော်ထိရှိလာ

**မန္တလေး မေ ၂၈**

မန္တလေးဈေးချိုတော်၊ မန္တလေးတောင်နှင့် အခြားလမ်းကြောင်းများသို့ လိုင်းကားများဖြင့်လိုက်ပါစီးနင်းသူ တစ်ရက်လျှင် ဦးရေ ၃၂၀၀ ကျော်ထိရှိလာကြောင်း အမှတ်(၁၊ ၂၊ ၃) ယာဉ်လိုင်းဥက္ကဋ္ဌ ဦးမြငွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိ မန္တလေးမြို့တွင် ကုန်ကျစရိတ်သက်သာစွာဖြင့် မိမိတို့လိုရာခရီးကို သွားလာနိုင်ရေး လိုင်းကားများ ပြေးဆွဲပေးလျက်ရှိကြောင်း၊ မန္တလေးဈေးချိုတော်၊ မန္တလေးတောင်၊ ရန်ကင်းတောင်၊ မန္တလေးဆိပ်ကမ်း စသည့်နေရာအနှံ့အပြားကို လိုက်ပါစီးနင်းမည့် ခရီးသည်များ အဆင်ပြေလွယ်ကူစွာသွားနိုင်ရေးအတွက် အဓိကထား ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

"အခု မန္တလေးဈေးချိုတော်ဘက်ဆိုရင် ကျောက်ဆည်၊ မြစ်ငယ်တို့ဘက်ကနေ လိုင်းကားတွေနဲ့ လိုက်ပါစီးနင်းမှုများတယ်။ ဈေးချိုတော်ဘက်ကိုလိုက်ပါစီးနင်းတဲ့ခရီးသည်တွေကတော့ ဈေးရောင်းချတဲ့ခရီးသည်တွေ တော်တော်လေးများပါတယ်"ဟု ဦးမြငွေက ပြောပြသည်။

မန္တလေးဈေးချိုတော်၊ မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်၊ ရန်ကင်းတောင်၊ မန္တလေးဆိပ်ကမ်း စသည့်လမ်းကြောင်းများသို့ အမှတ်(၁၊ ၂၊ ၃)လိုင်းကားများဖြင့်လိုက်ပါစီးနင်းသည့် ခရီးသည်ဦးရေမှာ မေလ တတိယပတ်က တစ်ရက်လျှင် ဦးရေ ၃၀၀၀ ကျော်သာရှိခဲ့သော်လည်း မေလနောက်ဆုံးပတ်အတွင်း လိုက်ပါစီးနင်းသည့် ခရီးသည်ဦးရေမှာ တစ်ရက်လျှင် ဦးရေ ၃၂၀၀ ကျော်ထိရှိလာကြောင်း သိရသည်။

"အခုလတ်တလော မန္တလေးမြို့တွင်းလိုက်ပါစီးနင်းမှုအများဆုံး လမ်းကြောင်းကတော့ ဈေးအရောင်းအဝယ်ကိစ္စနဲ့ ဈေးချိုတော်ဘက်ကိုလိုက်ပါစီးနင်းတဲ့ခရီးသည်တွေနဲ့မန္တလေးတောင်ဘက်ကို ဘုရားဖူးသွားမဲ့ ခရီးသည်တွေ လိုက်ပါစီးနင်းမှု တော်တော်လေးများတယ်။ တချို့ကျတော့လဲ ဈေးရောင်းတဲ့ခရီးသည်တွေအပြင် အခြားနယ်ဝေးဒေသကလာတဲ့ ခရီးသည်တွေလဲ လိုက်ပါစီးနင်းမှုတွေရှိပါတယ်"ဟု အမှတ်(၁၊ ၂၊ ၃) ယာဉ်လိုင်းဥက္ကဋ္ဌ ဦးမြငွေက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဒလမြို့နယ် စံပြကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ယိုမျိုးစုံနှင့် ဖျော်ရည်ပြုလုပ်နည်းသင်တန်း ဖွင့်လှစ်

**ဒလ မေ ၂၈**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ဒလမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ယိုမျိုးစုံနှင့် ဖျော်ရည်ပြုလုပ်နည်းသင်တန်းဖွင့်ပွဲကို မေ ၂၇ ရက် နံနက်ပိုင်းက စံပြကျေးရွာဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ ဒလမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစည်သူကျော်က အမှာစကားပြောကြားသည်။

ဆက်လက်၍ တွံတေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးနေဝင်းက ကျေးလက်နေ ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန်အတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒလမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်အေးက သင်တန်းတက်ရောက်ခြင်းဖြင့် ရရှိစေမည့် အကျိုးကျေးဇူးများကို ပြောကြားကာ သင်ကြားမှုအထောက်အကူပြုပစ္စည်းများ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ ယိုမျိုးစုံနှင့် ဖျော်ရည်ပြုလုပ်နည်းသင်တန်းသို့ စံပြကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာတို့မှ သင်တန်းသား၊ သင်တန်းသူဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြများက ယိုမျိုးစုံပြုလုပ်နည်း၊ ဖျော်ရည်ပြုလုပ်နည်းတို့ကို မေ ၂၇ ရက်မှ ၃၁ ရက်ထိ စာတွေ့၊ လက်တွေ့ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ၈၉ လမ်း၊ ၁၇လမ်း-၁၈လမ်းကြားနေ ဦးဘကွန့်မိသားစုကနှစ်စဉ် ဆွမ်းအလှူငွေကျပ် ၄၀၀၀၀၀ လှူဒါန်းရာ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်၊ ဆွမ်းကွမ်းတွဲဖက်အတွင်းရေးမှူး ဦးချွန်နှင့် ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူစဉ်။

# ဝါးခယ်မမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၁၂၈၁၀၆ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**မြောင်းမြ မေ ၂၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၁၂၈၁၀၆ ဧကထိ ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

ဝါးခယ်မမြို့နယ်တွင် နွေသီးနှံစိုက်ရာသီက စပါး ၁၂၈၅၁၁ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သည့် နွေစပါးခင်းများကို ၂၀၂၄ ခုနှစ် မတ်လ ပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် စပါး ၁၂၈၁၀၆ ဧကထိရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ထိုသို့ရိတ်သိမ်းခဲ့သည့် စပါးတစ်ဧကလျှင် ၁၁၁ ဒသမ ၉၉ တင်းထိ ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဝါးခယ်မမြို့နယ်မှာ နွေစပါးကို စုစုပေါင်း ၁၂၈၅၁၁ ဧကထိ လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့ထိ နွေစပါး ၁၂၈၁၀၆ ဧကထိ ပြန်လည်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နွေစပါးတွေ အခက်အခဲမရှိ စနစ်တကျ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေ ပေါင်းစပ်ဆောင်ရွက်ခဲ့ပါတယ်။ ဒီလို ပေါင်းစပ်ဆောင်ရွက်ခဲ့လို့ အခုလို အခက်အခဲမရှိ စနစ်တကျ အဆင်ပြေပြေ စိုက်ပျိုးရိတ်သိမ်းနိုင်တာ ဖြစ်ပါတယ်။ ဒါ့ပြင် စိုက်ပျိုးထားတဲ့ နွေစပါးတွေကို ပြန်လည်ရိတ်သိမ်းတဲ့အချိန်ထိ လိုအပ်တဲ့နည်းပညာတွေနဲ့ ရိတ်သိမ်းရေးလုပ်ငန်းတွေကို ပေါင်းစပ်ဆောင်ရွက်ပေးထားပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် နွေစပါးများစိုက်ပျိုးရာ၌ သီးထပ်ရင်၊ ရက် ၉၀၊ GW-11 GW-1၊ ကျားပျံ၊ ဆင်းသုခ စသည့်စပါးအမျိုးအစားများကို အများဆုံးစိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသည့် စပါးများအထွက်နှုန်းကောင်းစေရန်၊ အပျက်အစီး အလေအလွင့်မရှိစေရန်၊ တစ်ဧကချင်း စပါးအထွက်နှုန်းညီစေရန်၊ စပါးအရည်အသွေးကောင်းစေရန်၊ စနစ်တကျပြန်လည်ရိတ်သိမ်းနိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနက ကူညီပံ့ပိုးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မလှိုင်မြို့နယ် ရွာသစ်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် မေ ၂၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ရွာသစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၈ ဒသမ ၂သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရွာသစ်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၃ ဦးကို ငွေကျပ် ၂၅ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၁ ဦးကို ငွေကျပ် ၁၉ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၂ ဒသမ ၄ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁ ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၂ ဦးကို ငွေကျပ် ၄၈ ဒသမ ၂ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ယခုဘဏ္ဍာနှစ် ဧပြီလတွင် မြန်မာ့ကုန်သွယ်ရေးကဏ္ဍ၌ ပုဂ္ဂလိကကဏ္ဍက နိုင်ငံတော်ကဏ္ဍထက် ကန်ဒေါ်လာသန်း ၁၄၀၀ ကျော် ပိုမိုဆောင်ရွက်နိုင်ခဲ့

**နေပြည်တော် မေ ၂၈**

ယခုဘဏ္ဍာနှစ် ဧပြီလတွင် မြန်မာ့ကုန်သွယ်ရေးကဏ္ဍ၌ ပုဂ္ဂလိကကဏ္ဍက နိုင်ငံတော်ကဏ္ဍထက် အမေရိကန်ဒေါ်လာသန်း ၁၄၀၀ ကျော်ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပစီးပွားရေးမိတ်ဖက်နိုင်ငံများနှင့် ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများကို နိုင်ငံတော်ကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍများမှ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ယခုဘဏ္ဍာနှစ် ဧပြီလတွင် မြန်မာ့ကုန်သွယ်ရေးကဏ္ဍ ကုန်သွယ်မှုကဏ္ဍအနေဖြင့် ပို့ကုန် အမေရိကန်ဒေါ်လာ ၁၀၅၀ ဒသမ ၃၇၉ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၁၀၂၅ ဒသမ ၃၀၄ သန်း စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၀၇၅ ဒသမ ၆၈၃ သန်းဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပို့ကုန်ကဏ္ဍ၌ ပုဂ္ဂလိကကဏ္ဍက အမေရိကန်ဒေါ်လာ ၇၈၀ ဒသမ ၁၆၄ သန်း၊ နိုင်ငံတော်ကဏ္ဍက အမေရိကန်ဒေါ်လာ ၂၇၀ ဒသမ ၂၁၅ သန်း စုစုပေါင်းအမေရိကန်ဒေါ်လာ ၁၀၅၀ ဒသမ ၃၇၉ သန်းဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထို့ကြောင့် ယခုဘဏ္ဍာနှစ် ဧပြီလတွင် ပို့ကုန်ကဏ္ဍအနေဖြင့် ပုဂ္ဂလိကကဏ္ဍက နိုင်ငံတော်ကဏ္ဍထက် အမေရိကန်ဒေါ်လာ ၅၀၉ ဒသမ ၉၄၉ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ထို့အတူ သွင်းကုန်ကဏ္ဍတွင်လည်း ပုဂ္ဂလိကကဏ္ဍက အမေရိကန်ဒေါ်လာ ၉၉၃ ဒသမ ၂၉၁ သန်း၊ နိုင်ငံတော်ကဏ္ဍက အမေရိကန်ဒေါ်လာ ၃၂ ဒသမ ၀၁၃ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၀၂၅ ဒသမ ၃၀၄ သန်း ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သဖြင့် ပုဂ္ဂလိကကဏ္ဍက နိုင်ငံတော်ကဏ္ဍထက် အမေရိကန်ဒေါ်လာ ၉၆၁ ဒသမ ၂၇၈ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထို့ကြောင့် ယခုဘဏ္ဍာနှစ် ဧပြီလတွင် ပုဂ္ဂလိကကဏ္ဍက နိုင်ငံတော်ကဏ္ဍထက် အမေရိကန်ဒေါ်လာ ၁၄၇၁ ဒသမ ၂၂၇ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

SKL



# အလှပဆုံးသစ်သားဘုန်းကြီးကျောင်း မြောက်စလင်း

**မောင်သာ(ရှေးဟောင်းသုတေသန)**

အောင်မြေသာစံမြို့နယ် မန္တလေးတောင်ခြေရှိ ရွှေနန်းတော်ကျောင်းရှေ့၌ တစ်ချိန်ကတည်ရှိခဲ့သည့် မြောက်စလင်းကျောင်းတိုက်ကို မြန်မာနိုင်ငံတွင် အလှပဆုံးသော သစ်သားဘုန်းတော်ကြီးကျောင်း အဆောက်အအုံဟုဆိုကြသည်။

မြောက်စလင်းကျောင်း၏ ခမ်းနားထည်ဝါခဲ့ပုံကို မြန်မာနိုင်ငံတွင် ၁၈၉၁ ခုနှစ်မှ ၁၈၉၅ ခုနှစ်ထိ နေထိုင်ခဲ့သည့် ကိုလိုနီခေတ် ဗြိတိသျှအရာရှိ စကော့အွန်ကွန်နား (V,C.Scott O Connor)က ၁၉၀၇ ခုနှစ်တွင် ထုတ်ဝေခဲ့သည့်သူ၏ Mandalay and Other Cities of the Past of Burma စာအုပ်တွင် ရေးသားခဲ့သည်။ ထိုစာအုပ်ကို ဆရာမြသန်းတင့်က “သမိုင်းထဲကမန္တလေး မန္တလေးထဲကသမိုင်း”အမည်ဖြင့် မြန်မာသာဘာသို့ ပြန်ဆိုထုတ်ဝေခဲ့သည်။

**မြန်မာဘုန်းကြီးကျောင်းအဆောက်အအုံများအစ**

ဗုဒ္ဓဘာသာကို နှစ်ကာလရှည်ကြာစွာကပင် ယုံကြည်ကိုးကွယ်ခဲ့သည့် မြန်မာနိုင်ငံတွင် ပုဂံခေတ်အစကတည်းက ဘုန်းကြီးကျောင်းများရှိသည့် အထောက်အထားများကို တွေ့ရှိနိုင်သည်။ ပုဂံရာဇဝင်အရ ကွမ်းဆော်ကြောင်ဖြူမင်း (အေဒီ ၉၆၄-၉၈၆)ကို နန်းချလိုသည့် ကျည်စိုးနှင့် စုက္ကတေးတို့သည် ကျောင်းဆောက်လုပ်ပြီး ကျောင်းလှူတ်ပွဲပြုလုပ်မည့်ဟန်ဖြင့် ကွမ်းဆော်ကြောင်ဖြူမင်းကြီးကျောင်းသို့ကြွရောက်ရန် လျှောက်ထားပြီး မင်းကြီးကျောင်းသို့ရောက်ချိန်တွင် အဓမ္မ ရဟန်းပြုစေခဲ့သည်။

ကျည်စိုးနှင့် စုက္ကတေးတို့က ပြည်သူများကို ကွမ်းဆော်ကြောင်ဖြူမင်းသည် သာသနာတော်တွင် မွေ့လျော်သဖြင့် ရဟန်းဘဝသို့အပြီးတိုင် ဝင်ရောက်သွားသယောင် ကောလာဟလများထုတ်လွှင့်ခဲ့သည်။ သားတော်အနော်ရထာမင်းက ပုဂံထီးနန်းကို မသိမ်းပိုက်မီ ဖခင်ကို ထီးနန်းအပ်ခဲ့သော်လည်း ကွမ်းဆော်ကြောင်ဖြူမင်းက လက်မခံခဲ့ချေ။ ထို့ကြောင့် ထိုခေတ်ကာလတွင် ကွမ်းဆော်ကြောင်ဖြူမင်းနေခဲ့ရသည့်နေရာသည် ဘုန်းကြီးများနေထိုင်သီတင်းသုံးရန် ဆောက်လုပ်သည့် ကျောင်းအဆောက်အအုံ အထောက်အထားဟု ယူဆနိုင်ဖွယ်ရှိခဲ့သည်။

ပုဂံခေတ်ထိုးကျောက်စာများတွင်လည်း ကျောင်းလှူတ်ပွဲများပြုလုပ်သည့် အထောက်အထားပါရှိသည့် ကျောက်စာများရှိခဲ့သည်။ မှန်နန်းရာဇဝင်တွင် အနော်ရထာမင်းသည် ခမည်းတော် ကွမ်းဆော်ကြောင်ဖြူမင်းကို သက္ကရာဇ် ၃၈၂ ခုနှစ်တွင် ကျောင်းဆောက်လုပ်လှူဒါန်းခဲ့ကြောင်းဖော်ပြထားသည်။ ရှင်အရဟံအုတ်ကျောင်းသည် ပုဂံရာဇဝင်တွင် အထင်အရှားရှိခဲ့ရာ ပြန်လည်တည်ဆောက်ထားသည့် အုတ်ကျောင်းကို ညောင်ဦးမြို့၌ ယနေ့တိုင်တွေ့မြင်နိုင်ကြပေသည်။

ပုဂံခေတ်နှောင်းပိုင်းတွင် မိဖုရားစောသည် ကျော်စွာဘုရင်ကိုနန်းချရန် မင်းညီနောင်သုံးပါးကို မြင်စိုင်းအရပ်၌ ဘုရားဂူကျောင်း ဆောက်လုပ်စေခဲ့သည်။ တည်ဆောက်ပြီးစီးသောအချိန်တွင် မိဖုရားစောက မင်းကြီးကို ဥပါယ်တံမျဉ်ဖြင့် မြင်စိုင်းသို့ကြွတော်မူစေခဲ့သည်။ ကျော်စွာဘုရင် မြင်စိုင်းသို့ရောက်လျှင် မင်းညီနောင်သုံးပါးက မင်းကြီးကိုဖမ်း၍ ခေါင်းတုံးတုံးကာ ရဟန်းပြုပေးပြီး ထီးနန်းကိုသိမ်းပိုက်ခဲ့ရာ ရဟန်းကျော်စွာသည် ဘုန်းကြီးကျောင်း၌သာ နေထိုင်သီတင်းသုံးခဲ့ရသည်။

မြင်စိုင်းပင်းယခေတ်တွင် ဥဇနာမင်းလက်ထက် သက္ကရာဇ် ၆၈၄ ခုနှစ်တွင် စကားကျောင်း ခုနစ်ကျောင်းကိုတည်ဆောက်လှူဒါန်းခဲ့သည်။နောက်ပိုင်းခေတ်များတွင်လည်း ဘုန်းကြီးကျောင်းအဆောက်အအုံများကိုဆောက်လုပ်ခဲ့ကြရာ ကုန်းဘောင်ခေတ်နှောင်းပိုင်း ရတနာပုံခေတ်တွင် သစ်သားကျောင်းများကို အများဆုံးတည်ဆောက်လှူဒါန်းခဲ့ကြသည်။

**မင်းတုန်းမင်း၏ သမီးတော်စလင်းစုဖုရား**

ကွယ်ပျောက်သွားခဲ့ပြီဖြစ်သည့် မြောက်စလင်းကျောင်း၏ မူလအလှူရှင်သည် မင်းတုန်းမင်းနှင့် လင်ပန်းတိုက်စားမိဖုရားတို့၏ သမီးတော် စလင်းစုဖုရားဖြစ်သည်။ စလင်းစုဖုရားကို သက္ကရာဇ် ၁၂၀၉ ခုနှစ်တွင် ဖွားမြင်ခဲ့ကာ အရွယ်ရောက်ချိန်တွင် ခမည်းတော် မင်းတုန်းမင်းက ရွှေကူမြို့ကိုစားစေပြီး သီရိသုရတနာဒေဝီဘွဲ့ကို ချီးမြှင့်ခဲ့သည်။

သက္ကရာဇ် ၁၂၁၆ ခုနှစ်တွင် ရွှေကူနှင့် စလင်းကို လဲလှယ်စားစေခဲ့သဖြင့် စလင်းမင်းသမီးဟု ထင်ရှားခဲ့သည်။ စလင်းမင်းသမီးဖြစ်လာပြီးနောက် သုသီရိမြတ်စွာရတနာဒေဝီဘွဲ့ကို ခံယူရသည်။

လင်ပန်းတိုက်စားမိဖုရားနှင့် မြောက်နန်းတော်မိဖုရားခင်သဲတို့သည် ဖခင်တူ၊ မိခင်ကွဲညီအစ်မဖြစ်ကြပြီး မြောက်နန်းမိဖုရားခင်သဲက သားတော်၊ သမီးတော်များ မထွန်းကားသဖြင့် စလင်းမင်းသမီးကို မွေးစားခဲ့သည်။ နန်းဓလေ့ထုံးအရ တော်ဝင်မျိုးနွယ် မင်းသွေးပါသောမိဖုရားက ဖွားမြင်သည့် သမီးတော်များကိုသာ စုဖုရားဟု ခေါ်ဝေါ်ကြရသည်။ သို့သော် အရပ်သူငယ်၏ သမီးတော် မြောင်လှမြို့စား သမီးတော်တို့ဖြစ်ကြသည်။

စလင်းစုဖုရားသည် သီလရှင်အဖြစ် ခံယူပြီး ၁၄ လအကြာ သက္ကရာဇ် ၁၂၄၁ ခုနှစ် နတ်တော်လတွင် ကွယ်လွန်ခဲ့ရာ ကွယ်လွန်ချိန်တွင် သက်တော် ၃၃ နှစ်ဖြစ်သည်။ ဗြိတိသျှသံအရာရှိတချို့က စယ်လင်နာဆိုဖီယာ(Cellian Sophia)ဟု ခေါ်ဆိုခဲ့သည့် စလင်းစုဖုရားသည် ဗုဒ္ဓသာသနာတော်ကို များစွာချီးမြှောက်ခဲ့သည့်အနက် စုဖုရား၏အထင်ရှားဆုံးအလှူတော်သည် မန္တလေးတောင်ခြေမှ စလင်းကျောင်းတိုက်ကြီးဖြစ်သည်။

**စလင်းကျောင်းတော်**

မန္တလေးနေပြည်တော်တစ်ဝိုက်၌ စလင်းကျောင်းသုံး ကျောင်းရှိခဲ့ရာ တောင်စလင်းကျောင်းနှင့် အရှေ့စလင်းကျောင်းတို့ကို မိဖုရားခေါင်ကြီးစကြာဒေဝီကဆောက်လုပ်ကာ စလင်းဆရာတော်များအား လှူဒါန်းခဲ့သည်။



၁၉၀၃ ခုနှစ်တွင် Philip Adolphe Kilier ရိုက်ကူးခဲ့သည့် မြောက်စလင်းကျောင်း။

လင်ပန်းမိဖုရားကဖွားမြင်သည့် စလင်းသမီးတော်ကို မင်းတုန်းမင်းက အထူးသဒ္ဓါတော်မူသဖြင့် စလင်းစုဖုရားဟု ခေါ်ဆိုကြရသည်။ “သား ကျုပင်း၊ သမီး စလင်း”ဟု ဆိုကြသည့်အတိုင်း မင်းတုန်းမင်းသည် သမီးတော်များတွင် စလင်းမင်းသမီးကို အချစ်မြတ်နိုးဆုံးဟု ပြောစမှတ်ပြုကြသည်။

ထို့ကြောင့်မင်းတုန်းမင်းသည် သက္ကရာဇ် ၁၂၃၈ ခုနှစ် တော်သလင်းလဆန်း ၁၂ ရက်တွင် သမီးတော်များကို ရွာများစားစေခဲ့ရာ နေရဥ္စရရွာကို သမီးတော် စလင်းမင်းသမီး သုသီရိမြတ်စွာရတနာဒေဝီကို ထီးမိုးယဉ်ခံသနားတော်မူခဲ့သည်။ မင်းတုန်းမင်းသည် ထိုရက်မှာပင် သမီးတော် စလင်းမင်းသမီးနှင့်တကွ အခြားသမီးတော်များဖြစ်သည့် မိုင်းနောင်မင်းသမီး၊ မြတောင်မင်းသမီး၊ ရမည်းသင်းမင်းသမီးနှင့် မိုင်းလုံမင်းသမီးတို့ကို ၎င်းတို့စားရမည့်ရွာများကို ထီးမိုးယဉ်ခံ အသီးသီးသနားတော်မူခဲ့သည်။

အိမ်ရှေ့စံကနောင်မင်းသား ကံကုန်ပြီးချိန်တွင် စလင်းမင်းသမီးသည် မင်းတစ်ဆက်လျှင် တစ်ပါးသာ မြှောက်စားခံရမြဲဖြစ်သည့် ပင်တိုင်စံ မင်းသမီးအရာထားခြင်းခံခဲ့ရသည်။ ပင်တိုင်စံမင်းသမီးသည် နောင်ဆက်ခံမည့်ဘုရင်၏ မိဖုရားခေါင်လောင်းလျာဟု သတ်မှတ်ခံရသူဖြစ်သည်။

စလင်းမင်းသမီးသည် တစ်ပင်တိုင်မင်းသမီးအရာကိုရထားသော်လည်း သီပေါမင်းနန်းတက်ချိန်တွင် အခြေအနေအရပ်ရပ်ကိုသုံးသပ်ကာ ခမည်းတော် မင်းတုန်းမင်း၏ ရုပ်ကလာပ်ကို အုတ်ပြာသာဒ်တွင် ထည့်သွင်း သဂြိုဟ်ပြီးသည်နှင့် တစ်ပင်တိုင်မင်းသမီးအရာကိုစွန့်ကာ သီလရှင်အဖြစ်သို့ ကူးပြောင်းခဲ့သည်။

မင်းတုန်းမင်း၏သမီးတော်များအနက် သီလရှင်ဝတ်သွားသူ သုံးပါးရှိရာ လင်ပန်းတိုက်စားမိဖုရား၏ သမီးတော် စလင်းစုဖုရား၊ ဆင်ဖြူမရှင်၏ သမီးတော် မိုင်းနောင်စုဖုရားနှင့် ကျောက်တစ်လုံးရွာစားမိဖုရား

တောင်စလင်းကျောင်းဆရာတော် ဦးကေတုသည် မင်းတုန်းမင်း၏ မိဖုရားခေါင်ကြီးစကြာဒေဝီ ရဟန်းခံထားသော ဆရာတော်ဖြစ်သည်။ ဆရာတော်ဦးကေတုသည် မူလကမြောက်စလင်းကျောင်းတွင် သီတင်းသုံးခဲ့သော်လည်း လေနာရောဂါစွဲကပ်လာချိန်တွင် ဆေးဝါးကုသသော်လည်း ပျောက်ကင်းမှုမရှိသဖြင့် ဗေဒင်နက္ခတ်ပညာကျွမ်းကျင်သော မိဖုရားခေါင်ကြီးက တောင်စလင်းကျောင်းကိုအသစ်ဆောက်လုပ်ပြီး ဆရာတော်အား ပြောင်းရွှေ့သီတင်းသုံးစေခဲ့သည်။

စလင်းမင်းသမီး ဆောက်လုပ်လှူဒါန်းသည့် မဟာတုလွှတ်ဘုံသာကျောင်းသည် မြောက်စလင်းကျောင်းဟု ထင်ရှားသည်။ စလင်းမင်းသမီးစုဖုရားသည် ထိုကျောင်းတော်ကြီးကို သက္ကရာဇ် ၁၂၃၅ ခုနှစ်တွင် မင်းတုန်းမင်းထုတ်ပေးသည့် ငွေကျပ် လေးသိန်းဖြင့် တည်ဆောက်ခဲ့ရာ အဆောက်အအုံတစ်ခုလုံးကို စိတ်တိုင်းကျမွမ်းမံတည်ဆောက်ခဲ့သဖြင့် သုံးနှစ်ကြာမြင့်ခဲ့ပြီး သက္ကရာဇ် ၁၂၃၈ ခုနှစ်တွင်မှ ပြီးစီးခဲ့သည်။ ၁၉၀၇ ခုနှစ်တွင်ထုတ်ပြန်သည့် အိန္ဒိယနိုင်ငံ ရှေးဟောင်းသုတေသနအစီရင်ခံစာ (ASI 1907)တွင် မြောက်စလင်းကျောင်းကို ၁၈၇၆ ခုနှစ်တွင် တည်ဆောက်ပြီးစီးကြောင်း ဖော်ပြခဲ့သည်။

မြောက်စလင်းကျောင်းတော်ကြီးကို သက္ကရာဇ် ၁၂၄၀ ပြည့်နှစ်တွင် စလင်းမင်းသမီးကိုယ်တိုင် ရေစက်ချလှူဒါန်းခဲ့ကြောင်း သမိုင်းသုတေသီ ဆရာဉာဏ်လင်းတင့်က ရေးသားခဲ့ရာ သီလရှင်ဝတ်ဖြင့် ရေစက်သွန်းချခဲ့သည်ဟု ခန့်မှန်းရပေသည်။ စလင်းမင်းသမီးသည် သူ၏ ကျောင်းတော်ကြီးကို မြောက်ပြင်စလင်းဆရာတော် အရှင်ဝရစက္က မေဓာဘိဝံသကို တင်လှူတော်မူခဲ့သည်။ ကျောင်းရေစက်ချလှူဒါန်းချိန်တွင် မင်းတုန်းမင်းသည် မကျန်းမမာဖြစ်နေသောကြောင့် နန်းတွင်းမှပင် အာရုံယူရေစက်သွန်းချခဲ့ရပေသည်။

မြောက်စလင်းကျောင်းတော်သည် ရွှေနန်းတော်ကျောင်းကို မျက်နှာမူထားကာ ကျောင်း၏ပြာသာဒ်ဆောင်ကို ဘုံခုနစ်ဆင့်ထားရှိပြီး စုလစ်မွမ်းချွန်၊ တုရင်များဖြင့် တန်ဆာဆင်ခဲ့သည်။ ဆောင်မကြီးသည် လည်ပေါ်သုံးဆင့်ခံ ဇေတဝန်ဆောင်ဖြစ်၍ ဘောဂဆောင်ကိုပါ ထည့်သွင်းတည်ဆောက်ထားသဖြင့် တော်ဝင်ဘုန်းကြီးကျောင်း တစ်ကျောင်း၏ လက္ခဏာများဖြင့် ပြည့်စုံနေသည်။

ကျောင်းအဆောက်အအုံတစ်ခုလုံးတွင် ကျွန်းတိုင်လုံး ၂၇၀ ရှိ၍ တစ်ကျောင်းလုံးကို အနုစိတ်လက်ရာများဖြင့် အလှဆင်ထားသည်။ သရက်ကင်းလှေကားရှစ်စင်းတပ်ဆင်ထားသည့် မြောက်စလင်းကျောင်းသည် လွန်စွာခမ်းနားထည်ဝါခဲ့ကာ အဆောက်အအုံအတွင်း၊ အပြင်၌ ပန်းပုရုပ်များကို တပ်ဆင်ခဲ့သည်။

မြောက်စလင်းကျောင်းသို့ရောက်ရှိပြီး ကျောင်း၏ ခမ်းနားမှုများကို ရေးသားခဲ့သည့် စကော့အွန်ကွန်နားက “စံကျောင်း၏ မလှမ်းမကမ်းတွင် စလင်းကျောင်းတိုက်ရှိသည်။ ငြိမ်းချမ်းသောနေရာတစ်ခုဖြစ်၍ တစ်ဖက်တွင်မြင်းပြိုင်ကွင်းရှိပြီး အခြားတစ်ဖက်တွင် ဗြိတိသျှတို့၏သေနတ်ပစ်ကွင်းရှိသည်”ဟု အစချီကာ ကျောင်းထိုင်ဆရာတော်ကြီး အကြောင်းကိုပါ ရေးသားခဲ့သည်။

မြောက်စလင်းကျောင်းဆရာတော်ကို အင်္ဂလိပ်စစ်တပ်များ၏ စစ်ဦးစီးချုပ် လော့ဒ်ရောဘတ်က မကြာခဏ လာရောက်ဖူးမြော်လေ့ရှိခဲ့ကာ အင်္ဂလိပ်တို့သည် အသက်အရွယ်ကြီးရင့်ပြီဖြစ်သော ဆရာတော်ကြီးနှင့် သူဂုဏ်ယူသည့် လုပသည့်သူ့ကျောင်းကို ကောင်းစွာဂရုစိုက်ကြမည်ဟု မျှော်လင့်ကြောင်း ရေးထားသည့်စာကို ဆရာတော်ကြီးအား ပေးအပ်ခဲ့သည်။ ထိုစာကို မြောက်စလင်းကျောင်းဆရာတော်ကြီးက စကော့အွန်ကွန်နားကျောင်းသို့လာရောက်စဉ် ထုတ်ပြခဲ့ကြောင်း စကော့အွန်ကွန်နားက သူ၏စာအုပ်တွင် ရေးသားခဲ့သည်။

ဆက်လက်၍ “ကျောင်းတွင်စီရင်ထားသည့် အရုပ်များသည် ခြွင်းချက်မရှိအောင်ကောင်းမွန်ကာ မန္တလေးတွင် တော်ဝင်မိသားစုများတည်ဆောက်ခဲ့သည့် အခြားဘုန်းကြီးကျောင်းများအားလုံးနီးပါးနှင့် ကွဲပြား၍ ကျောင်းအဆောက်အအုံကို ရွှေပိန်းချထားခြင်းမရှိချေ။ စလင်းကျောင်းသည် မြန်မာနိုင်ငံတွင် အလှပဆုံးကျောင်းဖြစ်သည်”ဟု ရေးသားမှတ်တမ်းတင်ခဲ့သည်။

သို့သော် ဆရာကြီးနတ်မောက်ထွန်းရှိန်က မြန်မာ့ယဉ်ကျေးမှု မြန်မာ့ရှေးဟောင်းဘုန်းတော်ကြီးကျောင်းများစာအုပ်တွင် စလင်းကျောင်းကို ရွှေပိန်းများချထားကြောင်း ရေးသားဖော်ပြထားရာ စကော့အွန်ကွန်နားစာအုပ်ထုတ်ဝေချိန်သည် ကျောင်းတည်ဆောက်ပြီးစီးချိန် ၁၈၇၈ ခုနှစ်မှ ၂၉ နှစ်အကြာ ၁၉၀၇ ခုနှစ်ဖြစ်သဖြင့် စလင်းကျောင်းသို့ စကော့အွန်ကွန်နားရောက်ရှိချိန်တွင် ရွှေပိန်းများကွာကျခဲ့ပြီလောတွေးဖွယ်ဖြစ်ပေသည်။

ကုန်းဘောင်ခေတ်နှောင်းပိုင်း ရတနာပုံခေတ်တွင် ပြည်တွင်းပြည်ပမှ လေးစားချီးကျူးခဲ့ရသည့် မြန်မာမှုဗိသုကာလက်ရာ သစ်သားကျောင်း တစ်ခုဖြစ်ခဲ့သည့် မြောက်စလင်းကျောင်းအဆောက်အအုံသည် ၁၃၀၆ ခုနှစ် တပေါင်းလပြည့်ကျော် ၁၅ ရက် (၁၉၄၅ ခုနှစ် မတ် ၁၂ ရက်)တွင် မီးလောင်ပျက်စီးသွားခဲ့ရာ မည်သို့မျှအစားမထိုးနိုင်သည့် မြန်မာ့ဗိသုကာလက်ရာယဉ်ကျေးမှုအမွေအနှစ်တစ်ခုဆုံးရှုံးမှုအဖြစ် သမိုင်းတင်ခဲ့ပေသည်။


**ကိုးကား**

- **ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး (ဦးမောင်မောင်တင်)**
- **မြန်မာမှုအဆင်တန်ဆာများနှင့် ဘုန်းတော်ကြီးကျောင်းများ(မောင်ယဉ်လှိုင်၊ ပျဉ်းမငြိမ်)**
- **သမိုင်းထဲကမန္တလေး မန္တလေးထဲကသမိုင်း (မြသန်းတင့်)**

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ကျောင်းအပ်နံ့ကြစို့

- ပန်းကလေးများ ပွင့်စေရာ
ရေလောင်းပေါင်းသင်ပြုသည့်ပမာ။

- အနာဂတ်တွင် သမီးသား
ပညာတတ်သိလိမ္မာအား။

- ရှိငြားစေရေး တွက်မသေ့
ကျောင်းအပ်နံ့ခြင်းပြုစို့လေ။

- ကျောင်းစာတွေကို သင်ယူမှ
ပညာတတ်သူဖြစ်မည်ပ။

- မျက်မှောက်ကာလ အချိန်ခါ
နည်းပညာခေတ်ဆိုဖွယ်ပါ။

- တိုးတက်လာသည့် နည်းပညာများ
ရေတွက်မကုန်အောင်များပြား။

- ထိုပညာများ လွယ်တကူ
လေ့လာတတ်မြောက်လိုပါမူ။

- ကျောင်းစာသင်ယူ အောင်မြင်မှ
ရရှိမသွေထူးချွန်လှ။

- ရင်သွေးတို့ဘဝ အနာဂတ်မှာ
ပညာပန်းနှင့်တင့်ဆန်းစွာ။

- ရပ်တည်ကာ နေထိုင်နိုင်ရေး
ကျောင်းအပ်နံ့ခြင်းပြုစို့လေး။ ။

**အညာဇင်ယော်**

# ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ မေ ၁၇ ရက်ထိ တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်းက ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၇၆၃ သန်းဖိုးဆောင်ရွက်နိုင်ခဲ့

**နေပြည်တော် မေ ၂၈**

ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ မေ ၁၇ ရက်ထိ တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်းက ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၇၆၃ သန်းဖိုးဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ သိရသည်။



တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်းသည် ယခုဘဏ္ဍာနှစ်တွင် ဧပြီ ၁ ရက်မှ မေ ၁၇ ရက်ထိ ပို့ကုန်အနေဖြင့် အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၁၀၄ သန်း၊ သွင်းကုန်အနေဖြင့် အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၆၅၉ သန်း စုစုပေါင်းကုန်သွယ်မှုပမာဏအမေရိကန်ဒေါ်လာ ၃၀ ဒသမ ၇၆၃ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ပြီး ကုန်သွယ်ရေးပိုငွေ အမေရိကန်ဒေါ်လာ ၅ ဒသမ ၄၄၅ သန်းရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်းအနေဖြင့် ပို့ကုန်ကဏ္ဍ၌ လယ်ယာထွက်ကုန်ပစ္စည်းအုပ်စုမှ ပြောင်း၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စက်မှုကုန်ချောပစ္စည်းအုပ်စုမှ စက္ကူများကို အများဆုံးတင်ပို့ရောင်းချပေးခဲ့ပြီး သွင်းကုန်ကဏ္ဍမှ စက်သုံးဆီ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးသုံး ပစ္စည်းများ၊ မော်တော်ယာဉ်နှင့်မော်တော်ယာဉ်အပိုပစ္စည်းများ၊ ဓာတုဗေဒပစ္စည်းများ၊ သဘောဆေးနှင့်ပေါလစ်များ၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ မီးဖိုချောင်သုံး ပစ္စည်းများကို အများဆုံး တင်သွင်းခဲ့ကြောင်း သိရသည်။

တာချီလိတ်နယ်စပ်ကုန်သွယ်ရေးစခန်းသည် မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးစခန်း ခြောက်ခုအနက် ကုန်သွယ်မှုပမာဏ ပုံမှန်ဆောင်ရွက်ကာ ကုန်သွယ်မှုပိုငွေရရှိအောင် ဆောင်ရွက်နိုင်သည့် နယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခုဖြစ်ကြောင်း၊ ယခုဘဏ္ဍာနှစ် ဧပြီလတွင်ပို့ကုန်အနေဖြင့် အမေရိကန်ဒေါ်လာ ၈ ဒသမ ၈၇၇ သန်း၊ သွင်းကုန်အနေဖြင့် အမေရိကန်ဒေါ်လာ ၇ ဒသမ ၃၁၇ သန်း စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၁၉၄ သန်းဖိုးဆောင်ရွက်နိုင်ခဲ့ပြီး ကုန်သွယ်ရေးပိုငွေအမေရိကန်ဒေါ်လာ ၁ ဒသမ ၅၆ သန်းရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

SKL

# ညောင်တုန်းမြို့နယ်တွင် အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်းဆင်း

**ညောင်တုန်း မေ ၂၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနကဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်းဆင်းပွဲကို မေ ၂၇ ရက် မွန်းလွဲ ၂ နာရီက အဆိုပါဦးစီးဌာနရုံးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မအူပင်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကျော်ဦး၊ ညောင်တုန်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးဇော်လွင်တို့က အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ဦးစီးမှူး ဦးကျော်လင်းနိုင်က ကျေးလက်နေပြည်သူများ တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေတိုးပြီး အလုပ်အကိုင်ရရှိစေရေးအတွက် အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်းကိုဖွင့်လှစ်ပို့ချခြင်းဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် လက်တွေ့နယ်ပယ်တွင် မော်တော်ဆိုင်ကယ်ပြုပြင်သည့်ပညာဖြင့် မိသားစုစီးပွားရေးကို အထောက်အပံ့ပေးနိုင်အောင် ကြိုးစားသွားကြရန် ပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် မအူပင်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ကျော်ဦးနှင့်တာဝန်ရှိသူများက သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ၊ သင်တန်းတွင် ထူးချွန်သည့် သင်တန်းသားများအား သင်တန်းထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါသင်တန်းသို့ မြို့နယ်အတွင်းရှိ ကျေးရွာလေးရွာမှ သင်တန်းသား ဦးရေ ၃၀ တက်ရောက်ခဲ့ပြီး သင်တန်းကို မေ ၈ ရက်မှ မေ ၂၇ ရက်ထိ ရက် ၂၀ ကြာ ကျွမ်းကျင်သင်တန်းနည်းပြများက စာတွေ့၊ လက်တွေ့အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရပါသည်။

**တေဇာလင်း**

# ကြို့ပင်ကောက်မြို့နယ် လက်ပံပင်စုကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ကြို့ပင်ကောက် မေ ၂၈**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လက်ပံပင်စုကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်က ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းလုပ်ငန်းစဉ်များ၊ စီမံကိန်းမူဘောင်များ၊ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများက ဦးစားပေးဆောင်ရွက်လိုသောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြရာ တာဝန်ရှိသူများက လိုအပ်သည်များ ရှင်းလင်းပြောကြားပြီး ကျေးရွာနေပြည်သူများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ၁၁ ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ လက်ပံပင်စုကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာနေပြည်သူများ၏ လုပ်အား၊ ငွေအားထည့်ဝင်မှုဖြင့် ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ကျေးရွာ၏ အဓိကလိုအပ်ချက်များပါဝင်သော ဖွံ့ဖြိုးရေးစီမံချက်များရေးဆွဲပြီး စီမံချက်ပါ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးအလိုက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာများပံ့ပိုးကာ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်ထံမှ သိရသည်။

**သူသူငြိမ်း**

# နိုင်ငံတကာ သတင်းများ

## ဥဇဘက်ကစ္စတန်၌ နျူကလီးယားစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ ရုရှားတည်ဆောက်မည်

**မော်စကို မေ ၂၈**

ရုရှားနိုင်ငံသည် ဥဇဘက်ကစ္စတန်နိုင်ငံ၌ အသေးစား နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ရုံကို တည်ဆောက်ရန်စီစဉ်ထားကြောင်း ယနေ့ သတင်းများအရ သိရသည်။

ဥဇဘက်ကစ္စတန်၌ ရုရှားနိုင်ငံက အသေးစားနျူကလီးယား ဓာတ်အားပေးစက်ရုံ တည်ဆောက်ပေးမည့်အစီအစဉ်ကို ဥဇဘက်ကစ္စတန်သမ္မတ ရှာဗကတ်မီရာဇီယိုယက်ဗ်က အတည်ပြုပြောကြားထားကြောင်း သိရသည်။

အဆိုပါနျူကလီးယားဓာတ်အားပေးစက်ရုံစီမံကိန်းသည် ဗဟိုအာရှဒေသ၌ ဆိုဗီယက်ခေတ်လွန်ကာလတွင် ရုရှားနိုင်ငံက ပထမဆုံး အကောင်အထည်ဖော်မည့် နျူကလီးယား စွမ်းအင်စီမံကိန်းဖြစ်သည်။

အဆိုပါစီမံကိန်းသဘောတူညီချက်သည် အနောက်အုပ်စု၏ အရေးယူပိတ်ဆို့မှုများနှင့် ရင်ဆိုင်နေရချိန်တွင် ရုရှားနိုင်ငံစွမ်းအင်ကို တင်ပို့နိုင်စွမ်းရှိရုံသာမက အာရှဈေးကွက်သစ်များသို့ အဆင့်မြင့်နည်းပညာထုတ်ကုန်များ တင်ပို့နိုင်စွမ်းအား ပြသလျက်ရှိသည်။

ဥဇဘက်ကစ္စတန်နိုင်ငံ၌ တည်ဆောက်မည့် နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်းအတွက် ရုရှားနိုင်ငံက အမေရိကန်ဒေါ်လာ သန်း ၄၀၀ ထိ ထည့်ဝင် မြှုပ်နှံမည်ဖြစ်ကြောင်း သိရသည်။

ရုရှားနှင့် ဥဇဘက်ကစ္စတန်တို့သည် အဆိုပါနျူကလီးယားစွမ်းအင် စီမံကိန်းသဘောတူညီချက်ကို ရုရှားသမ္မတပူတင်၏ ဥဇဘက်ကစ္စတန် ခရီးစဉ်အတွင်း ရယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## ယူအေအီးသမ္မတ အယ်လ်နာယန် တောင်ကိုရီးယားနိုင်ငံသို့ ရောက်ရှိ



**ဆိုးလ် မေ ၂၈**

အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)သမ္မတ ရှိတ်ခ်မိုဟမ်မက်ဘင်ဇာယက် အယ်လ်နာယန်သည် ယနေ့တွင် တောင်ကိုရီးယားနိုင်ငံသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

ယူအေအီးသမ္မတ အယ်လ်နာယန်လိုက်ပါလာသော လေယာဉ်ကို ဆိုးလ်မြို့လေဆိပ်သို့မဆင်းသက်မီ တောင်ကိုရီးယားလေတပ်မှ တိုက်လေယာဉ်လေးစင်းတို့က ဆီးကြိုဂုဏ်ပြုခဲ့သည်။

ယနေ့ခရီးစဉ်သည် ယူအေအီးသမ္မတ အယ်လ်နာယန်အတွက် ပထမဆုံးတောင်ကိုရီးယားခရီးစဉ်ဖြစ်သည်။

ထို့ပြင် တောင်ကိုရီးယားသမ္မတ ယွန်ဆွတ်ယိုးကိုယ်တိုင်သည်လည်း ယူအေအီးနိုင်ငံသို့ ပြီးခဲ့သည့်နှစ်စပိုင်း၌ သွားရောက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

တောင်ကိုရီးယား ခရီးစဉ်အတွင်း ယူအေအီးသမ္မတ အယ်လ်နာယန်သည် တောင်ကိုရီးယားသမ္မတ ယွန်ဆွတ်ယိုးနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

တောင်ကိုရီးယားသမ္မတ ယွန်ဆွတ်ယိုးနှင့်တွေ့ဆုံစဉ် ယူအေအီးနှင့် တောင်ကိုရီးယားတို့အကြား ကာကွယ်ရေး၊စက်မှုလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများနှင့် စွမ်းအင်နယ်ပယ်များ၌ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးမည်ဖြစ်သည်။

ယူအေအီးနိုင်ငံသည် ကမ္ဘာပေါ်တွင် လက်နက်ခဲယမ်းအများဆုံးတင်သွင်းနေသော နိုင်ငံများထဲတွင် တစ်နိုင်ငံအပါအဝင်ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## အစ္စရေးတင့်ကားများ ရာဖာမြို့လယ်သို့ ရောက်ရှိ

**ရာဖာ မေ ၂၈**

ဂါဇာကမ်းမြောင် တောင်ပိုင်း ရာဖာမြို့လယ်သို့ ယနေ့တွင် အစ္စရေးတင့်ကားများရောက်ရှိလာပြီဖြစ်ကြောင်း ပါလက်စတိုင်းဒေသခံများက ပြောကြားခဲ့ကြောင်း သိရသည်။

ရာဖာမြို့တွင်ပြုလုပ်နေသည့် အစ္စရေးစစ်ဘက်၏မြေပြင်ထိုးစစ်များ ရက်သတ္တသုံးပတ်အတွင်း ဝင်ရောက်လာချိန်၌ အစ္စရေးတင့်ကားများ ရာဖာမြို့လယ်သို့ရောက်ရှိလာခြင်းဖြစ်သည်။

ရာဖာမြို့လယ်သို့ အစ္စရေးတင့်ကားများရောက်ရှိလာမှုကို အစ္စရေးစစ်ဘက်က အတည်ပြုထားခြင်း မရှိသေးကြောင်း သိရသည်။

သို့ရာတွင် ရာဖာမြို့စစ်ဆင်ရေးများကိုစီစဉ်ထားသည့်အတိုင်း ဆက်လက် လုပ်ဆောင်မည်ဖြစ်ကြောင်း အစ္စရေးစစ်ဘက်ကသတင်းထုတ်ပြန်ထားသည်။

အစ္စရေး၏ မေ ၂၆ ရက် လေကြောင်းတိုက်ခိုက်မှုကြောင့် ရာဖာမြို့ရှိ ပါလက်စတိုင်းဒုက္ခသည်စခန်း မီးလောင်ကျွမ်းခဲ့ရပြီး လူ ၄၅ ဦး သေဆုံးခဲ့ရသည့်အတွက် နိုင်ငံတကာက ဝေဖန်နေချိန်တွင် အစ္စရေးတင့်ကားများ ရာဖာမြို့လယ်သို့ ရောက်ရှိလာခြင်းဖြစ်သည်။

အစ္စရေးနိုင်ငံသည် ဂါဇာအခြေစိုက် ဟားမတ်စ်အုပ်စုက ပြီးခဲ့သည့်နှစ် အောက်တိုဘာ ၇ ရက်တွင် အစ္စရေးတောင်ပိုင်းမြို့များသို့ ဝင်ရောက် တိုက်ခိုက်ခဲ့ပြီးနောက် ဂါဇာကမ်းမြောင်ကို စစ်ရေးအရ အပြင်းအထန် စတင်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**



## ထိုင်းအစိုးရက ခရီးသွားလုပ်ငန်းပြန်လည်ဦးမော့လာရေးအတွက် ပြည်ပခရီးသည်များကို ရက်ရှည်ဗီဇာဖြင့် ဝင်ခွင့်ပေးရန် စီစဉ်

**ဗန်ကောက် မေ ၂၈**



ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာရေးအတွက် ပြည်ပခရီးသည်များ၊ ဘွဲ့လွန်ကျောင်းသားများနှင့် နေရပ်ကွာဝေးလှသည့် အလုပ်သမားများအတွက် ရက်ရှည်ဗီဇာဖြင့်နေထိုင်ခွင့်ပေးရန် ထိုင်းအစိုးရက စီစဉ်ထားကြောင်းယနေ့သတင်းများတွင် ရေးသားဖော်ပြထားကြောင်း သိရသည်။

ထို့ပြင် အငြိမ်းစားဝန်ထမ်းများအတွက်လည်း ဗီဇာခံစားခွင့်များကို ပေးရန် ထိုင်းအစိုးရက စီစဉ်ထားကြောင်း သိရသည်။

လာမည့် ဇွန်လမှစတင်၍ ထိုင်းနိုင်ငံအနေဖြင့် နိုင်ငံပေါင်း ၉၃ နိုင်ငံတို့မှ ခရီးသည်များကို ရက်ပေါင်း ၆၀ သက်တမ်းရှိ ရက်ရှည်ဗီဇာဖြင့် ထိုင်းနိုင်ငံသို့ လာရောက်ခွင့်ပေးမည်ဖြစ်ကြောင်း ထိုင်းအစိုးရပြောရေးဆိုခွင့်ရှိသူက ပြောကြားထားသည်။

လက်ရှိအချိန်တွင် ထိုင်းအစိုးရသည် နိုင်ငံပေါင်း ၅၇ နိုင်ငံတို့မှ ခရီးသည်များကိုသာ ရက်ရှည်ဗီဇာဖြင့် ဝင်ရောက်ခွင့်ပေးထားခြင်းဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းတုံ့နှေးနေချိန်တွင် ခရီးသွားလုပ်ငန်း အားကောင်းရေးအတွက် ပြည်ပခရီးသည်များနှင့် ဘွဲ့လွန်ကျောင်းသားများကို ရက်ရှည်ဗီဇာခံစားခွင့်ပေးရန် စီစဉ်ထားခြင်းဖြစ်သည်။

ထိုင်းအစိုးရသည် ထိုင်းနိုင်ငံ၌ ဘွဲ့ယူသင်တန်းများ တက်ရောက်မည့် ကျောင်းသားများအတွက်လည်း ဗီဇာသက်တမ်းကို တစ်နှစ်ထပ်တိုးပေးရန် စီစဉ်ထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း၌ ကျောက်တွင်းပြိုကျမှုဖြစ်ပွား အလုပ်သမား ၁၃ ဦးသေဆုံးပြီး ၁၆ ဦးပျောက်ဆုံးနေ

**ဒေလီ မေ ၂၈**

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း၌ ယနေ့ ကျောက်တွင်းတစ်တွင်း ပြိုကျခဲ့ရာ ကျောက်တွင်းအလုပ်သမား ၁၃ ဦးသေဆုံးခဲ့ပြီး ၁၆ ဦး ပျောက်ဆုံးနေကြောင်း သိရသည်။

အပူပိုင်းမုန်တိုင်းတစ်ခု တိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာရွာသွန်းနေချိန်တွင် ကျောက်တွင်းပြိုကျခဲ့ခြင်းဖြစ်ကြောင်း အိန္ဒိယတာဝန်ရှိသူများက ပြောကြားသည်။

မိုးရွာသွန်းမှုကြောင့် ပြိုကျခဲ့ရသည့် ကျောက်တွင်းသည် မီဇိုရမ်ပြည်နယ်၏မြို့တော် အိုင်ဇောနှင့် ခြောက်ကီလိုမီတာအကွာခန့်တွင် တည်ရှိသည်။

ကျောက်တွင်းပြိုကျခဲ့ပြီးနောက် ရှာဖွေကယ်ဆယ်ရေးသမားများက သေဆုံးသူအလုပ်သမား ၁၃ ဦးတို့၏ ရုပ်အလောင်းများကိုရှာဖွေတွေ့ရှိခဲ့ပြီး အလုပ်သမားနှစ်ဦးကို အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့ကြောင်း အိန္ဒိယတာဝန်ရှိသူများက ပြောကြားထားသည်။


လက်ရှိအချိန်တွင် ပျောက်ဆုံးနေသောအလုပ်သမား ၁၆ ဦးကို ရှာဖွေကယ်ဆယ်ရေး သမားများက ရှာဖွေနေကြဆဲဖြစ်သည်။

မီဇိုရမ်ပြည်နယ်သည် ကားလမ်း၊ အဆောက်အအုံတည်ဆောက်ရေး လုပ်ငန်းများအတွက် ကုန်ကြမ်းများ ထုတ်လုပ်ပေးနေသည့် ကျောက်တွင်း အများအပြားတည်ရှိသည့် ပြည်နယ်ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## တရုတ်နိုင်ငံ၏အကြိမ်ကြိမ်ပြန်လည်အသုံးပြုနိုင်သည့် အာကာသယာဉ်ပျံက တတိယမြောက်မစ်ရှင်တွင် အရာဝတ္ထုတစ်ခုကို ကမ္ဘာပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးခဲ့



**ပေကျင်း မေ ၂၈**

တရုတ်နိုင်ငံ၏ အကြိမ်ကြိမ်ပြန်လည်အသုံးပြုနိုင်သည့် အာကာသယာဉ်ပျံက ၎င်း၏ တတိယမြောက်မစ်ရှင်တွင် အမျိုးအမည်မသိ အရာဝတ္ထုတစ်ခုကို ကမ္ဘာပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးခဲ့ကြောင်း မေ ၂၇ ရက်သတင်းများအရ သိရသည်။

တရုတ်အာကာသယာဉ်ပျံက ကမ္ဘာပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးခဲ့သော အရာဝတ္ထုကို ၈၉၈၈၄ ဟူ၍ အမေရိကန်အာကာသတပ်ဖွဲ့က အမည်ပေးထားသည်။

တရုတ်အာကာသယာဉ်ပျံသည် မေ ၂၄ ရက်တွင် အထက်ပါ အမျိုးအမည်မသိ အရာဝတ္ထုကို ကမ္ဘာပတ်လမ်းပေါ်သို့ ပို့ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ၎င်း၏ လျှို့ဝှက် အာကာသယာဉ်ပျံကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်က ပင် လောင်းမတ်ချ်-၂ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံ၏ လျှို့ဝှက်အာကာသယာဉ်ပျံသည် အမေရိကန်နိုင်ငံ၏ အိတ်စ်-၃၇ ဘီ အာကာသယာဉ်ပျံနှင့် စွမ်းဆောင်ရည်ချင်းတူနိုင်ဖွယ်ရှိကြောင်း လေ့လာသူများက သုံးသပ်ထားသည်။

တရုတ်နိုင်ငံသည် အဆိုပါ လျှို့ဝှက် အာကာသယာဉ်ပျံကို ၂၀၂၀ ပြည့်နှစ်တွင် ပထမဆုံးအကြိမ်အဖြစ် လွှတ်တင်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## ယခုနှစ် ဆောင်းရာသီကာလအတွင်း Tsuchinshan-ATLAS ကြယ်တံခွန် ကမ္ဘာမြေကိုအနီးကပ်ဖြတ်သန်းစဉ် သာမန်မျက်စိဖြင့် တွေ့မြင်နိုင်ဖွယ်ရှိ

**ပေကျင်း မေ ၂၈**

ယခုနှစ် ဆောင်းရာသီကာလအတွင်း Tsuchinshan-ATLAS အမည်ရှိ ကြယ်တံခွန် ကမ္ဘာမြေကို အနီးကပ်ဖြတ်သန်းစဉ် သာမန်မျက်စိဖြင့် တွေ့မြင်နိုင်ဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များ၏ အဆိုကို ကိုးကား၍ မေ ၂၇ ရက် သတင်းများအရ သိရသည်။

Tsuchinshan-ATLAS ကြယ်တံခွန်သည် ယခုနှစ် ဆောင်းရာသီကာလအတွင်း ကမ္ဘာမြေကို အနီးကပ် ဖြတ်သန်းမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာမြေကို အနီးကပ်ဖြတ်သန်းချိန်တွင် Tsuchinshan-ATLAS ကြယ်တံခွန်၏ အလင်းအားသည် သောကြာဂြိုဟ်၏ အလင်းအားတမျှ အားကောင်းလာမည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါကြယ်တံခွန်ကို တရုတ်သိပ္ပံပညာရှင်များက နန်ကျင်းမြို့ အရှေ့ပိုင်းတွင်တည်ရှိသော ပါပဲလ်မောင်တိန်ရေဒီယိုတယ်လီစကုပ်၏ အကူအညီဖြင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။



အဆိုပါကြယ်တံခွန်သည် ယခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် ကမ္ဘာမြေကိုအနီးဆုံးမှတ်မှ တစ်ဆင့် ဖြတ်ကျော်ပျံသန်းမည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။


လက်ရှိအချိန်တွင် ၎င်းကြယ်တံခွန်သည် အင်္ဂါဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်ကြားတွင် ရှိနေကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## အာကာသရာသီဥတုလေ့လာရေးအာကာသယာဉ်သစ်ကို အဲဘတ်စ်ကုမ္ပဏီက တည်ဆောက်ပေးမည်

**ပဲရစ် မေ ၂၈**

ဥရောပအာကာသအေဂျင်စီ၏ အာကာသရာသီဥတုလေ့လာရေး အာကာသယာဉ်သစ်ကို အဲဘတ်စ်ကုမ္ပဏီက တည်ဆောက်ပေးမည်ဖြစ်ကြောင်း မေ ၂၇ ရက်သတင်းများအရ သိရသည်။



Vigil အမည်ရှိ အဆိုပါ အာကာသယာဉ်သစ်ကို အဲဘတ်စ်ကုမ္ပဏီက ဗြိတိန်နိုင်ငံ၌ တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

ဥရောပအာကာသအေဂျင်စီသည် အမေရိကန်ဒေါ်လာ ၃၆၃ သန်းတန်ဖိုးရှိ Vigil အာကာသယာဉ်ကို ၂၀၃၁ ခုနှစ်တွင် လွှတ်တင်ရန် စီစဉ်ထားသည်။

လွှတ်တင်ပြီးချိန်တွင် Vigil အာကာသယာဉ်သည် ကမ္ဘာဂြိုဟ်နှင့် မိုင်ပေါင်း ၁၉ သန်းခန့်အကွာတွင် နေရာယူ၍ အာကာသရာသီဥတုကို လေ့လာမည်ဖြစ်ကြောင်း သိရသည်။

Vigil အာကာသယာဉ်သည် နေမျက်နှာပြင်စွမ်းအင်လှုပ်ရှားမှုဖြစ်စဉ်များအတွက် ကြိုတင်သတိပေးချက်များ ပေးပို့လိမ့်မည်ဖြစ်ကြောင်း ဥရောပအာကာသအေဂျင်စီ တာဝန်ရှိသူများက ပြောကြားသည်။

Vigil အာကာသယာဉ်သည် သိပ္ပံပညာ စူးစမ်းလေ့လာရေးစနစ်ခြောက်မျိုးကို သယ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

# HEALTH

## ဆေးမင်ကြောင်ထိုးနှံမှုက ပြန်ရည်ကျိတ်ကင်ဆာရောဂါ ဖြစ်နိုင်ခြေမြင့်မားနိုင်မှုနှင့်ဆက်စပ်နေ

**စတော့ဟုမ်း မေ ၂၈**

ဆေးမင်ကြောင် ထိုးနှံမှုသည် လင်ဖိုးမားကင်ဆာ (Lymphoma) ခေါ် ပြန်ရည်ကျိတ်ကင်ဆာရောဂါဖြစ်နိုင်ခြေ မြင့်မားလာနိုင်မှုနှင့်ဆက်စပ်နေနိုင်ကြောင်း မေ ၂၇ ရက် သတင်းများအရ သိရသည်။

ဆွီဒင်နိုင်ငံ လန်းတက္ကသိုလ်မှ သုတေသနပညာရှင်များသည် ပြန်ရည်ကျိတ်ကင်ဆာရောဂါနှင့် ဆေးမင်ကြောင်ထိုးနှံမှုတို့ကြား ဆက်စပ်မှုရှိ၊ မရှိ ဖော်ထုတ်ရေးအတွက် လူပေါင်း ၁၁၉၀၅ ဦးတို့ကိုလေ့လာခဲ့ကြသည်။

လေ့လာမှုတွင် ပါဝင်သူများအနက် ၂၉၃၈ ဦးတို့မှာ အသက် ၂၀ နှင့် ၆၀ ကြားတွင် ပြန်ရည်ကျိတ်ကင်ဆာရောဂါခံစားခဲ့ရသူများဖြစ်သည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ဆေးမင်ကြောင် ထိုးထားသူများ၌ ပြန်ရည်ကျိတ်ကင်ဆာရောဂါ ဖြစ်နိုင်ခြေမှာ ဆေးမင်ကြောင် မထိုးထားသူများထက် ၂၁ ရာခိုင်နှုန်းပိုမြင့်မားသည်ကိုတွေ့ရကြောင်း ဆွီဒင်သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် ဆေးမင်ကြောင်ထိုးနှံမှုနှင့် ပြန်ရည်ကျိတ်ကင်ဆာရောဂါ ဖြစ်နိုင်ခြေမြင့်မားမှုတို့ကြား မည်သို့ဆက်စပ်နေသည်ကို သုတေသနပညာရှင်များက ရှင်းပြနိုင်မှု မရှိသေးကြောင်း သိရသည်။

မိမိတို့အနေဖြင့် ဆေးမင်ကြောင်ထိုးမှုနှင့် ပြန်ရည်ကျိတ်ကင်ဆာတို့ကြား ဆက်စပ်မှုကို ဖော်ထုတ်နိုင်ရေးအတွက် လေ့လာမှုများ ဆက်လုပ်ရန်လိုကြောင်း ဆွီဒင် သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**
**Trs : KKO**

## အူမကြီးကင်ဆာသွေးစစ်နည်း အသုံးပြုခွင့်ပေးရန် FDA အကြံပေးအဖွဲ့က အကြံပြုထား

**နယူးယောက် မေ ၂၈**

အူမကြီးကင်ဆာကို ရှာဖွေဖော်ထုတ် ပေးနိုင်ဖွယ်ရှိသည့် သွေးစစ်နည်းတစ်မျိုးကို အသုံးပြုခွင့်အတည်ပြုပေးရန် အမေရိကန်အစိုးရ အစားအစာနှင့် ဆေးဝါးလုံခြုံရေးအေဂျင်စီ (FDA) အကြံပေးအဖွဲ့က အကြံပြုထားကြောင်း မေ ၂၇ ရက် သတင်းများအရ သိရသည်။

အဆိုပါ သွေးစစ်နည်းကို ကယ်လီဖိုးနီးယားပြည်နယ် အခြေစိုက် Guardant Health ဇီဝနည်းပညာကုမ္ပဏီက ဖန်တီးထားခြင်းဖြစ်ကြောင်း သိရသည်။

Shield အမည်ရှိ အဆိုပါ သွေးစစ်နည်းကို သွေးအတွင်းရှိနေသော အူမကြီးကင်ဆာရှေ့ပြေးဇီဝ လက္ခဏာများကို ရှာဖွေရာတွင် အသုံးပြုနိုင်ကြောင်း Guardant Health ကုမ္ပဏီ တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ သွေးစစ်နည်းကို အသုံးပြုခွင့်ရရေးနှင့်ပတ်သက်၍ အကြံပြုချက်ကို FDA အကြံပေးအဖွဲ့က မဲခွဲဆုံးဖြတ်ခဲ့ရာ ထောက်ခံမဲ ရှစ်မဲ၊ ကန့်ကွက်မဲတစ်မဲဖြင့် အတည်ပြုနိုင်ခဲ့ကြောင်း သိရသည်။

လူနာ ၈၀၀၀ ခန့်တွင် ပြုလုပ်ခဲ့သော လက်တွေ့စမ်းသပ်မှုရလဒ်များအရ Shield သွေးစစ်နည်းသည် အူမကြီးကင်ဆာရောဂါကို ၈၃ ရာခိုင်နှုန်းထိ တိကျစွာဖော်ထုတ်ပေးနိုင်ကြောင်း သိရသည်။

FDA အကြံပေးအဖွဲ့၏ Shield သွေးစစ်နည်းအကြံပြုချက်ကို FDA တာဝန်ရှိသူများက ထပ်မံစိစစ် သုံးသပ်ရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ဆော်ဒီပရိုလိဂ်ပြိုင်ပွဲ ဂိုးသွင်းအများဆုံးကစားသမားအဖြစ် စီရော်နယ်ဒို မှတ်တမ်းဝင်

**ရီယာ့ဒ် မေ ၂၈**

ဆော်ဒီပရိုလိဂ်ပြိုင်ပွဲနောက်ဆုံး ပွဲစဉ်တွင် အယ်နာဆာအသင်းက အယ်အီသီဟတ်အသင်းနှင့်တွေ့ဆုံခဲ့သည့်ပွဲစဉ်တွင် စီရော်နယ်ဒိုက အယ်နာဆာအသင်းအတွက် သွင်းဂိုး နှစ်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် သွင်းဂိုး ၃၅ ဂိုးဖြင့် ဂိုးသွင်းအများဆုံးကစားသမားဖြစ်လာခဲ့ပြီး လိဂ်သမိုင်းတွင် ဘောလုံးရာသီတစ်ခုအတွင်း ဂိုးသွင်းအများဆုံးစံချိန်ကို ရရှိခဲ့သည်။

အယ်နာဆာအသင်းက အယ်အီသီဟတ်အသင်းကို လေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည့် ပွဲစဉ်တွင် တိုက်စစ်မှူး စီရော်နယ်ဒိုက ပထမပိုင်းတွင် အသင်းအတွက် သွင်းဂိုး နှစ်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ယခုနှစ်ဘောလုံးရာသီတွင် သွင်းဂိုး ၃၅ ဂိုးထိရှိလာခဲ့ပြီး လိဂ်သမိုင်းတွင် ၂၀၁၈-၂၀၁၉ ဘောလုံးရာသီက သွင်းဂိုး ၃၄ ဂိုးဖြင့် ဂိုးသွင်းအများဆုံးကစားသမားအဖြစ် ရပ်တည်နေသည့် အယ်နာဆာအသင်း တိုက်စစ်မှူးဟောင်း ဟမ်ဒယ်လ်လာ၏စံချိန်ကို ကျော်ဖြတ်နိုင်ခဲ့သည်။

တိုက်စစ်မှူး စီရော်နယ်ဒိုသည် ယခုနှစ်ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲတွင် အသင်းအတွက် ၃၁ ပွဲ ပါဝင်ခဲ့ရာတွင် သွင်းဂိုး ၃၅ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၁ ကြိမ်ထိ ပြုလုပ်ခြေစွမ်းပြသ၍ တစ်ဦးချင်းအောင်မြင်မှုရယူနိုင်ခဲ့သော်လည်း အသင်းအနေဖြင့် ဘောလုံးရာသီကုန်ဆုံးချိန်တွင် ဆော်ဒီဖလား၊အေအက်စ်စီချန်ပီယံလိဂ်ဖလားတို့နှင့်လွဲချော်ခဲ့သည့်အပြင် အမှတ်ပေးပြိုင်ပွဲတွင်လည်း အဆင့်(၂)၌ ရပ်တည်နိုင်ခဲ့သည်။

အသက် ၃၉ နှစ်ရှိ စီရော်နယ်ဒိုသည် မန်ယူအသင်း၊ ရီးရဲလ်မက်ဒရစ်အသင်း၊ ဂျူဗင်တပ်အသင်းတို့တွင်ကစားခဲ့စဉ်က ဂိုးသွင်းအများဆုံးကစားသမားဆုရယူနိုင်ခဲ့သည့်အပြင် ဆော်ဒီပရိုလိဂ်တွင်လည်း အယ်နာဆာနှင့် ဂိုးသွင်းအများဆုံးဖြစ်လာခဲ့သဖြင့် မတူညီသည့်လိဂ်လေးခုတွင် ရွှေဖိနပ်ဆုရရှိခဲ့သည့် ပထမဆုံး ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**



## အားကစားသတင်းအတိုအထွာများ

- မန်ယူအသင်း တိုက်စစ်မှူး မာရှယ်က ဇွန်လကုန်တွင် အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သောကြောင့် အသင်းမှ ထွက်ခွာမည်ဖြစ်ကြောင်း တရားဝင်ပြောကြားခဲ့သည်။
- လာမည့် နွေရာသီတွင် ဂျူဗင်တပ်အသင်းမှ ထွက်ခွာမည့် တိုက်စစ်မှူး ချီဆာကို လီဗာပူးအသင်းက ခေါ်ယူရန် ကြိုးပမ်းနေပြီး ဘိုင်ယန်မြူးနစ်၊ အေစီမီလန်၊ နာပိုလီ၊ ရိုးမားတို့နှင့်အပြိုင်ကမ်းလှမ်းရမည်ဖြစ်ကြောင်း သိရသည်။
- ပီအက်စ်ဂျီအသင်းက ကွင်းလယ်ကစားသမား အူဂါတီကို ရောင်းချ၍ ဘိုင်ယန်မြူးနစ်အသင်းမှ ကီမစ်ချ်ကိုခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။
- ပရီးမီးယားလိဂ်သို့တန်းတက်လာသည့် ဆောက်သမ်တန်အသင်းမှ အာရီဘို၊ အမ်းစတောင်း၊ အယ်ကာရက်ဇ်၊ ဝေါ်လ်ကာပီတာ၊ ချီအဒမ်တို့ကို ပရီးမီးယားလိဂ်ကလပ်အသင်းများက ခေါ်ယူရန်အပြိုင်ကြိုးပမ်းလျက်ရှိသည်။ **ML**

# ဘွန်ဒက်လီဂါ Play-off ပြိုင်ပွဲတွင် ဘိုချမ်အသင်း ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရ



**ဘာလင် မေ ၂၈**

ဘွန်ဒက်လီဂါ Play-off ပွဲစဉ်အဖြစ်ကစားခဲ့သည့် ဒူဆယ်ဒေါ့အသင်းနှင့် ဘိုချမ်အသင်းတို့ပွဲစဉ်တွင် ဘိုချမ်အသင်းက ပင်နယ်တီအဆုံးအဖြတ်တွင် ခြောက်ဂိုး ငါးဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် ဘွန်ဒက်လီဂါတွင် ဆက်လက်ကစားခွင့်ရရှိခဲ့သည်။

အဆိုပါ Play-off ပွဲစဉ်ကို ဘွန်ဒက်လီဂါ အဆင့်(၁၆)မှ ဘိုချမ်အသင်းနှင့် ဘွန်ဒက်လီဂါ-၂ အဆင့်(၃)မှ ဒူဆယ်ဒေါ့အသင်းတို့ ယှဉ်ပြိုင်ခဲ့ရပြီး ပထမအကျော့တွင် ဒူဆယ်ဒေါ့အသင်းက အဝေးကွင်း၌ သုံးဂိုးပြတ် အနိုင်ရခဲ့သဖြင့် ဘွန်ဒက်လီဂါသို့ တက်ရောက်နိုင်သည့် အခွင့်အရေးများ ပိုင်ဆိုင်ခဲ့သော်လည်း ဒုတိယအကျော့တွင် ဘိုချမ်အသင်းက ပွဲစကတည်းက ဘောလုံးပိုင်ဆိုင်မှု အသာဖြင့် ဖိအားပေးနိုင်ခဲ့ရာ ပွဲချိန် ၁၈ မိနစ်တွင် ဟော့ဖ်မန်း၏ ဦးဆောင်ဂိုးဖြင့် ပထမပိုင်းတွင် တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ဒုတိယပိုင်းတွင်လည်း ဘိုချမ်အသင်းကသာ ဂိုးပြတ်အနိုင်ရရေး တိုက်စစ်မြှင့်တင်ခဲ့ရာ ပွဲချိန် ၆၆ မိနစ်တွင် ဟော့ဖ်မန်း၊ပွဲချိန် မိနစ် ၇၀ တွင် စတိုဂါကပင်နယ်တီမှတတိယ ဦးဆောင်ဂိုးသွင်းယူခဲ့သောကြောင့် နှစ်ကျော့ပေါင်းရလဒ် သုံးဂိုးစီဖြင့် အချိန်ပိုထပ်မံကစားခဲ့ရသည်။

အချိန်ပိုတွင်လည်း ဂိုးသွင်းယူနိုင်ခြင်းမရှိသဖြင့် ပင်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရပြီး ဘိုချမ်အသင်းက စတင် ကန်သွင်းခွင့်ရခဲ့ကာ ပင်နယ်တီခုနစ်ကြိမ်တွင် တစ်ကြိမ်သာ လွဲချော်ခဲ့သော်လည်း ဒူဆယ်ဒေါ့အသင်းက ပင်နယ်တီခုနစ်ကြိမ်တွင် နှစ်ကြိမ်လွဲချော်ခဲ့မှုကြောင့် ခြောက်ဂိုး ငါးဂိုးဖြင့်ရှုံးနိမ့်ခဲ့သည်။

ထို့ကြောင့် ဒူဆယ်ဒေါ့အသင်းအနေဖြင့် တန်းတက်ခွင့်နှင့်လွဲချော်ခဲ့ရပြီး လိဂ်-၂ တွင်ဆက်လက်ကစားရမည်ဖြစ်သလို ဒမ်စတက်အသင်းနှင့် ကိုလုံးအသင်းတို့ကလည်း ဘွန်ဒက်လီဂါမှလိဂ်-၂ သို့ တန်းဆင်းခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

# Diamond League ပြေးခုန်ပစ်အားကစားပြိုင်ပွဲတွင် ဗြိတိန်တာဝေး၊ တာလတ်အပြေးသမား ဂျို့ရှ်ကာ စံချိန်သစ်ရရှိ

**ယူဂျင်း မေ ၂၈**

အမေရိကန်နိုင်ငံ အိုရီဂွန်ပြည်နယ် ယူဂျင်းမြို့တွင် ကျင်းပခဲ့သော Diamond Leagueပြေးခုန်ပစ်အားကစားပြိုင်ပွဲ မီတာ ၁၅၀၀ အမျိုးသားအပြေးပြိုင်ပွဲတွင် ဗြိတိန်တာဝေး၊ တာလတ်အပြေးသမား ဂျို့ရှ်ကာက ၃ မိနစ် ၄၅ ဒသမ ၃၄ စက္ကန့်ဖြင့်ပန်းဝင်ခဲ့ပြီး ဗြိတိန်အပြေးလောက၏ အကောင်းဆုံး စံချိန်သစ်တစ်ရပ်ကို ရရှိခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြခဲ့သည်။

အသက် ၃၉ နှစ်ရှိ ဂျို့ရှ်ကာသည် ၁၉၈၅ ခုနှစ် နောက်ပိုင်း ဗြိတိန်အပြေးလောက၏ အကောင်းဆုံးစံချိန်သစ်တစ်ရပ်ကိုရရှိခဲ့ခြင်းဖြစ်ပြီး အသက် ၃၆ နှစ်ရှိ နော်ဝေပြေးခုန်ပစ်ကစားသမား ဂျာကော့ဘ်က ၃ မိနစ် ၄၅ ဒသမ ၆၀ စက္ကန့်ဖြင့် ဒုတိယနေရာမှ ပန်းဝင်နိုင်ခဲ့ပြီး အသက် ၃၇ နှစ်ရှိ အမေရိကန်ပြေးခုန်ပစ်ကစားသမား ယာရက်က ၃ မိနစ် ၄၆ ဒသမ ၂၂ စက္ကန့်ဖြင့် တတိယနေရာမှ အသီးသီးပန်းဝင်ခဲ့သည်။

လက်ရှိ မီတာ ၁၅၀၀ ၏ကမ္ဘာ့အကောင်းဆုံးစံချိန်မှာ ၃ မိနစ် ၃၄ စက္ကန့်ဖြစ်သည့်အတွက် ဂျို့ရှ်ကာအနေဖြင့် ကမ္ဘာ့စံချိန်ကိုရိုက်ချိုးနိုင်ရန်ပင်နီးစပ်ခဲ့သည်။

ဗြိတိန်ပြေးခုန်ပစ်ကစားသမားဖြစ်သည့် စတိဖ်ကရမ်က မီတာ ၁၅၀၀ တွင် ၄၆ ဒသမ ၃၂ စက္ကန့်ဖြင့် ဗြိတိန်စံချိန်တင်ထားသူဖြစ်ပြီး ယင်းစံချိန်ကို ဆယ်စုနှစ် လေးစုနီးပါးထိ ရိုက်ချိုးနိုင်သူပေါ်လာခဲ့ခြင်းမရှိဘဲ ယခုအခါ ဂျို့ရှ်ကာက နှစ်ပေါင်း ၄၀ နီးပါးအကြာမှအဆိုပါ စံချိန်ကို ရိုက်ချိုးနိုင်ခဲ့သည်။




ဂျို့ရှ်ကာသည် ကမ္ဘာ့စံချိန်ကို ရိုက်ချိုးနိုင်ရေးအတွက် ဆက်လက်ကြိုးစားသွားမည်ဖြစ်ကြောင်း ယခုနှစ်အတွင်း ကျင်းပသွားမည့် အပြည်ပြည်ဆိုင်ရာ ပြေးခုန်ပစ်အားကစားပွဲတော်များတွင်လည်း ပါဝင်ယှဉ်ပြိုင်သွားမည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# ဘယ်လ်ဂျီယံအသင်းနည်းပြ တီဒက်စကိုက ကြံ့ခိုင်မှုမပြည့်ဝသေးသည့် ဂိုးသမား ကော့တွိုက်ကို အသင်းကစားသမားစာရင်းမှ ချန်လှပ်

**ဘရပ်ဆဲလ် မေ ၂၈**

ဘယ်လ်ဂျီယံအသင်း နည်းပြ တီဒက်စကိုက ယူရို ၂၀၂၄ ပြိုင်ပွဲကစားမည့် ဘယ်လ်ဂျီယံအသင်း ကစားသမားစာရင်းကို ထုတ်ပြန်ခဲ့ရာ ဒဏ်ရာကြံ့ခိုင်မှုမပြည့်ဝသေးသည့် ဂိုးသမား ကော့တွိုက်ကို ချန်လှပ်ခဲ့ကြောင်း သိရသည်။

အသက် ၃၂ နှစ်ရှိ ဂိုးသမား ကော့တွိုက်သည် ယခုနှစ်ဘောလုံးရာသီအစပိုင်းတွင် ဒူးအရွတ်စုတ်ပြဲဒဏ်ရာကြောင့် ခွဲစိတ်ကုသမှုခံယူခဲ့ရပြီး တစ်ရာသီလုံးနီးပါး ကာလရှည်အနားယူခဲ့ရကာ ရာသီကုန်ဆုံးခါနီးတွင် ဒဏ်ရာမှပြန်လည်သက်သာခဲ့သော်လည်း လက်ရှိအချိန်ထိကြံ့ခိုင်မှုမပြည့်ဝခြင်းဖြစ်သည်။

ဘယ်လ်ဂျီယံအသင်း နည်းပြ တီဒက်စကိုက အစောပိုင်းကလည်း ကော့တွိုက်အနေဖြင့် တစ်ရာသီလုံးအနားယူနေခဲ့ရသည့်အတွက် လာမည့်ယူရို ၂၀၂၄ ပြိုင်ပွဲဝင်အသင်း ကစားသမားစာရင်းမှ ချန်လှပ်ခံရနိုင်သည်ဟု ပြောကြားခဲ့ပြီး ယခုအခါတွင်လည်း ကစားသမားစာရင်း ထုတ်ပြန်ခဲ့ရာတွင် ချန်လှပ်ခဲ့ခြင်းဖြစ်သည်။

ဘယ်လ်ဂျီယံအသင်း နည်းပြ တီဒက်စကိုက ယူရို ၂၀၂၄ ပြိုင်ပွဲကစားမည့် ဘယ်လ်ဂျီယံအသင်း ကစားသမားစာရင်းမှ ဂိုးသမားနေရာတွင် ကော့တွိုက်ကိုချန်လှပ်ခဲ့ပြီးနောက် ဂိုးသမားသုံးဦးအဖြစ် ဝုဖ်ဘတ်အသင်းဂိုးသမား ကတ်စတီးလ်၊ လူတန်အသင်းမှ ဂိုးသမား ကာမင်စကီးနှင့် နော်တင်ဟမ်အသင်း ဂိုးသမား ဆဲလ်တို့ကိုသာ ရွေးချယ်ခဲ့သည်။

ကော့တွိုက်သည် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲမှစတင်ပြီး ဘယ်လ်ဂျီယံအသင်းတွင် အဓိက ဂိုးသမားအဖြစ်ပါဝင်ခဲ့သူဖြစ်ပြီး ယူရို ၂၀၁၆ ပြိုင်ပွဲ၊ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲ၊ယူရို ၂၀၂၀ ပြိုင်ပွဲနှင့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတို့တွင် ဆက်တိုက်ပါဝင်ခွင့်ရရှိခဲ့သော်လည်း ယခုအခါ ပထမဆုံးအကြိမ်အဖြစ် လက်ရွေးစင်အသင်း ကစားသမားစာရင်းမှ ချန်လှပ်ခံခဲ့ရကြောင်း သိရသည်။

**Ref : RT**
**Trs : STA**

# ပရီးမီးယားလိဂ်ပြိုင်ပွဲနေရာအလိုက် အကောင်းဆုံးကစားသမားစာရင်း၌ မန်စီးတီးနှင့် အာဆင်နယ်အသင်းတို့မှ လေးဦးစီပါဝင်

**လန်ဒန် မေ ၂၈**

၂၀၂၃-၂၀၂၄ ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ နေရာအလိုက်တစ်နှစ်တာအကောင်းဆုံး ကစားသမားစာရင်း၌ ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သည့် မန်စီးတီးအသင်းနှင့် အဆင့်(၂)နေရာတွင် ရပ်တည်နိုင်ခဲ့သည့် အာဆင်နယ်အသင်းတို့မှ ကစားသမားလေးဦးစီ ပါဝင်လာခဲ့ကြောင်း သိရသည်။

၂၀၂၃-၂၀၂၄ ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ နေရာအလိုက်တစ်နှစ်တာအကောင်းဆုံး ကစားသမားစာရင်း၌ မန်စီးတီးအသင်းနှင့်အာဆင်နယ်အသင်းတို့မှ လေးဦးစီပါဝင်လာခဲ့ပြီး အခြားအသင်းများအဖြစ် လီဗာပူးအသင်း၊ အေဗီလာအသင်းနှင့် ချဲလ်ဆီးအသင်းတို့မှ တစ်ဦးစီသာ ပါဝင်လာခဲ့သည်။

နေရာအလိုက် တစ်နှစ်တာအကောင်းဆုံးကစားသမားစာရင်းမှ ဂိုးသမားနေရာတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့် မန်စီးတီးအသင်းမှ ဂိုးသမား အီဒါဆန်ကို ကျော်ဖြတ်ပြီး ရွှေလက်အိတ်ဆုဆွတ်ခူးနိုင်ခဲ့သည့် အာဆင်နယ်အသင်းမှ ဂိုးသမား ရာယာ ပါဝင်လာခဲ့သည်။




အလားတူ ခံစစ်ကစားသမားလေးဦးနေရာမှ ညာတောင်ပံခံစစ်နေရာတွင် အာဆင်နယ်အသင်းမှ ဘန်ဝှိုက်၊ ဘယ်တောင်ပံခံစစ်နေရာတွင် လီဗာပူးအသင်းမှ အာနိုးလ်၊ ဗဟိုခံစစ်နေရာတွင် အာဆင်နယ်အသင်းမှ ဆာလီဘာနှင့်ဂါဘရီရယ်၊ ကွင်းလယ်ကစားသမား လေးဦးနေရာတွင် မန်စီးတီးအသင်းမှ ဖိုဒန်၊ ရိုဒရီနှင့် ဒီဘရိုင်း၊ ချဲလ်ဆီးအသင်းမှ ပယ်မာ၊ တိုက်စစ်ကစားသမားနှစ်ဦးနေရာတွင် အေဗီလာအသင်းမှ ဝက်စ်ကင်းနှင့် မန်စီးတီးအသင်းမှ ဟာလန်းတို့ပါဝင်ခဲ့ကြကြောင်း သိရသည်။

**Ref : Xinhua**

**Trs : STA**

# ဂီတာဖေးအသင်း၏ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ဂရင်းဝုဒ်ဆွတ်ခူး

**မက်ဒရစ် မေ ၂၈**

ဂီတာဖေးအသင်း၏ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို တောင်ပံကစားသမား ဂရင်းဝုဒ်က ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

အသက် ၂၂ နှစ်ရှိ ဂရင်းဝုဒ်သည် ၂၀၁၈ ခုနှစ်က မန်ယူအသင်းနှင့်ပရော်ဖက်ရှင်နယ်စာချုပ်ချုပ်ဆိုကာ စတင်ပါဝင်ကစားခဲ့ပြီး အစောပိုင်းနှစ်များက အသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့သော်လည်း ၂၀၂၂ ခုနှစ်၌ ၎င်း၏ချစ်သူကို အကြမ်းဖက်မှုဖြင့် တရားရင်ဆိုင်ခဲ့ရပြီးနောက် မန်ယူအသင်း ကစားသမားစာရင်းမှ ထုတ်ပယ်ခံခဲ့ရသည်။

ထို့နောက် ဂရင်းဝုဒ်သည် ၂၀၂၃ ခုနှစ်က အမှုမှကင်းလွတ်ခွင့်ရရှိခဲ့သော်လည်း အသင်းနှင့်ပြန်လည်ပူးပေါင်းရန် အခက်အခဲများကြောင့် ၂၀၂၃ ခုနှစ် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက မန်ယူအသင်းမှ ဂီတာဖေးအသင်းထံ တစ်ရာသီအငှားစာချုပ်ဖြင့် သွားရောက်ကစားခဲ့သူဖြစ်သည်။

ဂရင်းဝုဒ်သည် ဂီတာဖေးအသင်းတွင် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ကာ အဓိက ကစားသမားအဖြစ် ပွဲထွက်ခွင့်ရရှိခဲ့ပြီး စပိန်လာလီဂါပြိုင်ပွဲ၏ တစ်လတာအကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ကာ အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၆ ပွဲထိပါဝင်ကစားခွင့်ရရှိခဲ့ပြီး ၁၀ ဂိုး သွင်းယူ၍ ဂိုးဖန်တီးမှု ခြောက်ကြိမ်ထိ ပြုလုပ်နိုင်ခဲ့ပြီးနောက် ဂီတာဖေးအသင်း၏ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ဂရင်းဝုဒ်သည် ဂီတာဖေးအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးခဲ့သည့်အတွက် မန်ယူအသင်းနှင့်ပြန်လည်ပူးပေါင်းရမည်ဖြစ်ပြီး မန်ယူအသင်းကလည်း ၎င်းကို လာမည့် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် ရောင်းချရန် စီစဉ်ထားကြောင်း သိရသည်။

**Ref : Sputnik**

**Trs : STA**

# ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား၊အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်၊ တတိယလုပွဲနှင့် ဗိုလ်လုပွဲစဉ်များယှဉ်ပြိုင်




**နေပြည်တော် မေ ၂၈**

ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ သုံးယောက်တွဲ ဆီမီးဖိုင်နယ်၊ တတိယလုပွဲနှင့် ဗိုလ်လုပွဲစဉ်များကို ယနေ့နံနက် ၉ နာရီမှစတင်ပြီး နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(A)၌ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသားသုံးယောက်တွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များ ကစားခဲ့ရာ မန္တလေးတိုင်းဒေသကြီး အသင်းက ရန်ကုန်တိုင်းဒေသကြီး အသင်းကို နှစ်ပွဲပြတ်၊ မကွေးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊သုံးယောက်တွဲအမျိုးသမီး ဆီမီးဖိုင်နယ်ပွဲစဉ်များ ကစားခဲ့ရာ မွန်ပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ရခိုင်ပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့် အသီးသီးအနိုင်ရရှိခဲ့သည်။

အလားတူအမျိုးသားသုံးယောက်တွဲ တတိယလုပွဲတွင် ရှမ်းပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲ၊ အမျိုးသမီးသုံးယောက်တွဲ တတိယလုပွဲတွင် ကချင်ပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲ၊ အမျိုးသားသုံးယောက်တွဲ ဗိုလ်လုပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ အမျိုးသမီးသုံးယောက်တွဲ ဗိုလ်လုပွဲတွင် မွန်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့် အသီးသီးအနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ လေးယောက်တွဲပွဲစဉ်များကို မေ ၂၉ ရက် နံနက် ၉ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ(A)တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**STA**

# ၂၀၂၃-၂၀၂၄ ဘောလုံးရာသီ ဥရောပရွှေဖိနပ်ဆုကို ဟယ်ရီကိန်းဆွတ်ခူး

**ဘာလင် မေ ၂၈**

၂၀၂၃-၂၀၂၄ ဘောလုံးရာသီ ကုန်ဆုံးချိန်တွင် ဥရောပဂိုးသွင်းအများဆုံး ကစားသမားဆုကို ဘိုင်ယန်မြူးနစ်အသင်းနှင့် အတူ သွင်းဂိုး ၃၆ ဂိုးသွင်းယူနိုင်ခဲ့သည့် ဟယ်ရီကိန်းက ရမှတ် ၇၂ မှတ်ဖြင့် ဆွတ်ခူးရရှိခဲ့သည်။

ယူအီးအက်ဖ်အေ၏ အဆင့်သတ်မှတ်ချက်အရ ပရီးမီးယားလိဂ်၊ လာလီဂါ၊ စီးရီးအေ၊ ဘွန်ဒက်လီဂါ၊ ပြင်သစ်လီဂူးတို့မှ ကစားသမားများက သွင်းဂိုးတစ်ဂိုးလျှင် ရမှတ်နှစ်မှတ်ရရှိခဲ့ပြီး အခြားလိဂ်များက သွင်းဂိုးတစ်ဂိုးလျှင်ရမှတ် ၁ ဒသမ ၅ မှတ်သာရရှိခဲ့သကဲ့သို့ ဟယ်ရီကိန်းက ရမှတ်အများဆုံးဖြင့် ဥရောပရွှေဖိနပ်ဆုကိုရရှိခဲ့ခြင်းဖြစ်သည်။

ယခုနှစ်ဘောလုံးရာသီ ဥရောပဂိုးသွင်းအများဆုံး ကစားသမား ၁၀ ဦးစာရင်းတွင် ဟယ်ရီကိန်းက ၃၆ ဂိုးဖြင့် ရမှတ် ၇၂ မှတ်၊ စတုဂတ်မှ ဂီရက်ဆီက ၂၈ ဂိုးဖြင့် ရမှတ် ၅၆ မှတ်၊ အမ်ဘက်ပီက ၂၇ ဂိုးဖြင့် ရမှတ် ၅၄၊ ဟာလန်းက ၂၇ ဂိုးဖြင့် ရမှတ် ၅၄၊ လိုက်ပ်ဇစ်ကစားသမား အိုပန်ဒါက ၂၄ ဂိုးဖြင့် ရမှတ် ၄၈ မှတ်၊ အင်တာမီလန်တိုက်စစ်မှူး မာတီနက်ဇ်က ၂၄ ဂိုးဖြင့် ရမှတ် ၅၄ မှတ်၊ ဂျီရိုနာတိုက်စစ်မှူး ဒိုဘိခ်က ၂၄ ဂိုးဖြင့် ရမှတ် ၅၄ မှတ်ဖြင့် ရပ်တည်လျက်ရှိသည်။

ထို့ပြင် ဗီလာရီးရဲလ်တိုက်စစ်မှူး ဆိုးလော့က ၂၃ ဂိုးဖြင့် ရမှတ် ၄၆ မှတ်၊ ချဲလ်ဆီးအသင်းကစားသမား ပယ်မာက ၂၂ ဂိုးဖြင့် ရမှတ် ၄၄မှတ်၊ ပီအက်စ်ဗွီကစားသမား လုခ်ဒီဂျောင်းက ၂၉ ဂိုးဖြင့် ရမှတ် ၄၃ ဒသမ ၅ မှတ်ဖြင့် အစဉ်လိုက် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : ML**




# French Open ပထမအဆင့်တွင် ဇီရက်ဗ်ကို ရာဖေးလ်နာဒယ်ရှုံးနိမ့်

**ပဲရစ် မေ ၂၈**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပနေသည့် French Open တင်းနစ်ပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်အဖြစ် ယနေ့တွင် စပိန်တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်နှင့် ဂျာမနီတင်းနစ်ကစားသမား ဇီရက်ဗ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရာဖေးလ်နာဒယ်က(၆-၃၊ ၇-၆၊ ၆-၃) ရလဒ်ဖြင့်ရှုံးနိမ့်ကာ ပြိုင်ပွဲမှထွက်ခွာခဲ့ရကြောင်း သိရသည်။

ရာဖေးလ်နာဒယ်သည် ယခုနှစ်တွင် ဒဏ်ရာပြဿနာများကြောင့် ပုံစံကောင်းပျောက်ဆုံးနေပြီး ရလဒ်မကောင်းသည့်အတွက် French Open တင်းနစ်ပြိုင်ပွဲတွင် ပထမအဆင့်၌ နိုင်ခြေအဆင့်မြင့်သည့် ဇီရက်ဗ်နှင့် ထိပ်တိုက်တွေ့ဆုံခဲ့ရခြင်းဖြစ်သည်။

ရာဖေးလ်နာဒယ်သည် ဇီရက်ဗ်နှင့်ပွဲစဉ်တွင် ဒုတိယပွဲငယ်၌သာ ပုံစံကောင်းတချို့ ပြသနိုင်ခဲ့ပြီး ကျန်ပွဲငယ်နှစ်ပွဲတွင် အမှားများခဲ့ကာ ဇီရက်ဗ်ကသာ တစ်ဖက်သတ်ဖိအားပေးကစားနိုင်ခဲ့သည်။

ဇီရက်ဗ်သည် ရာဖေးလ်နာဒယ်ကို ချန်ပီယံလက်စွမ်းမျိုးပြသကာ အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ရန် ရေပန်းစားနေသည့် ကစားသမားစာရင်းဝင်တစ်ဦးဖြစ်ကြောင်းကို အကောင်းဆုံးသက်သေပြသွားနိုင်ခဲ့သည်။

ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီးနောက် ရာဖေးလ်နာဒယ် ကွင်းအတွင်းမှ ထွက်ခွာချိန်၌ ဇီရက်ဗ်နှင့်ပရိသတ်များက ရာဖေးလ်နာဒယ်ကိုလက်ခုပ်တီး၍ အားပေးနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**

# စစ်သုံကြားလျှင် အိုးစားဖက်ကိုလိုက်လို့ရှာကြတော့မည်

**အာကာမောင်မောင်**

နေ့စဉ်တွေ့မြင်နေရတဲ့ နိုင်ငံတကာသတင်းကို လေ့လာတဲ့အခါ ရရှိလာတာကတော့ အဖြေတစ်ခုထဲပါပဲ။ အဲဒါကဘာလဲဆိုရင် ငါတို့နိုင်ငံကို ငါတို့ကာကွယ်ရမယ်ဆိုတဲ့အဖြေပဲဖြစ်ပါတယ်။ ကာကွယ်ရေးအင်အား မတောင့်တင်းလို့ မဖြစ်တော့ဘူးဆိုတဲ့အဖြေကို ကမ္ဘာမှာဖြစ်ပွားနေတဲ့စစ်ပွဲတွေက မီးမောင်းထိုးပြနေပါပြီ။ ဒါကြောင့် နိုင်ငံတိုင်း နိုင်ငံတိုင်းက မဖြစ်မနေလုပ်ဆောင်နေတာဟာ ကာကွယ်ရေးအင်အားတောင့်တင်းခိုင်မာရေးပဲဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့သမိုင်းကြောင်းကို လေ့လာတဲ့အခါမှာလဲ ကာကွယ်ရေးအင်အားခိုင်မာတောင့်တင်းတဲ့ခေတ်ကာလတွေမှာ သမိုင်းကောင်းတွေရှိခဲ့သလို ကာကွယ်ရေးအင်အားလျော့နည်းတဲ့အခါမှာတော့ သမိုင်းဖြစ်ရပ်ဆိုးတွေနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ မြန်မာနိုင်ငံ သူ့ကျွန်အဖြစ်ရောက်ခဲ့ရတာဟာလဲ ကာကွယ်ရေးအင်အား၊ ကာကွယ်ရေးစွမ်းပကားနိမ့်ပါးခဲ့တာက အဓိကအချက်ဖြစ်ပါတယ်။ ကုန်းဘောင်ခေတ်နှောင်းပိုင်းအခြေအနေကို ပြန်လည်လေ့လာမယ်ဆိုရင် ကနောင်မင်းသားနဲ့ ယောမင်းကြီးဦးဘိုးလှိုင်တို့ရဲ့ခေတ်နဲ့အညီ ခေတ်မီတဲ့ပြုပြင်ပြောင်းလဲရေး၊ တည်ဆောက်ရေးတွေကြောင့် မြန်မာတို့ ရေမြှုပ်ဖုံးပိုင်ဆိုင်တဲ့အဆင့်ထိရောက်ခဲ့တာ အားလုံးအသိပါပဲ။ ဒါကိုပျက်အောင်ဖျက်ခဲ့တာ ဘယ်သူတွေလဲ။ နယ်ချဲ့အင်္ဂလိပ်နဲ့ သူ့ရဲ့လက်ပါးစေတွေပါ။ နောက်ဆုံးမှာတော့ ကနောင်မင်းသားလဲ ဆုံး၊ မြန်မာနိုင်ငံလဲ ရှုံးခဲ့တာပါပဲ။

မျိုးချစ်လူငယ်ရဲဘော်သုံးကျိပ်တို့ စွန့်လွှတ်စွန့်စားအပင်ပန်းခံပြီး ပြည်ပမှာ စစ်ပညာသင်ယူကာ ဘီအိုင်အေလို့ခေါ်တဲ့ ဗမာ့လွတ်လပ်ရေးတပ်မတော်ကို စတင်ထူထောင်နိုင်ခဲ့လို့ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိခဲ့တာဖြစ်တယ်လို့ဆိုရင် မငြင်းပယ်နိုင်တဲ့အချက်တစ်ခုပါပဲ။ တပ်မတော်တစ်ရပ်ပေါ်ပေါက်လာခဲ့တာဟာ မြန်မာ့လွတ်လပ်ရေးရဲ့လမ်းစပါပဲ။ ဘီအိုင်အေကနေဖြစ်တည်လာခဲ့တဲ့တပ်မတော်ဟာ ယနေ့ကျွန်တော်တို့ခေတ်ကာလမှာ နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်တွေကို ထမ်းဆောင်နေတဲ့တပ်မတော်ပါပဲ။

၂၁ ရာစုဟာ ပညာခေတ်လို့ဆိုတဲ့အတိုင်း ခေတ်မီနည်းပညာတွေ အံ့မခန်းတိုးတက်လာနေပါတယ်။ နည်းပညာတွေမြင့်မားလာတာနဲ့အတူ မိမိတို့နိုင်ငံတော်ကို မိမိတို့တပ်မတော်တစ်ရပ်ထဲက ကာကွယ်တာထက် ပြည်သူတစ်ရပ်လုံးပါဝင်တဲ့ကာကွယ်ရေးစနစ်ကို ပြောင်းလဲကျင့်သုံးနေကြပါတယ်။ နိုင်ငံသားအားလုံးအရွယ်ရောက်သူမှန်သမျှ စစ်မှုမထမ်းမနေရဆိုတဲ့သတ်မှတ်ချက်တွေနဲ့ နိုင်ငံတော်တော်များများမှာ ဥပဒေထုတ်ပြန်ကာ စစ်မှုထမ်းနေကြပါပြီ။

ဒါကြောင့် မြန်မာနိုင်ငံမှာ ပြည်သူ့စစ်မှုထမ်းဥပဒေကိုအတည်ပြုပြဋ္ဌာန်းပြီး အာဏာသက်ရောက်စေခဲ့တာဖြစ်ပါတယ်။ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုတာ ၂၀၁၀ ပြည့်နှစ်ထဲက အတည်ပြုပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ အာဏာသက်ရောက်စေခဲ့တာကတော့ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်ဖြစ်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြည်သူ့စစ်မှုထမ်းဥပဒေ စတင်အာဏာသက်ဝင်တယ်လို့ ဥပဒေအရ သတ်မှတ်ကြေညာလိုက်တဲ့အခါမှာ အမြင်အမျိုးမျိုး၊ ဝေဖန်မှုအဖုံဖုံပေါ်ထွက်လာပါတယ်။ ထုံးစံအတိုင်းပါပဲ။ မြန်မာနိုင်ငံတည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သွားမှာကို မလိုလားတဲ့အနောက်အုပ်စုနိုင်ငံတချို့နဲ့ ပြည်တွင်း၊ ပြည်ပက မြန်မာနိုင်ငံပျက်စီးရေးလုပ်ဆောင်နေတဲ့မျိုးဖျက်သစ္စာဖောက်တွေဟာ မဟုတ်မမှန်တဲ့သတင်းအတု၊ သတင်းအမှားတွေထုတ်လွှင့်ပြီး လူငယ်တွေရဲ့အနာဂတ်ကို ဖျက်ဆီးပါတယ်။ ဒါပေမဲ့ မြန်မာနိုင်ငံမှာ အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ်မြင့်မားပြီး နိုင်ငံချစ်စိတ်ရှိတဲ့လူငယ်တွေဟာ စစ်မှုထမ်းဖို့ဆိုပြီး ကိုယ်တိုင်ဆန္ဒပြုသတင်းပို့ခဲ့လို့ အခုဆိုရင်သင်တန်းတွေပင်ဖွင့်နေပြီဖြစ်ပါတယ်။

အဆိုးမြင်သမားတွေရှိနေသလို အကောင်းမြင်သမားတွေလဲရှိနေပါတယ်။ သေချာချိန်ထိုးကြည့်လိုက်တော့ အကောင်းမြင်သမားက ပိုမိုများပါတယ်။ မိမိနိုင်ငံ၊ မိမိလူမျိုးဖွံ့ဖြိုးတိုးတက်ရေးကို လိုလားတဲ့သူတွေက ပြည်သူ့စစ်မှုထမ်းဥပဒေကို ကြိုဆိုကြတယ်။ ထောက်ခံကြတယ်။ အချို့က ဒီဥပဒေဟာ ဒီမိုကရေစီစနစ် စတင်ကျင့်သုံးတဲ့ ၂၀၁၁ ခုနှစ်ကတည်းက ပြဋ္ဌာန်းသင့်တယ်လို့လဲ ဆိုကြပါတယ်။ ဒီမိုကရေစီနဲ့အတူကျင့်သုံးခဲ့ရင် နိုင်ငံတော်ကာကွယ်ရေးတာဝန်ဆိုတာ နိုင်ငံသားတိုင်းမှာ တာဝန်ရှိပါကလားဆိုတဲ့ အသိအမြင်အတွေးအခေါ် မှန်ကန်စွာသိသွားကြမှာပါ။

တပ်မတော်နဲ့ပြည်သူကို သွေးကွဲအောင်ရန်တိုက်ပေးတာတွေ၊ ဟောပြောတာမျိုးတွေ ရှိလာနိုင်မှာမဟုတ်ပါဘူး။ မရေးချင်ပေမဲ့ သိအောင်ရေးလိုက်ပါအုံးမယ်။ ၂၀၁၆ ခုနှစ်ကနေ ၂၀၂၀ ပြည့်နှစ်ထိ နိုင်ငံတော်ကို တာဝန်ယူခဲ့တဲ့အစိုးရသက်တမ်းတစ်လျှောက်မှာ စစ်ဘက်အရပ်ဘက်ဟာ တိုင်ပင်ညှိနှိုင်းဆောင်ရွက်

> ❖ အနာဂတ်မှာ နိုင်ငံတော်ကာကွယ်ရေးနဲ့လုံခြုံရေးအတွက် အရေးပေါ်အခြေအနေပေါ်ပေါက်လာခဲ့ရင် စစ်မှုထမ်းရန်အရွယ်ရောက်သူအားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ၊ ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်ပြီးသူအားလုံးကိုဖြစ်စေ နိုင်ငံတော်အစိုးရက စစ်စည်းရုံးခြင်းအမိန့်ထုတ်ပြန်ပြီး ခေါ်ယူတဲ့အခါ အချိန်နဲ့တစ်ပြေးညီ သတင်းပို့ပြီး သတ်မှတ်ပေးထားတဲ့ တပ်တွေမှာ စစ်မှုထမ်းကြရမှာဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်တို့နိုင်ငံအတွက် ကျွန်တော်တို့အားလုံး၊ နိုင်ငံတော်ကိုချစ်သူအားလုံး မြင်တွေ့ချင်တဲ့မြင်ကွင်းဖြစ်ပါတယ်။ နောင်တစ်ချိန်မှာတော့ ကျွန်တော်တို့နိုင်ငံမှာ စစ်သုံကြားလျှင် နာဖျားဥပါယ်ဆောင်သူတွေရှိတော့မှာမဟုတ်ပါဘူး။ ❖

ရမဲ့အစား အဲဒီတုန်းက ပါတီဝင်လွှတ်တော်ကိုယ်စားလှယ်တွေဟာ ကျောင်းသားလူငယ်တွေကို စစ်တပ် (တပ်မတော်) မကောင်းကြောင်းတွေ တွင်တွင်ပြောပြီး လူငယ်တွေစိတ်ကို အမှောင်လွှမ်းစေခဲ့ပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)မှာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဖွဲ့စည်းခြင်းဆိုပြီး ပုဒ်မ-၂၀၁ နဲ့ ဖွဲ့စည်းပေးထားပါတယ်။

ပုဒ်မ-၂၀၁။ ဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း ပေးအပ်လာသည့်တာဝန်များကို ထမ်းဆောင်နိုင်ရန် နိုင်ငံတော်သမ္မတဦးဆောင်သည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းသည်ဆိုပြီး အားလုံးပေါင်း ၁၁ ဦးပါဝင်ပါတယ်။ ငါးနှစ်တာကာလအတွင်း တစ်ကြိမ်တစ်ခါမျှ အစည်းအဝေးမခေါ်ပါဘူး။ ၁၁ ဦးပါတဲ့အဖွဲ့ဟာ တကယ်တော့ အရပ်ဘက်၊ စစ်ဘက် ဆက်ဆံရေးသော့ချက်ပါပဲ။

စာရေးသူအနေနဲ့ သူတို့ကိုအပြစ်မြင်ပြီး ပြောတာမဟုတ်ပါဘူး။ စာရေးသူပြောချင်တာက နိုင်ငံတော်ကာကွယ်ရေးတာဝန်ဆိုတာ နိုင်ငံသားအားလုံးနဲ့ဆိုင်တယ်ဆိုတာပါပဲ။ နိုင်ငံသားတိုင်းရဲ့စိတ်မှာ အဲဒီအမြင်၊ အဲဒီအတွေးဟာ အမြဲတမ်းရှိနေရမှာဖြစ်ပါတယ်။ ဒါဟာ တစ်ဦးတစ်ယောက်အတွက်မဟုတ်ပါဘူး။ တိုင်းရင်းသားလူမျိုးပေါင်း တစ်ရာကျော်ရဲ့အရေး၊ နိုင်ငံတော်ရဲ့အရေးပါပဲ။ မျိုးဆက်သစ်တွေရဲ့အရေးပါပဲ။

ဘိုးဘွားတွေတည်ဆောက်ပေးထားတဲ့ အမွေအနှစ်ကို မျိုးဆက်တိုင်းက မြတ်နိုးတန်ဖိုးထားရမှာပါ။ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမှာပါ။ အဲဒီလိုကာကွယ်စောင့်ရှောက်ကြဖို့အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုတာ ခိုင်ခိုင်မာမာပေါ်ထွန်းလာပါပြီ။

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကိုစောင့်ထိန်းရန် တာဝန်ရှိသဖြင့် ၎င်းတာဝန်ကိုထမ်းဆောင်နိုင်ရေးအလို့ငှာ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းလိုက်တာဖြစ်ပါတယ်။ ပြည်သူ့စစ်မှုထမ်းဆိုတာ ဤဥပဒေအရ စစ်မှုထမ်းဆောင်တဲ့နိုင်ငံသားကို ဆိုလိုတာပါ။ နိုင်ငံသားမဟုတ်တဲ့သူတွေကို စစ်မှုမထမ်းခိုင်းပါဘူး။ နိုင်ငံသားဆိုပေမဲ့ သတ်မှတ်အရည်အချင်းတွေနဲ့ကိုက်ညီတဲ့သူတွေကိုသာ စစ်မှုထမ်းဖို့ ဆင့်ခေါ်မှာဖြစ်ပါတယ်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့အနေနဲ့ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များကို ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်လို့ ဆိုထားပါတယ်။

အဲဒါတွေကတော့ ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ပညာသင်ကြားနေသူများ၊ အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ၊ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ၊ ထောင်ဒဏ်ကျခံနေသူများတို့ ဖြစ်ပါတယ်။

ပြည်သူ့စစ်မှုထမ်းတွေရဲ့ ခံစားခွင့်တွေကိုလဲ ပြည်သူ့စစ်မှုထမ်းဥပဒေမှာ ခိုင်ခိုင်မာမာပြဋ္ဌာန်းပေးထားပါတယ်။ ထုတ်နုတ်ပြောရရင် စစ်မှုတာဝန်ထမ်းဆောင်နေစဉ်အတွင်း သတ်မှတ်ထားတဲ့အဆင့်အလိုက် လစာနဲ့စရိတ်ရရှိမယ်။ တာဝန်ထမ်းဆောင်နေစဉ် သေဆုံး၊ ထိခိုက်ဒဏ်ရာရခြင်းမျိုးဖြစ်ခဲ့လျှင် တာဝန်ထမ်းဆောင်ခြင်းနဲ့အကျုံးဝင်ရင် တပ်မတော်မှာ သတ်မှတ်ထားတဲ့ခံစားခွင့်တွေရရှိပါမယ်။

ပြည်သူ့စစ်မှုထမ်းကာလပြီးဆုံးတဲ့အခါမှာ အလုပ်သမားတစ်ဦးဖြစ်ခဲ့ရင် မူလအလုပ်အကိုင်မှာ သတ်မှတ်ထားတဲ့အတိုင်း အလုပ်ရှင်က ခန့်ထားရပါမယ်။ သတ်မှတ်စစ်မှုထမ်းကာလပြည့်တဲ့အခါမှာ မိမိသဘောဆန္ဒအရ တပ်မတော်ကိုဝင်ရောက်အမှုထမ်းလိုပါက သတ်မှတ်ထားတဲ့ စည်းမျဉ်း၊ စည်းကမ်းတွေနဲ့အညီ စစ်မှုထမ်းခွင့်ပြုနိုင်ပါတယ်။ ထူးခြားချက်တစ်ခုကတော့ ပါရဂူဘွဲ့ရသူတွေ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာဘွဲ့ရသူတွေနဲ့ အခါအားလျော်စွာသတ်မှတ်တဲ့အရည်အချင်းနဲ့ပြည့်စုံသူတွေကို အရေးပေါ်ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်တာပါပဲ။

အခုဆိုရင် ပြည်သူတွေမြင်တွေ့ကြားသိပြီးဖြစ်တဲ့အတိုင်း ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁)ကို ဧပြီ ၈ ရက်မှာ လည်းကောင်း၊ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂)ကို မေ ၁၄ ရက်မှာ လည်းကောင်း တစ်နိုင်ငံလုံးမှာ တစ်ပြိုင်တည်းဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါတယ်။ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁)က သင်တန်းသားတွေဟာ ပထမဆုံးအကြိမ်လစာကို ပြုံးပျော်ရွှင်မြူးစွာထုတ်ယူရရှိခဲ့ပြီးဖြစ်ပါတယ်။ ပြည်သူ့စစ်မှုထမ်းသင်တန်းတွေ ဖွင့်လှစ်လိုက်တာဟာ လူငယ်တွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေတိုးပွားလာတာပဲဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ-၃၈၅ မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏တာဝန်ဖြစ်သည် ဟူ၍လည်းကောင်း၊ ပုဒ်မ-၃၈၆ တွင် နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန်တာဝန်ရှိသည်ဟူ၍ လည်းကောင်း ခိုင်ခိုင်မာမာပြဋ္ဌာန်းထားပါတယ်။ မြန်မာနိုင်ငံရဲ့တည်နေရာဟာ ပထဝီအနေအထားအရ လွန်စွာအရေးပါတဲ့နေရာမှာတည်ရှိပါတယ်။ နိုင်ငံတစ်နိုင်ငံအတွက် လွတ်လပ်ရေးဆုံးရှုံးမှုဆိုတာ အချိန်တိုအတွင်းဖြစ်ပွားနိုင်ပေမဲ့ ဆုံးရှုံးသွားတဲ့လွတ်လပ်ရေးပြန်လည်ရရှိဖို့ ကြိုးပမ်းရာမှာ နှစ်ပေါင်းရှည်ကြာစွာကြာမြင့်သည်ကို သင်ခန်းစာရထားပြီးဖြစ်ပါတယ်။ ပြည်သူ့စစ်မှုထမ်းသင်တန်းတွေ ဖွင့်တဲ့မြင်ကွင်းတွေကိုကြည့်ပြီး ကြည်နူးဖွယ်ဖြစ်ရပါတယ်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်မဲ့သူတွေကို တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေရှိ အကြီးအကဲတွေ ကိုယ်တိုင် နှုတ်ဆက်ကြိုဆိုတာဟာ သူတို့ရဲ့ (သင်တန်းသားတွေရဲ့) စိတ်ဓာတ်ဆောင်ရွက်ချက်နဲ့ နိုင်ငံချစ်စိတ်ဓာတ်ကို တန်ဖိုးထားတာဖြစ်ပါတယ်။

နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ကြမဲ့လူငယ်တွေအနေနဲ့ အရပ်သားဘဝမှ စစ်မှုထမ်းဘဝသို့ကူးပြောင်းလာတဲ့အခါ သင်တန်းသားတွေမှာ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်လာခြင်း အသင်းအဖွဲ့နဲ့ စုပေါင်းလုပ်ဆောင်တတ်လာခြင်း၊ အချိန်ဇယားကိုက်လုပ်ကိုင်တတ်လာခြင်း၊ တစ်ဦးနဲ့တစ်ဦး ညီရင်းအစ်ကိုပမာ ချစ်ခင်စွာနေတတ်လာခြင်း၊ မိမိကိုယ်ကို တန်ဖိုးထားချစ်တတ်လာရာမှာ မိမိရဲ့မိသားစု၊ ဇာတိမြို့ရွာမှသည် နိုင်ငံတော်ထိ တန်ဖိုးထားချစ်တတ်လာခြင်း စသဖြင့် နိုင်ငံ့သားကောင်းတို့ရဲ့ကောင်းမွန်သော အရည်အသွေးတွေ ပြည့်စုံလာကြတော့မှာဖြစ်ပါတယ်။

စာရေးသူကတော့ မြန်မာနိုင်ငံရဲ့အနာဂတ်အတွက် ဝမ်းသာပီတိဖြစ်လို့မဆုံးပါဘူး။ အနာဂတ်မှာ နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးအတွက် အရေးပေါ်အခြေအနေပေါ်ပေါက်လာခဲ့ရင်စစ်မှုထမ်းရန် အရွယ်ရောက်သူအားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ၊ ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်ပြီးသူအားလုံးကိုဖြစ်စေ နိုင်ငံတော်အစိုးရက စစ်စည်းရုံးခြင်းအမိန့်ထုတ်ပြန်ပြီးခေါ်ယူတဲ့အခါ အချိန်နဲ့တစ်ပြေးညီ သတင်းပို့ပြီး သတ်မှတ်ပေးထားတဲ့တပ်တွေမှာ စစ်မှုထမ်းကြရမှာဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်တို့နိုင်ငံအတွက် ကျွန်တော်တို့အားလုံး၊ နိုင်ငံတော်ကိုချစ်သူအားလုံး မြင်တွေ့ချင်တဲ့မြင်ကွင်းဖြစ်ပါတယ်။ နောင်တစ်ချိန်မှာတော့ ကျွန်တော်တို့နိုင်ငံမှာ စစ်သုံကြားလျှင် နာဖျားဥပါယ်ဆောင်သူတွေရှိတော့မှာ မဟုတ်ပါဘူး။ စစ်သုံကြားလျှင် အိုးစားဖက်ကို လိုက်လို့ရှာကြတော့မှာ သေချာပါကြောင်း ဂုဏ်ပြုရေးသားလိုက်ပါတယ်။

# ရွှေတိဂုံစေတီတော်တွင် ဗီယက်နမ်နိုင်ငံမှ အလှူရှင်များက သံဃာတော် ၅၅၅၅ ပါးအား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲ ပြုလုပ်မည်



ယခုနှစ် တပေါင်းလပြည့်နေ့က ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပစဉ်။

**ရန်ကုန် မေ ၂၈**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ရွှေတိဂုံစေတီတော်တွင် ဗီယက်နမ်နိုင်ငံမှ အလှူရှင်များက သံဃာတော် ၅၅၅၅ ပါးအား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးညီညီမင်းက ပြောပြ၍ သိရသည်။

ရွှေတိဂုံစေတီတော်တွင် ဗီယက်နမ်နိုင်ငံမှ အလှူရှင်များက သံဃာတော် ၅၅၅၅ ပါးအား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲကို ဇွန် ၁ ရက်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အဆိုပါအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၊ သာသနာရေးဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး)၊ ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ၊ အမှတ် (၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံးတို့ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"အခမ်းအနားသို့ တက်ရောက်ကြမဲ့ ဗီယက်နမ်နိုင်ငံက အလှူရှင်တွေ ရွှေတိဂုံစေတီတော်ရင်ပြင်ပေါ်မှာ စနစ်တကျအဆင်ပြေချောမွေ့စွာနဲ့ ဆွမ်းဆန်တော်၊ လှူဖွယ်ပစ္စည်းတွေ လှူဒါန်းနိုင်ဖို့အတွက် နေရာချထားရေး၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးဦးဆောင်တဲ့ ပင့်သံဃာတော်အပါး ၅၅၅၅ ပါးကို ပင့်ဆောင်ရေး၊ ပြန်လည်ပို့ဆောင်ရေး၊ ကြွရောက်တော်မူကြတဲ့ သံဃာတော်တွေ၊ အလှူရှင်တွေ၊ ဧည့်ပရိသတ်တွေ၊ ဘုရားဖူးပြည်သူတွေအဆင်ပြေ အေးချမ်းစွာနဲ့ ဆွမ်းဆန်တော် လောင်းလှူနိုင်ရေး ကြည်ညိုနိုင်ရေးတို့အတွက်ကြိုတင်ပြင်ဆင်နေပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးဦးညီညီမင်းက ပြောသည်။

ထို့ပြင် အခမ်းအနားကျင်းပမည့် စေတီတော်ရင်ပြင်အတွင်း သံဃာတော်များကြွရောက်အလှူခံမည့် လျှောက်လမ်းနေရာများ၊ အလှူရှင်များအတွက် ယာယီနေရာများ၊ ဘုရားဖူးပြည်သူများ စိတ်ချမ်းမြေ့စွာ လောင်းလှူနိုင်ရန် နေရာများကို ကြိုတင်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။ ASH

# The Smashing Machine ဇာတ်ကား၌ အိုလက်ဇန်ဒါးယူဆက် ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် မေ ၂၈**

A24 ရုပ်ရှင်ကုမ္ပဏီ၏ The Smashing Machine ဇာတ်ကားသစ်တွင် ယူကရိန်းဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံ အိုလက်ဇန်ဒါးယူဆက်လည်း ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း မေ ၂၇ ရက် သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားတွင် အိုလက်ဇန်ဒါးယူဆက်သည် ကမ္ဘာကျော်အက်ရှင်မင်းသား ဒွင်းဂျွန်ဆင်၊ မင်းသမီး အမ်မီလီဘလန့်တို့နှင့် အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

The Smashing Machine ဇာတ်ကားသည် လက်ဝှေ့ချန်ပီယံ အိုလက်ဇန်ဒါးယူဆက်အတွက် ပထမဆုံးရုပ်ရှင်ဇာတ်ကားဖြစ်သည်။


အဆိုပါဇာတ်ကားသည် မူးယစ်ဆေးစွဲမှုပြဿနာများ၊ အချစ်ရေးပြဿနာနှင့် လူမှုရေးပြဿနာများဖြင့် ရုန်းကန်ခဲ့ရသောကမ္ဘာကျော် UFCကစားသမားမာ့ခ်ါး၏ဘဝကို အခြေခံရိုက်ကူးမည့်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

The Smashing Machine ဇာတ်ကားကို ဒါရိုက်တာ ဘင်နီဆက်ဒီးက ကိုယ်တိုင်ဇာတ်ညွှန်းရေးကိုယ်တိုင်ရိုက်ကူးမည်ဖြစ်ပြီး ရုံတင်မည့်ရက်ကို ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**





# စာရိတ္တ(၂) ရုပ်ရှင်ဇာတ်ကား ဆက်လက်ရိုက်ကူးသွားမည်

**ရန်ကုန် မေ ၂၈**

စာရိတ္တ(၂) ရုပ်ရှင်ဇာတ်ကားကို ဇွန်လအတွင်း ဆက်လက်ရိုက်ကူးသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်ကားကို တာဝန်ယူပုံဖော်ရိုက်ကူးခဲ့သူ ဒါရိုက်တာ စိုးမိုးမင်းက ပြောပြ၍ သိရသည်။

လက်ရှိတွင် စာရိတ္တ(၂) ရုပ်ရှင်ဇာတ်ကားအတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်နေပြီး အဓိကဇာတ်ဆောင်များ နေရာတွင် အပြောင်းအလဲ အနည်းငယ်ရှိမည်ဖြစ်သော်လည်း စာရိတ္တရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူအများအပြား ပြန်လည်ပါဝင်လာမည်ဖြစ်ကြောင်း သိရသည်။

"စာရိတ္တ (၂) ကတော့ လာတော့မှာပါ။ ကျွန်တော်တို့အကောင်းဆုံး စုဖွဲ့ပြင်ဆင်မှုတွေ လုပ်နေပါတယ်။ သရုပ်ဆောင်တွေကတော့ အပြောင်းအလဲ နည်းနည်းရှိပါမယ်။ ဇာတ်အိမ်ကိုလဲ ပိုပြီးကောင်းအောင်၊ ရိုက်ကူးရေးပိုင်းမှာလဲ ပိုပြီးကောင်းအောင်၊ သရုပ်ဆောင်တွေကလဲ တိုးပြီးတော့ ကြိုးစားကြမှာပါ။ ဇွန်လထဲမှာ ရိုက်ကူးရေးတွေစနိုင်ဖို့ပြင်ဆင်နေပါတယ်"ဟု ဒါရိုက်တာ စိုးမိုးမင်းက ပြောပြသည်။



စာရိတ္တ ရုပ်ရှင်ဇာတ်ကားကို The Ray ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည်ဖြစ်ပြီး ဒီးဒီးထက်အောင်၏ ဝတ္ထုဇာတ်လမ်းကို သက်ဦးမောင်က ဇာတ်ညွှန်းခွဲကာ ဒါရိုက်တာ စိုးမိုးမင်းက ရိုက်ကူးမည်ဖြစ်ကြောင်း၊ အဆိုပါဇာတ်ကားတွင် သရုပ်ဆောင် နေဝင်း၊ ကောင်းမြတ်စံ၊ မင်းဘုန်းမြတ်၊ တေဇလင်းရောင်၊ ထက်အောင်ရှိုင်း၊ မေမြင့်မို၊ ဝေလာရီ၊ ထွန်းပုလဲရတနာ၊ ဥသြသံသာ၊ လှနုထွန်းနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Kingdom of the Planet of the Apes ကမ္ဘာတစ်ဝန်းဝင်ငွေ ကန်ဒေါ်လာသန်း ၃၀၀ ခန့်ရှိလာ

**နယူးယောက် မေ ၂၈**

၂၀ ရာစုရုပ်ရှင်၏ Kingdom of the Planet of the Apes ဇာတ်ကားသည် စတင်ရုံတင်ပြီး တတိယသီတင်းပတ်ကုန်ချိန်တွင် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၃၀၀ ခန့်ရှိလာကြောင်း မေ ၂၇ ရက် သတင်းများအရ သိရသည်။

Kingdom of the Planet of the Apes ဇာတ်ကားကို ယခုနှစ် မေ ၉ ရက်တွင် ၂၀ ရာစုရုပ်ရှင်စတူဒီယိုက စတင်ရုံတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေသည် ရုံတင်ပြီး စတုတ္ထသီတင်းပတ်မကုန်မီမှာပင် အမေရိကန် ဒေါ်လာ သန်း ၃၀၀ ကို ကျော်လွန်သွားနိုင်ကြောင်း သိရသည်။

၂၀ ရာစုရုပ်ရှင်စတူဒီယိုသည် Kingdom of the Planet of the Apes ဇာတ်ကားအတွက် ရိုက်ကူးထုတ်လုပ်မှုစရိတ်အဖြစ် အမေရိကန်ဒေါ်လာ သန်း ၁၆၀ ထိ သုံးစွဲထားသည်။

Kingdom of the Planet of the Apes ဇာတ်ကားကို ဒါရိုက်တာ ဝက်ဘဲက ရိုက်ကူးပေးထားပြီး မင်းသမီး ဖရီယာအယ်လန်၊ လိုင်ဒီယာပက်ဟမ်းနှင့်မင်းသား ကီဗင်ဒူးရန့်တို့ပါဝင်ထားကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**



# ကျောက်တံတားမြို့နယ် Kalasa Art Gallery တွင် ရိုးရာရောင်ခြည် Monsoon Special Art Exhibition ပန်းချီပြပွဲ ပြသလျက်ရှိ

**ရန်ကုန် မေ ၂၈**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် Kalasa Art Gallery တွင် ရိုးရာရောင်ခြည် Monsoon Special Exhibition ပန်းချီပြပွဲပြသလျက်ရှိကြောင်း အဆိုပါပန်းချီပြပွဲတွင် ပါဝင်ပြသသူ ပန်းချီမျိုးမြင့်ထွန်းက ပြောပြ၍ သိရသည်။

အဆိုပါပန်းချီပြပွဲတွင် ဝါရင့်ပန်းချီဆရာများဖြစ်သည့် ပန်းချီခင်မောင်ရင်၊ မျိုးမြင့်ထွန်း၊ တင့်နိုင်၊ ဇော်ရဲအောင်၊ သိုးထိန်း၊ ဦးမြသောင်းတို့၏ လက်ရာစုံပန်းချီကားများကို မေ ၂၇ ရက်မှစ၍ မေ ၃၁ ရက်ထိပြသမည်ဖြစ်ပြီး Kalasa Art Gallery မှစုဆောင်းထားသည့် ပန်းချီကားများကို အထူးအစီအစဉ်ဖြင့် စုစည်းပြသရောင်းချပေးနေသည့် ပြပွဲလည်းဖြစ်ကြောင်း သိရသည်။

"ဒီပန်းချီပြပွဲမှာ ဝါရင့်ပန်းချီဆရာ တော်တော်များများရဲ့ စိတ်ကြိုက်ဖန်တီးထားတဲ့ လက်ရာတွေမြင်ရမှာပါ။ ပြခန်းဘက်ကလဲ အထူးအစီအစဉ်တွေ ရှိတဲ့အတွက် လာရောက်အားပေးသူတွေ စိတ်တိုင်းကျမှာပါ"ဟု ပန်းချီ မျိုးမြင့်ထွန်းက ပြောသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆×၂၄) လက်မ၊ (၂၄×၂၄) လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈) လက်မ စသဖြင့် အရွယ်အစားအစုံပါဝင်ပြီး ဈေးနှုန်းမှာ အနည်းဆုံးငွေကျပ် ခုနစ်သိန်းမှ အများဆုံးငွေကျပ် ၂၅ သိန်းထိရှိကြောင်း သိရသည်။ ASH

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win addresses first meeting of 2024 Fifth National Sports Festival Holding Steering Committee



Vice-Senior General Soe Win addresses first meeting of 2024 Fifth National Sports Festival Holding Steering Committee.

**Nay Pyi Taw May 28**

The 2024 Fifth National Sports Festival Holding Steering Committee held the first meeting at the Ministry of Sports and Youth Affairs here this afternoon, addressed by Patron of the committee Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win.

Present were members (union ministers) of the steering committee, the union auditor-general, the Nay Pyi Taw Council chair, deputy ministers, departmental heads and officials. Region/state chief ministers took part in the meeting through video conferencing.

In his address, the Vice-Senior General said sports promotion amounts to defending the country. Likewise, sports victory reflects national development. And, sports development expresses national prestige and standard. Hence, SAC has been making all-round efforts to raise the standard of the nation's sports.

It is upgrading the youth sector and supporting youth, the country's main force, to have the five strengths. SAC is also seriously implementing the second point -- To elevate the health and sports sectors inclusive of all the people, improving the longevity and health of the nation -- of the three social objectives included in its nine objectives. Holding sports of various sectors regularly is one of the essential tasks for promoting national sports standards. Hence, SAC draws yearwise sports calendar and holds sports events and it is now planning to hold the fifth national sports festival in 2024.

The past successive governments had organized national sports festivals. The first festival was held in 1992, the second in 1994, and the third in 1997 in Yangon. The fourth festival was held in Nay Pyi Taw in 2015 on a grand scale. SAC has planned to hold the fifth festival in Nay Pyi Taw in December 2024.

There is a six-month period for preparations that must be started now as the task includes national level activities such as advanced gathering programs and training sessions. Hence, the first meeting was held. SAC is holding students sports festivals, inter-state/region sports events, inter-ministry events year round. But the significance of national sports festival is that it is a national level event and has the highest number of teams and athletes from all over the country.

The first point of the festival's objectives is to further improve national sports standard; the second point is to ensure success at the 2025 33rd SEA games and other international sports meets and to promote national sports standard in accord with slogan -- Myanmar sports to conquer the world, for the emergence of athletes who will bring honour to the country and potential new general athletes, to cement inter-state/region and inter-ministry friendship, accelerate the sports movement, and arouse public interest in sports.

It is important to systematically organize the fifth festival on a grand scale during the administration of SAC as it will be held nearly ten years after the fourth festival. Hence, the steering committee, work committee and 11 subcommittees were set up in advance for the success of the festival. A rough policy for its success has been written and it will be submitted to the Head of State for approval.

Every competition will be tough in accord with the festival's prestige. Officials at all levels should make correct and fair judgments and the athletes should partake with sports spirit and rules. Only then will the festival produce honourable and qualified new general athletes for the 33rd SEA games and other international events. The festival will have two parts: inter-ministry events and inter-state/region events. The former will have six events and the latter, 23 events and an estimated number of total participants is about 6500.

The National Sports Festival, being a state-level event, requires meticulous planning and implementation to ensure high standards in the opening and closing ceremonies as well as in the sports competitions. Efforts should be made to ensure that athletes can stay comfortably. The opening and closing ceremonies should be organized in a grand and modern manner, on par with other state-level events. Additionally, discussions will be held to determine the commemorative logo for the National Sports Festival. Proper documentation of all competitions from start to finish must be carried out systematically to recognize and honor emerging national athletes.

In documenting the events, it is necessary to select only those athletes who achieved first, second, and third places, or those closest to the records, in the 32nd Southeast Asian Games as preliminary candidates for the national team. This will be systematically managed to enable them to participate in international competitions as national representatives. Given that the competitive spirit in sports can lead to intense rivalries, the sub-committee and responsible officials should conduct arbitration to avoid disputes and ensure all competing sports teams are informed of the rules and regulations for each sport. Since the duration of the sports festival will be relatively long, special attention must be paid to security arrangements. To ensure smooth accommodation, it is also necessary to prepare in advance for cleanliness and any requirements that may arise in the lodging facilities.

Additionally, regarding health, it is necessary to ensure that athletes have access to healthy and hygienic food. Relevant committees should plan in advance to ensure that the sports venues where the competitions will be held are of high quality and well-maintained. Officials should also coordinate the participation of individuals, experts, and artists from various fields to assist in the opening and closing ceremonies. Since this is a state-level event,

*See Page 13*

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Political parties issue statement condemning sanctions on Myanmar

**Yangon May 28**

The political parties organized a coordination meeting on sanctions on Myanmar at the Myanmar Convention Centre (MCC) in Yangon yesterday.

The event was attended by chairpersons, vice-chairpersons and executive committee members of political parties, the chairperson and members of the Myanmar Writers' Association, the president and general secretary of the Myanmar Farmers' Development Foundation, officials of foreign embassies in Myanmar and invitees.

USDP (Union Solidarity and Development Party) Chairperson U Khin Yi first mentioned the intention of the meeting to discuss sanctions on Myanmar.

Attendees then coordinated discussions and released a joint statement strongly opposing and condemning sanctions on Myanmar.

MNA



Officials from political parties hold a meeting to issue a joint declaration.

# Joint Declaration of (25) political parties

6th of the Waning Moon of Kason,1386 ME.

28th May 2024

1. In the Republic of the Uion of Myanmar, the government, responsible organizations, and citizens who desire for peace and stability are making concerted effort in accordance with the law to resolve the internal conflicts that have arisen in the aftermath of the 2020 multi-party democratic general elections.

2. However, numerous innocent civilians have been killed, private properties have been destroyed, essential social and economic infrastructures built with public funds have been damaged by the terrorist groups created by the extremist political actors. The future of the younger generation has also been destroyed.

3. As a consequence of the above episodes, basic livelihoods have deteriorated, leading to an increase in crimes such as robbery, kidnapping, arson, intimidation, and other acts of violence.

4. While the Myanmar Government is making concerted efforts to resolve the internal conflicts domestically, some powerful countries and some global organizations have imposed sanctions as a means to directly or indirectly support certain factions. Global responsibility such as giving support for the peace and stability of a country in positive manner, offering humanitarian support with impartiality should be abided by those countries and groups. They have instead adopted the practice of selectivity and partiality by imposing "Sanctions" to create political and economic crises to a country, which was the unsuccessful method of "Neo-colonialism".

5. Upon examining the sanctions on Myanmar from February 11,2021, to January 30,2024, it is found that they include blocking private assets, cutting off support links with the government, obstructing socio-econimic activities, restricting financial transfers, limiting and prohibiting export of goods and products, travel restrictions, suspending international engagements, isolating the country, and banning participation in global intellectual property meetings, among many other intensified measures.

6. The aforementioned sanctions explicitly target and restrict a nation's sover-eignty, development, stability, and the peaceful and prosperous future of its entire population. These actions also create conditions of discrimination and partiality, clearly violating the principles stated in Article(7) of the United Nations Universal Declaration of Human Rights, which asserts, "Discrimination instead of equal protection, incitement to discrimination, and equal protection", It has been observed that these declarations and principles are being blatantly violated.

7. Furthermore, these actions also violate the principles outlined in the United Nations Charter. Article (2), Section (1) which states, "The Organization is based on the principle of the sovereign equality of all its Members", and Section(4), states, "All Members shall refrain in their international relations from the threat or use of force against the territorial integrity of political independence of any state." It is concluded that these sanctions are in direct contravention of these principles.

8. Although sanctions are claimed to be directed at the Myanmar Government, the reality is that they adversely affect the entire population in Myanmar, causing widespread suffering and forcing them into a vicious cycle of hardship. Additionally, these actions will also hinder the progress of the five-step roadmap being imple-mented by the state and obstruct the conditions necessary for the emergence of a free and fair election.

9. Therefore, we strongly urge to revoke the sanctions imposed on the state as soon as possible. We request the international community to provide collective assistance based on the actual impact and conditions. Furthermore, we, all political parties, unanimously and categorically reject, oppose, and condemn any action of sanctions taken against Myanmar.

*From Page 12*

it is essential for everyone to actively and enthusiastically collaborate in its organization.

The upcoming National Sports Festival is not just a sports competition; it requires collaborative efforts from various ministries, state and regional governments, national sports federations, former national athletes, NGOs, media personnel, and the public. Everyone needs to contribute according to their respective roles with a sense of national pride and cooperation. This event is an opportunity to showcase the unity, collaborative spirit, patriotism, and stability of our nation. Therefore, the work committees and sub-committees must strive to successfully carry out their responsibilities and handle any unexpected challenges promptly by reporting to the relevant authorities.

Following that, the Chairman of the Steering Committee for the 5th National Sports Festival Union Minister for Sports and Youth Affairs U Min Thein Zan explained the preparations for the 5th National Sports Festival, the conduct of previous national sports festivals, the formation of work committees and sub-committees, the determination of competition types, the event schedules, and the award presentation plans.

Afterwards, the Chairman of the Opening/Closing Ceremony Organizing Committee Union Minister for Information U Maung Maung Ohn provided a briefing on the plans to conduct the opening and closing ceremonies of the 5th National Sports Festival in a grand and state-level manner that aligns with the contemporary era.

Subsequently, Union Ministers, the Auditor General of the Union, the Chairman of the Nay Pyi Taw Council, and the Chief Ministers of Regions and States, who are members of the steering committee, provided explanations according to their respective sectors on ensuring the successful and grand organization of the 5th National Sports Festival.

Following this, the chairpersons of the sub-committees for transportation, security, finance and awards, information and documentation, health, invitations and hospitality, ceremony preparations, accommodation and catering, and auditing, who are deputy ministers and the deputy auditor general, presented explanations and discussed the measures taken and planned activities to ensure the successful organization of the 5th National Sports Festival ceremonies according to their respective sectors.

Finally, the Vice-Senior General coordinated and supplemented the necessary points from the presentations and discussions, delivered concluding remarks, and concluded the meeting. 100

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ရုရှားနိုင်ငံက ယူကရိန်း၏ တာဝေးပစ်လွှတ်တိုက်ခိုက်နိုင်စွမ်းရှိသော NATO ထုတ်ပုံးများကို အောင်မြင်စွာဟန့်တားနိုင်ခဲ့



ရုရှားနိုင်ငံ၏ အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်များသည် ယူကရိန်းဘက်မှအသုံးပြုခဲ့သော အမေရိကန်ထုတ် မြေပြင်မှပစ်လွှတ်နိုင်သည့်ပုံးအသေးစားများ (GLSDB)ကို ဖိဖျက်ဟန့်တားခဲ့ကြောင်း Sputnik သတင်းဌာနက မေ ၂၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံနှင့် ဆွီဒင်နိုင်ငံတို့ ပူးပေါင်း၍ Boeing/Saab Group လုပ်ငန်းစုအဖွဲ့မှ တီထွင်ထုတ်လုပ်ထားသည့် GLSDB အသေးစားပုံးများသည် Boeing ကုမ္ပဏီ၏ GBU-39 Small Diameter Bomb အရွယ်အစားသေးငယ်သောပုံးသီးအမျိုးအစားဖြစ်ပြီး ၉၃ ကီလိုဂရမ် အလေးချိန်ရှိ Fragmentation Warhead တပ်ဆင်ထားသည့် အလေးချိန် ၁၂၉ ကီလိုဂရမ်၊ ထိရောက်အကွာအဝေး ကီလိုမီတာ ၁၅၀ ထိ ပစ်မှတ်များကိုတိုက်ခိုက်နိုင်ရန်အတွက် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။ GLSDB အသေးစားပုံးသီးများကို M270 နှင့် M142 HIMARS အတွဲလိုက် ဒုံးပစ်လောင်ချာစနစ်များ (MLRS) ဖြင့် တိကျစွာပစ်ခတ်နိုင်သည်။ ၂၀၂၂ ခုနှစ် နှစ်လယ်တွင် ယူကရိန်းနိုင်ငံသို့ အမေရိကန်ဘက်က ထိုစနစ်များစတင်ပေးပို့ခဲ့ပြီး ရုရှားတပ်ဖွဲ့များသည် ၎င်း MLRS စနစ်များ၏ ပြောင်းလွယ်ပြင်လွယ်ရှိစွာ လှုပ်ရှားစစ်ကစားနိုင်မှုမြင့်မားကောင်းမွန်သောကြောင့် အစပိုင်းတွင် အခက်အခဲများ တွေ့ကြုံခဲ့ရသည်။

ယူကရိန်း၏ တာဝေးပစ်တိုက်ခိုက်မှု အလားအလာကို တိုးမြှင့်နိုင်ရန် ပင်တဂွန်စစ်ဌာနချုပ်မှ ကမ်းလှမ်းမှုဖြင့် ၂၀၂၄ ခုနှစ် အစောပိုင်းတွင် ယူကရိန်းနိုင်ငံသို့ GLSDB အသေးစားပုံးများကို စတင်ပေးပို့ခဲ့ပြီး ဒွန်ဘတ်စ်ဒေသနှင့် အခြားရှေ့တန်းစစ်မျက်နှာနေရာများရှိ စစ်ဘက်နှင့်အရပ်ဘက် ပစ်မှတ်များကို ယူကရိန်းတို့ဘက်မှ ပစ်မှတ်ထားတိုက်ခိုက်လာခဲ့ကြသည်။

နိုင်ငံတကာ စစ်ဘက်သတင်းရင်းမြစ်များအရ ရုရှားနိုင်ငံ၏ Jamming Equipment စက်ပစ္စည်းကိရိယာ၊ စနစ်များသည် GLSDB ပုံးများထံ GPS အကူအညီသုံး Inertial Navigation လမ်းညွှန်ထိန်းကျောင်းရေးစနစ်ကို ပစ်မှတ်ထားဖိဖျက်နိုင်ခဲ့ပြီး ပုံးများ၏တိုက်ပွဲဝင်ထိရောက်မှုကို သိသိသာသာလျော့ကျစေသည်ဟု သိရသည်။


အဆိုပါပြဿနာကိုဖြေရှင်းရန် Boeing ကုမ္ပဏီအနေဖြင့် လများစွာကြာအချိန်ယူရလိမ့်မည်ဟု သတင်းရင်းမြစ်တစ်ခုက ပြောကြားခဲ့သည်။ ရုရှား၏ အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်များကြောင့် စစ်မြေပြင်တွင် အသုံးမဝင်တော့သော တာဝေးပစ်လက်နက်များ ရာခိုင်နှုန်းမည်မျှရှိကြောင်း အစီရင်ခံစာတွင် အသေးစိတ်ဖော်ပြထားခြင်းတော့ မရှိပေ။

GLSDB ပုံးများသည် ရုရှားအီလက်ထရွန်နစ်စစ်ဆင်ရေး ဆောင်ရွက်မှုများကြောင့် NATO အုပ်စုမှ ကျောထောက်နောက်ခံပြုထားသောယူကရိန်းတပ်ဖွဲ့ဝင်များအတွက် ပြဿနာများရင်ဆိုင်ခဲ့ရသည့် စနစ်များထဲမှတစ်ခုသာဖြစ်သည်။ Hudson Institute မှ အကြီးတန်းသုတေသီတစ်ဦးဖြစ်သည့် Daniel Patt က အမေရိကန်ထုတ် 155 mm GPS-guided Excaliburအမြောက်ကျည်များ၏တိုက်ပွဲဝင် ထိရောက်မှုသည် ၇၀ ရာခိုင်နှုန်းရှိနေရာမှ ရုရှားတပ်ရင်း၊ တပ်ဖွဲ့များက အဆိုပါအမြောက်ကျည်များကိုတန်ပြန်ရန် အီလက်ထရွန်နစ်စစ်ဆင်ရေးစွမ်းဆောင်ရည်များကို ရက်သတ္တပတ်အတော်ကြာ ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ခြောက်ရာခိုင်နှုန်းထိကျဆင်းသွားခဲ့ရကြောင်း မတ်လတွင် အမေရိကန်ကွန်ဂရက်သို့ ပြောကြားခဲ့သည်။

ယူကရိန်းနိုင်ငံမှ တာဝန်ရှိသူများ၊ အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် ရှေ့တန်းရောက်တပ်ဖွဲ့ဝင်များ၏ ပြောကြားချက်များကို ကိုးကားပြီး ရုရှားနိုင်ငံ၏ အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်များသည် Kharkov ဒေသရှိ PaceX ၏ Starlink ဂြိုဟ်တုအင်တာနက်စက်များ အသုံးပြုတိုက်ပွဲဝင်နေမှုအပေါ် အောင်မြင်စွာဟန့်တားနိုင်ခဲ့သည်ဟု ယခုသီတင်းပတ်အတွင်း New York Times က ဆောင်းပါးရေးသားခဲ့ကြောင်း သိရသည်။

**Russia is Blinding Ukraine's Long-Range NATO Glide Bombs ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်-ဂျပန် နှစ်နိုင်ငံပူးပေါင်းပြီး Counter-Hypersonic Missile အစီအစဉ်ကိုဆောင်ရွက်မည်



အမေရိကန်-ဂျပန် နှစ်နိုင်ငံပူးပေါင်း၍ အကောင်အထည်ဖော် လုပ်ဆောင်မည့် တန်ပြန်ဟိုက်ပါဆောနစ် ဒုံးကျည်စနစ် (Counter-Hypersonic Missile) ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တွင် အမေရိကန်နိုင်ငံ Northrop Grumman ကုမ္ပဏီသည် ပါဝင်ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း The Defense Post သတင်းဌာနက မေ ၂၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံ ဒုံးကျည်အေဂျင်စီ (Missile Defense Agency)နှင့်အတူ Northrop Grumman ကုမ္ပဏီသည် တန်ပြန်ဟိုက်ပါဆောနစ်ဒုံးကျည် Glide Phase Interceptor (GPI) ၏ အစိတ်အပိုင်းများကို တီထွင်ထုတ်လုပ်နိုင်ရန်အတွက် ဂျပန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန၊ ၎င်း၏ ကာကွယ်ရေးစက်မှုလုပ်ငန်းမိတ်ဖက်ကုမ္ပဏီများနှင့်အတူ ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။

၎င်းအစီအစဉ်သည် သုတေသန၊ ဖွံ့ဖြိုးတိုးတက်မှု၊ စမ်းသပ်မှုနှင့် အကဲဖြတ်ရေးစီမံကိန်းများအတွက် လက်မှတ်ရေးထိုးသဘောတူညီခဲ့သော 2023 US-Japan နှစ်နိုင်ငံ နားလည်မှုစာချွန်လွှာမှ အရင်းခံပေါ်ထွက်လာခဲ့ခြင်းလည်း ဖြစ်ကြောင်း သိရသည်။

"ကြီးထွားလာနေတဲ့ ခြိမ်းခြောက်မှုတွေကို တုံ့ပြန်ဖို့ဖောက်သည်နိုင်ငံတွေ လိုအပ်နေတဲ့ စွမ်းဆောင်ရည်တွေကို ပေးစွမ်းနိုင်စေဖို့အလို့ငှာ တန်ပြန်ဟိုက်ပါဆောနစ်နည်းပညာတိုးတက်ဖွံ့ဖြိုးလာရေး ရင်းနှီးမြှုပ်နှံ၊ လုပ်ဆောင်သွားဖို့ ကတိပြုထားပါတယ်"ဟု Northrop Grumman ကုမ္ပဏီမှ လွှတ်တင်ရေးယာဉ်များ ဆိုင်ရာ ဒုတိယဥက္ကဌ Mike Pinkston က ပြောကြားခဲ့သည်။

GPI သည် အမေရိကန်-ဂျပန် တန်ပြန်-ဟိုက်ပါဆောနစ် ဒုံးကျည်စနစ် ဖွံ့ဖြိုးတိုးတက်ရေး ပရိုဂရမ်၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး အသံထက်မြန်သောဟိုက်ပါဆောနစ်ဒုံးကျည်များကို ၎င်းတို့ပျံသန်းစဉ်အတွင်း ကြားဖြတ်ဟန့်တားနိုင်သည့် ထိရောက်သော ဖြေရှင်းချက်နည်းလမ်းတစ်ရပ် တီထွင်ထုတ်လုပ်ရန် ရည်ရွယ်သည်။ Northrop နှင့် Raytheon ကုမ္ပဏီတို့သည် GPI ဟိုက်ပါဆောနစ်ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည် ဒီဇိုင်းနှင့်ပတ်သက်၍ စင်ပြိုင်ဖြစ်နေပြီး ၂၀၃၀ ပြည့်နှစ် နှစ်လယ်ပိုင်းခန့်တွင် ပထမဆုံးအကြိမ် တိုက်ပွဲဝင်အသင့် တပ်ဖြန့်အသုံးပြုနိုင်ရန် မျှော်မှန်းထားသည်။ GPI သည် ပျံသန်းမှုအဆင့်တစ်လျှောက်တွင် အသံထက်မြန်သော ဒုံးကျည်ကို ၎င်းဒုံးကျည်လေထုထဲသို့ပြန်မဝင်မီ အာကာသထဲ၌ လေဟုန်စီးနေချိန်တွင် ကြားဖြတ်ပစ်ချနိုင်ရန်လည်း တွက်ဆထားမှုပါဝင်သည်။ ထိုအချိန်သည် GPI ၏ ပျံသန်းမှုအဆင့်မှာလည်း Glide Phase လေဟုန်စီးပျံသန်းမှုအပိုင်းမျိုးဖြစ်သည်။

ပဏာမအစီရင်ခံချက်များအရ GPI ကြားဖြတ်တိုက်ခိုက်ရေး ဒုံးကျည်များကို ရေတပ်သုံးသင်္ဘောအခြေပြု Aegis Weapon System ကို အဆင့်မြှင့်တင်ထားသောဗားရှင်းမှ စတင်ထုတ်လုပ်လာနိုင်ဖွယ်ရှိကြောင်း သိရသည်။

Northrop Grumman ကုမ္ပဏီ၏ ဒုံးကျည်ကာကွယ်ရေး၊ တွန်းကန်အားနှင့် ကြားဖြတ်ကိရိယာ၊ ပစ်မှတ်များ ဖွံ့ဖြိုးတိုးတက်မှုကဲ့သို့သော နယ်ပယ်များတွင် ကျွမ်းကျင်ပိုင်နိုင်မှုများကို ယခုစီမံကိန်းတွင် အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အသုံးချသွားနိုင်မည်ဖြစ်သည်။

**Northrop to Support US-Japan Counter-Hypersonic Missile Program ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# မြင်းမူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးခဲ့သော ပဲကြီး ၄၈၀၁ ဧက ရိတ်သိမ်းပြီးစီး



**စစ်ကိုင်း မေ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးခဲ့သော ပဲကြီး ၄၈၀၁ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြင်းမူမြို့နယ်တွင် စိုက်ပျိုးခဲ့သော ပဲကြီးစိုက်ခင်းများရိတ်သိမ်းမှုကို ယခုနှစ် ဖေဖော်ဝါရီလမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၄၈၀၁ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၅ ဒသမ ၈၃ တင်းထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ ပဲကြီး ၄၈၀၁ ဧက စိုက်ပျိုးထားပါတယ်။ လက်ရှိ စိုက်ခင်းတွေ အားလုံးရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲသီးနှံ အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့ လိုအပ်တဲ့ မျိုးကောင်း မျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာ စတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် ပဲကြီးစိုက်ပျိုးတောင်သူများအနေဖြင့် ပဲကြီးစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများကို စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

GAPနည်းစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် အခြားနည်းစနစ်များဖြင့်စိုက်ပျိုးသည့် သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်အတွင်းသာမက ပြည်ပဈေးကွက်များသို့ပါ တင်ပို့ရောင်းချနိုင်သည်ထိ အရည်အသွေးကောင်းမွန်ခြင်းကြောင့် အဆိုပါနည်းစနစ်များဖြင့် စိုက်ပျိုးသည့်တောင်သူများ အကျိုးစီးပွား ပိုမိုဖြစ်ထွန်းလာနိုင်ကြောင်း သိရသည်။ (၂၀၆)

# ဖြူးမြို့နယ် သပြေသာကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ဖြူး မေ ၂၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တံခွန်တိုင်ကျေးရွာအုပ်စု သပြေသာကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဝင်များရွေးချယ်ဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်က သပြေသာကျေးရွာရှိ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်အကြောင်းအရာများ၊ ကျေးရွာကော်မတီဝင်များ ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများ၊ ခံစားခွင့်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေတွင် ပါရှိသော ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။



ဆက်လက်၍ ဖြူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံဝန်ထမ်းက သပြေသာကျေးရွာ၌ကျေးရွာ ကော်မတီဝင်များရွေးချယ်ဖွဲ့စည်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီးနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင် ခုနစ်ဦးကို အများဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

ဖြူးမြို့နယ် သပြေသာကျေးရွာ၌ ၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ အသုံးပြုပြီး ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုညို**

# ညောင်ရွှေမြို့နယ် နန္ဒဝန်ရပ်ကွက်၌ အုတ်စီရေမြောင်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**ညောင်ရွှေ မေ ၂၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် နန္ဒဝန်ရပ်ကွက် ခရေ(၁)လမ်းတွင် မိုးကာလရေကြီးရေလျှံမှုမရှိစေရေးအတွက် အုတ်စီရေမြောင်းဖောက်လုပ်ပြီးစီးမှုကို မေ ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ရွှေမြို့နယ် နန္ဒဝန်ရပ်ကွက် ခရေ(၁)လမ်းတွင် မိုးကာလရေကြီးရေလျှံမှုမဖြစ်ပေါ်စေရေးအတွက် ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးတင့်ဝေနှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၁၃၈ သိန်းဖြင့် ဆောင်ရွက်သည့် အုတ်စီရေမြောင်းဖောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကြပြီး ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးဌာန အငယ်တန်းအင်ဂျင်နီယာ-၂ ဒေါ်ကေသီနွယ်ဝင်းက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို လိုက်လံရှင်းလင်းပြသရာ အမှုဆောင်အရာရှိ ဦးတင့်ဝေက ရပ်ကွက်အတွင်း ရေစီးရေလာကောင်းမွန်စေရေး၊ မြို့တွင်း ရေမြောင်းစနစ်များ စနစ်တကျလည်ပတ်စီးဆင်းမှုရှိစေရေး ဆောင်ရွက်ကြရန် တာဝန်ရှိသူများကို မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ညောင်ရွှေမြို့နယ် နန္ဒဝန်ရပ်ကွက် ခရေ(၁)လမ်းတွင် အရှည်ပေ ၂၃၀၊ အကျယ် နှစ်ပေ၊ အမြင့်နှစ်ပေရှိ အုတ်စီရေမြောင်းဖောက်လုပ်ခြင်းလုပ်ငန်းကို ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးဌာနက မေ ၁၅ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါအုတ်စီရေမြောင်းဖောက်လုပ်ပြီးစီးမှုကြောင့် ရပ်ကွက်အတွင်း မိုးရာသီကာလတွင် ရေကြီးရေလျှံမှုမှ ကာကွယ်ပေးနိုင်မည်ဖြစ်ပြီး ရေစီးရေလာကောင်းမွန်စေခြင်းဖြင့် ခြင်၊ ယင်များပေါက်ဖွားမှုအန္တရာယ်မှ ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးတင့်ဝေထံမှ သိရသည်။

**ကျော်ဇောဦး(မော်ရှမ်းမြေ)**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံ့ခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၈-၅-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ရွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၁၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၄၆၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၄၁၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၇၀၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၈၁၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# ပညာရေးဝန်ကြီးဌာနသည် နိုင်ငံတိုးတက်ရေးအတွက် အရေးပါသည့်ဌာနဖြစ်၍ ပညာရေးဝန်ထမ်းမိသားစုများအားလုံး လက်တွဲညီညီဖြင့် ပညာရေးဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်



**နေပြည်တော် မေ ၂၈**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တက္ကသိုလ်ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးများနှင့် အွန်လိုင်းမှ တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တက္ကသိုလ်ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပညာရေးဝန်ကြီးဌာနသည် နိုင်ငံတိုးတက်ရေးအတွက် အရေးပါသည့်ဌာနဖြစ်၍ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများ၊ ပညာရေးဝန်ထမ်း မိသားစုများအားလုံး လက်တွဲညီညီဖြင့် ပညာရေးဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ပညာရေးဝန်ထမ်းများအနေဖြင့် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းထဲရောက်ရှိစေရေး ဝိုင်းဝန်းလက်တွဲကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အနည်းဆုံး အလယ်တန်းကျောင်းများအားလုံး ကျောင်းစာကြည့်တိုက် ထားရှိရန်နှင့် ကျောင်းစာကြည့်တိုက်တွင် စာဖတ်ချိန်ကို အချိန်ဇယားတွင် ထည့်သွင်းရေးဆွဲကျင့်သုံးကြရမည်ဖြစ်ပါကြောင်း၊ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ပညာရေးမှူးများအနေဖြင့် စာသင်ကျောင်းများနှင့် စာသင်ခန်းများအထိ အရောက်သွား၍ ကျောင်းသား၊ ကျောင်းသူများ ပညာရည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ ဘာသာရပ်သင်ကြားရုံမျှသာမဟုတ်ဘဲ ကျောင်းသားလူငယ်များကို ယဉ်ကျေးလိမ္မာအောင်၊ အကျင့်စာရိတ္တကောင်းမွန်အောင်၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိအောင်၊ မိမိယဉ်ကျေးမှုကို မြတ်နိုးတန်ဖိုးထား၍ ထိန်းသိမ်းစောင့်ရှောက်တတ်အောင် သွန်သင်ဆုံးမပြုစုပျိုးထောင်ပေးကြရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ပုဂ္ဂလိကကျောင်းများကို ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့၏ ထောက်ခံချက်အရ ထပ်မံစိစစ်၍ ကျောင်းမှတ်ပုံတင်လက်မှတ်ထုတ်ပေးလျက်ရှိကြောင်း၊ ပုဂ္ဂလိကဆရာအတတ်ပညာသင်တန်း တက်ရောက်ပြီးသူများကို ဘွဲ့လက်မှတ်မှန်ကန်မှု၊ ပြစ်မှုကင်းရှင်းမှု ထပ်မံစိစစ်၍ ပုဂ္ဂလိကကျောင်းဆရာမှတ်ပုံတင်လက်မှတ် ထုတ်ပေးမည်ဖြစ်ပါကြောင်း၊ သင်ရိုးညွှန်းတမ်းနှင့် သင်ကြားသင်ယူမှုနည်းစနစ်များကို မွမ်းမံမြှင့်တင်ခြင်းဖြင့် မြန်မာနိုင်ငံပညာရေးအဆင့်အတန်းမြှင့်တင်ရေးတွင် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက အခြေခံပညာကျောင်းများတွင် တည်ဆောက်ရေးလုပ်ငန်းများ အချိန်မီပြီးစီးရေး ကြီးကြပ်ဆောင်ရွက်ကြရန်နှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုမှတ်တမ်းများ ပေးပို့ရန်အတွက် မှာကြားသည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်း၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်၊ ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နှင်းကြည်တို့က အခြေခံပညာ၊ အဆင့်မြင့်ပညာ၊ ဆရာအတတ်ပညာကဏ္ဍရှိ တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများနှင့် ပညာရေးဒီဂရီကောလိပ်တို့တွင် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ၄၂ / ၂၀၂၄**
၁၃၈၆ ခုနှစ် ကဆုန်လပြည့်ကျော် ၆ ရက်
(၂၀၂၄ ခုနှစ် မေလ ၂၈ ရက်)

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဗိုလ်ချုပ်ကိုလေးအား ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**
**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

# ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့ရှိ ကျေးလက်ဒေသတွင်နေထိုင်သည့် သက်ကြီးရွယ်အိုများ၏ ဝင်ငွေရရှိမှုအပေါ် ကိုဗစ်-၁၉ ၏အကျိုးသက်ရောက်မှုများ လေ့လာမှုဆိုင်ရာသုတေသနစာတမ်း၏တွေ့ရှိချက်များကို သုံးသပ်အကြံပြုခြင်းဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မေ ၂၈**

အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (Senior Officials Meeting on Social Welfare and Development-SOMSWD)တွင် မြန်မာ၏ SOMSWD Work Plan (2021-2025) အရ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့ရှိ ကျေးလက်ဒေသတွင်နေထိုင်သည့် သက်ကြီးရွယ်အိုများ၏ ဝင်ငွေရရှိမှုအပေါ် ကိုဗစ်-၁၉ ၏ အကျိုးသက်ရောက်မှုများ လေ့လာမှုဆိုင်ရာ သုတေသနစာတမ်းကို ASEAN Development Fund(ADF) အထောက်အပံ့ဖြင့် ၂၀၂၃ ခုနှစ် ဇွန်လမှ ၂၀၂၄ ခုနှစ် ဇွန်လထိ သက်ဆိုင်ရာနိုင်ငံများအလိုက် သုတေသနများ ဆောင်ရွက်ခဲ့ကြပြီး တွေ့ရှိချက်များကို သုံးသပ်အကြံပြုခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (Validation Workshop for the Research on the Impact of COVID-19 on the Income Security of Rural Older People in Cambodia, Lao PDR, Myanmar and Vietnam)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ်၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

ဆွေးနွေးပွဲသို့ ASEAN Ministrerial Meetings on Social Welfare and Development-AMMSWD (Myanmar) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ သက်ဆိုင်ရာဌာနအသီးသီးမှ တာဝန်ရှိသူများ၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနိုင်ငံတို့မှ Regional Researcher နှင့် National Researchers များ၊ ဌာနဆိုင်ရာများနှင့် ပြင်ပအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက In-Person ဖြင့် တက်ရောက်ကြပြီး အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ၊ အာဆီယံ လူမှုဝန်ထမ်းနှင့်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (SOMSWD)၏ အလှည့်ကျဥက္ကဋ္ဌနှင့် Focal Points များ၊ အာဆီယံအလုပ်သမားဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး (SLOM)၏ အလှည့်ကျဥက္ကဋ္ဌတို့က Virtual စနစ်ဖြင့် တက်ရောက်ကြသည်။




အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ကိုဗစ်-၁၉ သည် ကမ္ဘာတစ်ဝန်းတွင် ထိခိုက်လွယ်အုပ်စုများအတွက် စိန်ခေါ်မှုများကိုဖြစ်ပေါ်စေခဲ့ပြီး အရှေ့တောင်အာရှ၏ ကျေးလက်ဒေသတွင်နေထိုင်သော သက်ကြီးရွယ်အိုများအတွက်လည်း ဝင်ငွေရရှိမှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ထောက်ပံ့မှုများအပါအဝင် အခက်အခဲများကို ဖြစ်ပေါ်စေခဲ့ပါကြောင်း၊ ဤသုတေသနတွေ့ရှိချက်များသည် သက်ကြီးရွယ်အိုများအပေါ် ကိုဗစ်-၁၉ ၏ဘက်ပေါင်းစုံမှအကျိုးသက်ရောက်မှုများကို ဖော်ပြထားပြီး ထိုမှတစ်ဆင့် ထိရောက်သောမူဝါဒများချမှတ်နိုင်ရေးအတွက် အကြံပြုချက်များ ပါရှိပါကြောင်း၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့ရှိ ကျေးလက်ဒေသတွင်နေထိုင်သည့် သက်ကြီးရွယ်အိုများ၏ ဝင်ငွေရရှိမှုရေရှည်တည်တံ့စေရေးအတွက် အထောက်အကူပြုနိုင်ရေး တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးသွားကြရန် တိုက်တွန်းပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး (SOMSWD)၏ အလှည့်ကျဥက္ကဋ္ဌကိုယ်စား ဗီယက်နမ်နိုင်ငံ အလုပ်သမားနှင့်လူမှုရေးရာဝန်ကြီးဌာန နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Dr. Ha Thi Minh Duc က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် သုတေသန၏ Regional Researcher ဖြစ်သူ ဒေါက်တာခိုင်ခင်ဖြူက ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့ရှိ ကျေးလက်ဒေသတွင်နေထိုင်သည့် သက်ကြီးရွယ်အိုများ၏ ဝင်ငွေရရှိမှုအပေါ် ကိုဗစ်-၁၉ ၏ အကျိုးသက်ရောက်မှုများအပေါ် လေ့လာမှုဆိုင်ရာ သုတေသနစာတမ်း၏တွေ့ရှိချက်နှင့် အကြံပြုချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာသူများက သုတေသနစာတမ်းနှင့်စပ်လျဉ်း၍ သုံးသပ်အကြံပြုဆွေးနွေးခဲ့ကြပြီး မြန်မာနိုင်ငံ၏ SOMSWD Focal Point ဖြစ်သူ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန္တလေးမြို့ လေးပြင်လေးရပ်မှ ဆရာတော်၊ သံဃာတော် ၁၀၂၇၂ ပါးအား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းနှင့် နဝကမ္မအလှူငွေများ လောင်းလှူဒါန်းပွဲ အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ခြင်းအခမ်းအနားကျင်းပ





**မန္တလေး မေ ၂၈**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလှူရှင်များကကြီးမှူး၍ မန္တလေးမြို့ လေးပြင်လေးရပ်မှ ဆရာတော်၊ သံဃာတော် ၁၀၂၇၂ ပါးအား ပင့်ဖိတ်၍ ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ လောင်းလှူပွဲအခမ်းအနားကို ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ နေ့ထူးနေ့မြတ်ဖြစ်သော မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓနေ့) မေ ၂၂ ရက်က စည်ကားသိုက်မြိုက် အောင်မြင်စွာကျင်းပ ပြီးစီးခဲ့သည်။

အဆိုပါ အခမ်းအနားအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ အလှူငွေများ ထည့်ဝင်လှူဒါန်းခဲ့ကြသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်ခြင်း အခမ်းအနားကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ယနေ့နံနက်ပိုင်းကကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအဖွင့်အမှာစကားပြောကြားရာတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်အလှူရှင်များကကြီးမှူး၍ မန္တလေးမြို့ လေးပြင်လေးရပ်မှ ဆရာတော်၊ သံဃာတော် ၁၀၂၇၂ ပါးအား ပင့်ဖိတ်၍ ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ လောင်းလှူပွဲအခမ်းအနားတွင် စေတနာ သဒ္ဓါတရားထက်သန်စွာဖြင့် ပါဝင်လှူဒါန်းခဲ့ကြသည့် စေတနာရှင်အလှူရှင်များ၊ ကိုယ်တိုင်လောင်းလှူခဲ့ကြသည့် အလှူရှင်များနှင့် အခမ်းအနားအစအဆုံးအောင်မြင်ပြီးမြောက်သည်ထိ ကိုယ်ရောစိတ်ပါ ကုသိုလ်ယူ ပါဝင်ဆောင်ရွက်ခဲ့ကြသူအားလုံးကို မှတ်တမ်းတင် ဂုဏ်ပြုကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားပြီး အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

☆ **ကျောဖုံးမှအဆက်**

ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရနှင့် ကုသိနာရုံ မြန်မာကျောင်းတိုက်မှ အဓိပတိပဓာန နာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဒေါက်တာဘဒ္ဒန္တဉာဏိဿရတို့ ကြွရောက်ချီးမြှင့်တော်မူကြပြီး ဗုဒ္ဓဘာသာနိုင်ငံများမှ သံအမတ်ကြီးများ၊ ဗုဒ္ဓဘာသာအဖွဲ့အစည်းပေါင်းစုံမှ ဆရာတော်များ၊ လူပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ထို့နောက် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင်က အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ဂုဏ်ထူးဆောင် ဉေသည့်တော် သီတဂူဆရာတော်ကြီးနှင့် ကုသိနာရုံ ဆရာတော်ကြီးတို့က ဩဝါဒစကားမြွက်ကြားကြသည်။

ထို့နောက် နိုင်ငံတော်အစိုးရကိုယ်စား မြန်မာသံအမတ်ကြီးက အိန္ဒိယနိုင်ငံမှ ဘွဲ့ခံဆရာတော်များဖြစ်သည့် Ven. Bhikkhu Sanghasena မဟာဗောဓိအပြည်ပြည်ဆိုင်ရာ တရားရိပ်သာ၊ ဒေါက်တာ ဘဒ္ဒန္တဓမ္မပီယ ဓမ္မဒီပပညာရေးကျောင်းနှင့် ဒေါက်တာဘဒ္ဒန္တယသ၊ ဦးစန္ဒြမဏိဆိုနော်လီ မြန်မာကျောင်းတိုက်တို့အား သာသနာ့ဂုဏ်ထူးဆောင်ဘွဲ့များ ဆက်ကပ်အပ်နှင်းခဲ့ပြီး လူမှုထူးချွန်လူပုဂ္ဂိုလ်လေးဦးကိုလည်း အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓငြိမ်းချမ်းရေးဆု (International Buddha Peace Awards)များ ချီးမြှင့်အပ်နှင်းခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားမည့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ ကျောင်းသား၊ ကျောင်းသူများကို ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်လင်းမောင် ကျောင်းသူတစ်ဦးကို ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်စဉ်။

**နေပြည်တော် မေ ၂၈**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားမည့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ ကျောင်းသား၊ ကျောင်းသူများကို ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်လင်းမောင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်ပြီး ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

# ကျိုကုန်းမြို့နယ် အင်တိုင်းကြီး၊ အင်တိုင်းလေးကျေးရွာအတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

**နေပြည်တော် မေ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကျိုကုန်းမြို့နယ် အင်တိုင်းကြီး၊ အင်တိုင်းလေးကျေးရွာအတွင်းရှိ ဒေသခံပြည်သူများကို ယနေ့တွင် အနောက်မြောက်တိုင်း စစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အင်တိုင်းကြီး ဘုန်းတော်ကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၂၅ ဦးကို သွေးတိုးရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ မျက်စိရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ခါးနာရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ကျိုကုန်းတပ်နယ်မှ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။


## ပြည်ပထွက်ခွာလိုသူ ပြည်သူများသို့ သိပေးကြေညာချက်

၁။ လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်နှင့်ဇီဝဆိုင်ရာအချက်အလက်များကောက်ယူ၍ ဂဏန်း ၁၀ လုံးပါ Unique ID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကို သက်ဆိုင်ရာလဝကမြို့နယ်ရုံးအားလုံး၌ ဥပဒေနှင့်အညီစိစစ်၍ အခမဲ့ဆောင်ရွက်ထုတ်ပေးလျက်ရှိပါသည်။

၂။ သို့ရာတွင် ပြည်ပထွက်ခွာလိုသည့် ပြည်သူများအနေဖြင့် ၎င်းတို့နှင့်သက်ဆိုင်သည့် လဝကမြို့နယ်ရုံးများ၌ UID နံပါတ်ဆောင်ရွက်ထုတ်ယူခဲ့ခြင်းမရှိဘဲ နယ်စပ်ဒေသများရှိ UID လုပ်ငန်းဆောင်ရွက်သည့်နေရာများ၌သာ UID နံပါတ်ရရှိရေးအတွက် အရေးတကြီးပြုလုပ်ဆောင်ရွက်လျက်ရှိကြသဖြင့် ယင်းနေရာ၌သာ လူစုလူဝေးများဖြစ်ပေါ်ခြင်း၊ လုပ်ငန်းဆောင်ရွက်မှုအချိန်နှောင့်နှေးကြန့်ကြာခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ အကြောင်းအမျိုးမျိုးဖြင့် ပြည်ပထွက်ခွာလိုသူ ပြည်သူများအနေဖြင့် သက်ဆိုင်ရာလဝကမြို့နယ်ရုံးများသို့ လူကိုယ်တိုင်သွားရောက်၍ UID နံပါတ် ကြိုတင်ထုတ်ယူဆောင်ရွက်ထားကြပါရန်နှင့် အခက်အခဲများရှိခြင်း၊ ငွေကြေးတောင်းခံခြင်းများရှိပါက အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန၏ Facebookစာမျက်နှာဖြစ်သည့် www.facebook.com/ eIDDept မှတစ်ဆင့်ဆက်သွယ်တိုင်ကြားဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

# တရားဝင်နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်မရှိဘဲ နိုင်ငံခြားငွေများကို Facebook Page များနှင့် အင်တာနက်စာမျက်နှာများမှ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ လဲလှယ်ခြင်းဆောင်ရွက်သူများကို ထပ်မံအရေးယူဆောင်ရွက်ခြင်း

၁။ အောက်ဖော်ပြပါ Facebook Page များနှင့် အင်တာနက်စာမျက်နှာများတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ခွင့်ပြုထုတ်ပေးထားသော နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ရရှိကိုင်ဆောင်ထားခြင်းမရှိဘဲ နိုင်ငံခြားငွေများကို ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ လဲလှယ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း စစ်ဆေးတွေ့ရှိရသည့်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် အဆိုပါအဖွဲ့အစည်းများနှင့် ပါဝင်ပတ်သက် ရောင်းဝယ်နေသူများကို အရေးယူဆောင်ရွက်ပြီးဖြစ်သည့်အပြင် ပြည်ပမှ အဝယ်၊ အရောင်းဆောင်ရွက်နေသည့် Page များ၊ ဖုန်းနံပါတ်များကို သက်ဆိုင်ရာဗဟိုဘဏ်များသို့ အကြောင်းကြား၍ အရေးယူဆောင်ရွက်ရန် ညှိနှိုင်းလျက်ရှိပါသည်။

(က) ငွေဈေးနှုန်းနှင့် ငွေလွှဲဆိုင်
(ခ) Moe Latt
(ဂ) Si Thu & bro များ
(ဃ) ရန်ကုန်ငွေဈေး
(င) ဒေါ်လာဝယ်ရောင်းတိုက်ရိုက် USD Exchange
(စ) ဒေါ်လာရောင်းဝယ်
(ဆ) December Snow
(ဇ) June Lin Htet Naing
(ဈ) Htet Yan Money Exchange
(ည) Global Value Services-GVS Money Exchange and Transfer
(ဋ) Boss Online Money Exchange Services (Family Money Exchange)
(ဌ) Lucky Sky Gold Smith (Facebook Page)
(ဍ) Nay Myo Htet (Facebook Page)
(ဎ) Gold Market Myanmar (Facebook Page)
(ဏ) Ye Mon
(တ) Naing Lu

၂။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ယခုကဲ့သို့သောအဖွဲ့အစည်းများကို ဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဖမ်းဆီးဖော်ထုတ် အရေးယူဆောင်ရွက်လျက်ရှိပြီး ထပ်မံ၍လည်း စောင့်ကြည့်အရေးယူသွားမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းများကိုလည်း ပြည်သူလူထုသိရှိရန် ကြေညာထုတ်ပြန်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် တရားဝင်လိုင်စင်ထုတ်ပေးထားပြီး နိုင်ငံခြားငွေများ လဲလှယ်ရောင်းချခွင့်ရှိသည့် ငွေရေးကြေးရေးအဖွဲ့အစည်းများ၌သာ လဲလှယ်ရောင်းချဝယ်ယူသွားရန် ထပ်မံအသိပေးအပ်ပါသည်။

၄။ အထက်ဖော်ပြပါ Facebook Page များနှင့် အင်တာနက်စာမျက်နှာများတွင် တရားမဝင်နိုင်ငံခြားငွေများရောင်းဝယ်၍ ငွေဈေးကစားနေသူများကို နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၃၈နှင့် ၄၂တို့အပြင် အများပြည်သူအကျိုးကို ထိခိုက်စေသည့်အတွက် ရာဇသတ်ကြီးဥပဒေပုဒ်မများဖြင့်ပါ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်မံအသိပေးအပ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**
**၂၆-၅-၂၀၂၄**

---

ပညာရေးဝန်ကြီးဌာန
၂၀၂၄-၂၀၂၅ ပညာသင်နှစ်
"အသိပေးကြေညာချက်"

- ၅ နှစ်အရွယ်ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။
- ၆ နှစ်အရွယ်ကလေးများကို ပထမတန်း (Grade 1) သို့အပ်နှံရန်။

---

ပညာရေးဝန်ကြီးဌာန
"၂၀၂၄-၂၀၂၅ ပညာသင်နှစ်"
မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်

- မြို့နယ်အလိုက် သတ်မှတ်နယ်မြေများတွင်သာ ကျောင်းအပ်နှံကြပါရန်။
- ငွေကြေး သို့မဟုတ် လက်ဆောင်ပစ္စည်းများကို ကျောင်းအုပ်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအား ပေးအပ်ခြင်းမပြုပါရန်။
- ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆွေးနွေးဆောင်ရွက်ပါရန်။
- ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။
- ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန်။
- မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာမသုံးစွဲရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ကျန်းမာရေးနှင့်ညီညွတ်သောလူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ကျောင်းသား၊ ကျောင်းသူများနာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာ ကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ပေးရန်နှင့် ဆေးကုသမှုခံယူနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများအား လိုက်နာဆောင်ရွက်ရန်နှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား သတ်မှတ်ကြိမ်ရေပြည့်မီအောင် ထိုးနှံကြပါရန်အတွက် ပူးပေါင်းဆောင်ရွက်ရန်။
- မိဘများအနေဖြင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အကြံပြုကြပါရန်။
- ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အသိပေးတိုင်ကြားလိုပါက ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၃၊ နေပြည်တော်သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။

---

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁- ၂၀၂၄၅၄၀၊ ၀၈၁- ၂၀၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

---

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများ ရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုနှင့်စပ်လျဉ်း၍ ဆန့်ကျင်ကန့်ကွက်ရှုတ်ချကြောင်း နိုင်ငံရေးပါတီများက သဘောထားထုတ်ပြန်ကြေညာ

ရန်ကုန် မေ ၂၈

မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှု (Sanctions)နှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ(MCC)ခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာ့တောင်သူလယ်သမားဘဝတိုးတက်မြင့်မားရေးဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ ဦးခင်ရီက မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုနှင့်စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများက မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့ မှုနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြပြီး နိုင်ငံရေးပါတီများမှ မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုနှင့်စပ်လျဉ်း၍ လုံးဝ(လုံးဝ) လက်မခံ ဆန့်ကျင်ကန့်ကွက်ရှုတ်ချကြောင်း ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်ကို သဘောတူအတည်ပြု ထုတ်ပြန်ကြေညာခဲ့ကြသည်။

သတင်းစဉ်




မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှု(Sanctions)နှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများ တွေ့ဆုံဆွေးနွေးပွဲကျင်းပစဉ်။

# နိုင်ငံရေးပါတီ( ၂၅ )ပါတီ၏ ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်

## နိုင်ငံရေးပါတီ ( ၂၅ ) ပါတီ၏
## ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်
## ၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ( ၆ ) ရက်
## ၂၀၂၄ ခုနှစ်၊ မေလ ( ၂၈ ) ရက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၂၀ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲပြီးနောက် ပေါ်ပေါက်ခဲ့သော ပြည်တွင်းပဋိပက္ခများအား နိုင်ငံတော်အစိုးရ၊ တာဝန်ရှိအဖွဲ့အစည်းများနှင့် တည်ငြိမ်အေးချမ်းရေးကိုလိုလားသော တိုင်းရင်းသားပြည်သူများက ဥပဒေနှင့်အညီ ဖြေရှင်းနိုင်ရေး အထူးအလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ရာတွင် အစွန်းရောက် အတ္တနိုင်ငံရေးသမားများနှင့် ၎င်းတို့ဖန်တီးခဲ့သော အကြမ်းဖက်အုပ်စုများကြောင့် အပြစ်မဲ့ပြည်သူအများအပြား သတ်ဖြတ်ခံရခြင်း၊ ပုဂ္ဂလိကပိုင်ပစ္စည်းများ ဖျက်ဆီးခံရခြင်း၊ ပြည်သူလူထု၏အခွန်ဘဏ္ဍာငွေများဖြင့် အချိန်ကြာမြင့်စွာ တည်ဆောက်ထားခဲ့ရသော လူမှုစီးပွားဆိုင်ရာ အခြေခံအဆောက်အဦများ ပျက်ယွင်းခဲ့ရခြင်း၊ မျိုးဆက်သစ်လူငယ်များ၏ အနာဂတ်ဘဝများ ဖျက်ဆီးခံရခြင်း စသည့်ဖြစ်ရပ်များလည်း ဖြစ်ပွားခဲ့ရပါသည်။

၃။ အထက်ပါဖြစ်စဉ်များ၏ အကျိုးဆက်အဖြစ် အခြေခံလူနေမှုဘဝများ ကျပ်တည်းလာရခြင်း၊ ထိုကျပ်တည်းမှု၏ နောက်ဆက်တွဲအဖြစ် လုယက်မှု၊ ပြန်ပေးမှု၊ မီးရှို့ဖျက်ဆီးမှု၊ ခြိမ်းခြောက်မှု၊ အဓမ္မမှုများအပါအဝင် ရာဇဝတ်မှုခင်းများလည်း ပိုမိုအရှိန်မြင့်လာသည်ဟု သုံးသပ်ရမည်ဖြစ်ပါသည်။

၄။ နိုင်ငံတော်အနေဖြင့် ပြည်တွင်းပဋိပက္ခအား ပြည်တွင်းအင်အားဖြင့် အထူးအလေးထား ဖြေရှင်းဆောင်ရွက်နေချိန်မှာပင် အင်အားကြီးနိုင်ငံအချို့နှင့် ကမ္ဘာ့အဖွဲ့အစည်းအချို့တို့က ကမ္ဘာ့မိသားစုဝင်နိုင်ငံအချင်းချင်း လူသားအချင်းချင်း စာနာမှု၊ အပြုသဘောဆောင်သော ချဉ်းကပ်လေ့လာကူညီမှု၊ နိုင်ငံတစ်နိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုအား ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးမှု စသည့် ကမ္ဘာလုံးဆိုင်ရာ လုပ်ငန်းတာဝန်များအစား ခေတ်အဆက်ဆက် အောင်မြင်မှုမရှိခဲ့သော ခေတ်သစ်ကိုလိုနီဝါဒ၏ ကျင့်စဉ်တစ်ရပ်ဟုဆိုနိုင်သည့် လိုလားသူတစ်ဖက်ဖက်သို့ တိုက်ရိုက် / သွယ်ဝိုက် နည်းလမ်းများဖြင့် အားပေးအားမြှောက်ပြုခြင်း၊ အခြားတစ်ဖက်သို့ နိုင်ငံရေး/ စီးပွားရေးအရ အကျပ်အတည်းဖြစ်စေပြီး လိုသလိုဆွဲယူပုံဖော်စေခြင်း စသည်တို့ကို ဆောင်ရွက်နိုင်ရန်အတွက် ပိတ်ဆို့တားဆီးမှု (Sanctions)များအား နည်းလမ်းတစ်ရပ်အဖြစ် အသုံးပြု၍ ဆောင်ရွက်လာခဲ့ကြပါသည်။

၅။ မြန်မာနိုင်ငံအပေါ်သို့ ( ၁၁-၂-၂၀၂၁ ) ရက်နေ့မှ ( ၃၀-၁-၂၀၂၄ ) ရက်နေ့အထိ ချမှတ်ခဲ့သော ပိတ်ဆို့တားဆီးမှုများအား လေ့လာရာတွင် ပုဂ္ဂလိကပိုင်ဆိုင်မှုများကို ပိတ်ပင်ခြင်း၊ အစိုးရနှင့် ထောက်ပံ့ဆက်သွယ်မှုများကို ဖြတ်တောက်ခြင်း၊ လူမှုစီးပွားဘဝဆိုင်ရာ လုပ်ငန်းစဉ်များကို ပိတ်ဆို့ခြင်း၊ ငွေလွှဲပြောင်းမှုများအား တားမြစ်ပိတ်ပင်ခြင်း၊ ကုန်ပစ္စည်းတင်ပို့မှုများအား ကန့်သတ်တားမြစ်ခြင်း၊ ခရီးသွားလာခွင့်များ ပိတ်ပင်ခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆက်ဆံ ဆောင်ရွက်နေရမည့်ကိစ္စများအား ဆိုင်းငံ့ထားခြင်း၊ အထီးကျန်ဖြစ်စေခြင်း၊ ကမ္ဘာ့အဖွဲ့အစည်းများတွင် မဲပေးခွင့်မရှိအောင် ပိတ်ပင်တားမြစ်ခြင်း၊ ကမ္ဘာ့မူပိုင်ခွင့်အစည်းအဝေးမှန်သမျှ တက်ရောက်ခွင့်ပိတ်ပင်ခြင်း စသည့် များစွာသောပိတ်ဆို့မှုများအား အချိန်ကိုက် အရှိန်မြှင့်ဆောင်ရွက်မှုများ ပါဝင်လာကြောင်း တွေ့ရပါသည်။

၆။ အထက်အပိုဒ်ပါ ပိတ်ဆို့မှုများသည် နိုင်ငံတစ်နိုင်ငံကို ရွေးထုတ်ဖိအားပေးခြင်း၊ လွတ်လပ်မှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်မှု၊ ပြည်သူတစ်ရပ်လုံး အနာဂတ်ဘဝ ငြိမ်းချမ်းသာယာစေမှု စသည့်အချက်တို့အား ရည်ရွယ်ချက်ရှိရှိ ကန့်သတ်တားမြစ်ခြင်း၊ ဘက်လိုက်ဆောင်ရွက်ခြင်းတို့ကို ဖြစ်ပေါ်စေပြီး ကုလသမဂ္ဂ လူ့အခွင့်အရေးကြေညာစာတမ်း Article (7)ပါ "တန်းတူကာကွယ်စောင့်ရှောက်မှုအစား ခွဲခြားဆက်ဆံခြင်း၊ ထိုသို့ခွဲခြားဆက်ဆံရန် လှုံ့ဆော်ခြင်းနှင့် တူညီသောကာကွယ်စောင့်ရှောက်မှုကို ခံစားစေရမည်" စသည့် ကြေညာချက်စာတမ်းပါ အချက်များအား အတိအလင်းဖောက်ဖျက်ကျူးလွန်နေကြောင်း တွေ့ရှိရပါသည်။

၇။ ၎င်းအပြင် ကုလသမဂ္ဂပဋိညာဉ်စာတမ်း စည်းမျဉ်း Article (2)အပိုဒ်(၁)ပါ "အဖွဲ့ဝင်အားလုံး၏ အချုပ်အခြာအာဏာ တန်းတူညီမျှမှုကို အခြေခံထားသည်" ဟူသော မူကိုလည်းကောင်း၊ Article (4)ပါ "နိုင်ငံတကာဆက်ဆံရေးတွင် နိုင်ငံရေးလွတ်လပ်မှုကို ဆန့်ကျင်သည့် ခြိမ်းခြောက်မှု(သို့မဟုတ်) အင်အားအသုံးပြုခြင်းမှ ရှောင်ကြဉ်ရမည်" ဟူသော မူကိုလည်းကောင်း ဥပေက္ခာပြု ဆောင်ရွက်ခြင်းဖြစ်သည်ဟုလည်း သုံးသပ်ရရှိပါသည်။

၈။ အရေးယူပိတ်ဆို့မှုများသည် နိုင်ငံတော်အစိုးရအပေါ် ဦးတည်ဒဏ်ခတ် အရေးယူပိတ်ဆို့သည်ဟု အကြောင်းပြပြောဆိုနေသော်လည်း ပကတိအခြေအနေမှာ ပြည်တွင်းရှိ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအပေါ် ထိခိုက်နစ်နာစေပြီး ဒုက္ခသံသရာအတွင်းသို့ အတင်းအဓမ္မတွန်းပို့နေသည့် လုပ်ရပ်များသာ ဖြစ်နေကြောင်း တွေ့ရှိရပါသည်။ ၎င်းအပြင် ထိုလုပ်ရပ်သည် နိုင်ငံတော်မှ ကြိုးပမ်းဆောင်ရွက်နေသော ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို နှောင့်နှေးရပ်တန့်စေခြင်းနှင့် လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲတစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်စေရေး အခင်းအကျင်းကို ပျက်စီးစေခြင်း စသည့်ဖြစ်ရပ်များကိုသာ ပေါ်ပေါက်လာစေမည်ဖြစ်ပါသည်။

၉။ သို့ပါ၍ နိုင်ငံအပေါ်ချမှတ်ထားသော ပိတ်ဆို့မှု (Sanctions)များအား အမြန်ဆုံး ပြန်လည်ရုပ်သိမ်းပေးကြရန်၊ ကမ္ဘာ့နိုင်ငံများကလည်း အကျိုးသက်ရောက်မှုအခြေအနေမှန်ကို မူတည်စဉ်းစား၍ ဝိုင်းဝန်းကူညီပေးကြရန် တောင်းဆိုပါကြောင်းနှင့် မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှု (Sanctions) လုပ်ရပ်များအား ကျွန်ုပ်တို့ နိုင်ငံရေးပါတီများအားလုံးက လုံးဝ(လုံးဝ) လက်မခံ ဆန့်ကျင်ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

| စဉ် | အမည် | ပါတီတာဝန် | ပါတီအမည် | လက်မှတ် |
|---|---|---|---|---|
| ၁။ | ဦးခင်ရီ | ဥက္ကဋ္ဌ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | |
| ၂။ | ဦးဌေးကျော် | ဥက္ကဋ္ဌ | မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ | |
| ၃။ | ဦးခေါ်တိန့် | အတွင်းရေးမှူး | ဒီမိုကရေစီပါတီသစ်(ကချင်) | |
| ၄။ | ဦးသိန်းထွန်း | ဒုတိယဥက္ကဋ္ဌ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | |
| ၅။ | ဦးအေးကြိုင် | ဥက္ကဋ္ဌ | ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ | |
| ၆။ | ဦးစောခွန်ကျော်ဝင်း | အတွင်းရေးမှူး(၂) | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ | |
| ၇။ | ဦးလီပေါ်ရဲ | ဥက္ကဋ္ဌ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) | |

စာမျက်နှာ ၂၂ သို့

စာမျက်နှာ ၂၁ မှအဆက်

| စဉ် | အမည် | ပါတီတာဝန် | ပါတီအမည် | လက်မှတ် |
|---|---|---|---|---|
| ၈။ | ဦးဦးသန်းဌေး | ဒုတိယဥက္ကဋ္ဌ | ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၉။ | ဦးသိန်းကြည် | ဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ | |
| ၁၀။ | ဦးကျော်ဇင် | ဥက္ကဋ္ဌ | ပြည်သူ့အလုပ်သမားပါတီ | |
| ၁၁။ | ဦးကျော်စွာစိုး | ဥက္ကဋ္ဌ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၁၂။ | ဦးစိုင်းအောင်မြင့်ခိုင် | တွဲဖက်အတွင်းရေးမှူး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ(ကျားဖြူပါတီ) | |
| ၁၃။ | ဦးတင့်ဆွေ | ဒုတိယဥက္ကဋ္ဌ | ဒီမိုကရက်တစ်ပါတီ | |
| ၁၄။ | ဦးစံသာအောင် | ဥက္ကဋ္ဌ | မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ | |
| ၁၅။ | ဒေါ်သန္တာဝင်း | အတွင်းရေးမှူး | အမျိုးသားဒီမိုကရေစီပါတီသစ် | |
| ၁၆။ | ဦးအောင်ဖြိုးကျော် | နာယက | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | |
| ၁၇။ | ဦးအောင်ဘ | ဗဟိုအလုပ်အမှုဆောင် | ခူမီး အမျိုးသားပါတီ | |
| ၁၈။ | ဦးမောင်မောင်သန့်ဇော် | ဒုတိယဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ | |
| ၁၉။ | ဒေါ်စောယုမာ | ဥက္ကဋ္ဌ | ပြည်ထောင်စုငြိမ်းချမ်းရေးနှင့်ညီညွတ်ရေးပါတီ | |
| ၂၀။ | ဦးထွန်းအောင်ကျော် | ဥက္ကဋ္ဌ | ခေတ်သစ်ပြည်သူ့ပါတီ | |
| ၂၁။ | ဒေါ်တင်နွယ်ဦး | ဗဟိုအလုပ်အမှုဆောင် | အမျိုးသားဒီမိုကရေစီအင်အားစုပါတီ | |
| ၂၂။ | ဦးရဲထွန်း | ဥက္ကဋ္ဌ | ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | |
| ၂၃။ | ဦးအေးလွင် | ဥက္ကဋ္ဌ | ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ | |
| ၂၄။ | ဦးမောင်အေး | ဗဟိုအလုပ်အမှုဆောင် | လူထုပါတီ | |
| ၂၅။ | ဦးမင်းမျိုးတင့်လွင် | ဥက္ကဋ္ဌ | မွန်တိုးတက်ရေးပါတီ | |

# စည်းနဲ့ ကမ်းနဲ့ မြန်မာစာ

ဒေါက်တာထွန်းတင့်

## "ပင့်ကျေ့ရစ်ကြေ၊ သည်နှစ်ထွေ၊ မှတ်လေခွဲခြားခြား" - "ကမ္ဘာမကျေ၊ ယပင့်လေ၊ မသွေမြဲမှတ်ထား"

နိုင်ငံတော်သီချင်းတွင် "ကမ္ဘာမကျေ၊ မြန်မာပြည်၊ တို့ဘိုးဘွားအမွေစစ်မို့၊ ချစ်မြတ်နိုးပေ" ဟူသော စာပိုဒ်ပါသည်ကို မြန်မာလူမျိုးတိုင်း သိကြပေသည်။ "ကမ္ဘာမကျေ" ဟူသောအသံကို ကြားလိုက်လျှင်ပင် မြန်မာနိုင်ငံတော်၏ နိုင်ငံတော်သီချင်းကို ဆိုတော့မည်ဟု သိကြသည်။ နားဝင်ပီယံ ဖြစ်ပါဘိသည်ဟုလည်း ခံစားမိကြသည်။ သို့သော် ကမ္ဘာမကျေကို အပင့် "ကျေ"ဖြင့် ရေးရမည်လော၊ ကမ္ဘာမကြေဟု အရစ် "ကြေ"ဖြင့် ရေးရမည်လော။ ကမ္ဘာမ "ကျေ" ဟု အပင့် "ကျေ" ဖြင့်ရေးလျှင် အဓိပ္ပာယ်မည်သို့ ဖြစ်မည်နည်း။ ကမ္ဘာ "မကြေ" ဟု အရစ် "ကြေ" ဖြင့်ရေးလျှင် အဓိပ္ပာယ်မည်သို့ ဖြစ်မည်နည်းဟူသော ပြဿနာကား ရှိနေပေလိမ့်မည်။

အနက်သိမှ အရေးမှန်မည်၊ အရေးမှန်မှ အနက်သိမည်။ တစ်နည်းဆိုသော် အဓိပ္ပာယ်သိမှ စာလုံးပေါင်းသတ်ပုံမှန်မည်။ စာလုံးပေါင်းသတ်ပုံမှန်မှ အဓိပ္ပာယ်သိမည်ဟူသော ဥပဒေသအရ ယပင့် ကမ္ဘာမကျေ၏ အဓိပ္ပာယ်၊ ရရစ်ကမ္ဘာမကြေ၏ အဓိပ္ပာယ်ကို ဦးစွာသိပြီးမှ ကမ္ဘာမကျေဟု အပင့် "ကျေ"ဖြင့် ရေးရမည်လော။ ကမ္ဘာမကြေဟု အရစ် "ကြေ" ဖြင့် ရေးရမည်လောဟူသည်ကို ဆုံးဖြတ်ရပေလိမ့်မည်။

ဤတွင် အပင့် "ကျေ" နှင့် အရစ် "ကြေ" တို့၏ အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုရန် လိုအပ်လာပေသည်။ မြန်မာစာအဖွဲ့က ဖွင့်ဆိုထားသော အပင့် "ကျေ"၊ အရစ် "ကြေ"၏ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ အလွန်ရှင်းလင်းပြတ်သား၍ လိုက်နာရန်လည်း အလွန်လွယ်ကူသည်ဟု ဆိုရပေလိမ့်မည်။ မြန်မာစာအဖွဲ့က အပင့် "ကျေ" ကို "ပျောက်ကွယ်သည်" ဟူ၍လည်းကောင်း၊ အရစ် "ကြေ" ကို "မုန့်မုန့်ညက်ညက်ဖြစ်သည်" ဟူ၍လည်းကောင်း၊ အဓိပ္ပာယ်သတ်မှတ်ဖွင့်ဆိုချက်ကို တစ်ဆင့်တက်၍ စဉ်းစားကြံဆရသော် "**မုန့်မုန့်ညက်ညက်**ဖြစ်သည်" ဆိုသည်မှာ ဝတ္ထုဒြပ်အကောင်အထည် အစိုင်အခဲတစ်ခုရှိမှ ဖြစ်ပေလိမ့်မည်။ ထို့ကြောင့် ဝတ္ထုဒြပ်အကောင်အထည် အစိုင်အခဲတစ်ခုခု ကြေသည်ကိုသာ အရစ် "ကြေ" ဖြင့် သုံးနှုန်းရေးသားရပေသည်။

အပင့် "ကျေ" ၏ အဓိပ္ပာယ်ကို ပျောက်ကွယ်သည်ဟု ဖွင့်ဆိုသည်မှာလည်း မုန့်မုန့်ညက်ညက်ဖြစ်နိုင်သော ဝတ္ထုဒြပ်အကောင်အထည် အစိုင်အခဲတစ်ခု ပျောက်ကွယ်သွားသည်ကို ဆိုလိုသည်မဟုတ်။ ဝတ္ထုဒြပ်အကောင်အထည် အစိုင်အခဲမဟုတ်သော ထိနိုင်တွေ့နိုင်မြင်နိုင်သည့် အရာမဟုတ်သော နာမ်တစ်ခုခု၊ တစ်နည်းဆိုသော် စိတ္တဇနာမ်တစ်ခုခု ပျောက်ကွယ်သွားသည်ကိုသာ အပင့် "ကျေ"ဖြင့် သုံးနှုန်းရေးသားရပေသည်။

အဆိုပါ အရစ် "ကြေ" နှင့် အပင့် "ကျေ" တို့၏ အဓိပ္ပာယ်သတ်မှတ်ချက်နှင့် ဝေါဟာရ အသုံးအနှုန်းညီ မညီကို မြန်မာစာအဖွဲ့က ပုံနှိပ်ထုတ်ဝေသည့် မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းနှင့် ခွဲထားစာအုပ်တွင် ဖော်ပြထားသည့် အပင့် "ကျေ" နှင့် အရစ် "ကြေ" ခွဲထားသတ်ပုံစာရင်းကို လေ့လာကြည့်ကြစေလိုပါသည်။ မြန်မာစာအဖွဲ့က ပြုစုထုတ်ဝေသော အပင့် "ကျေ" နှင့် အရစ် "ကြေ" ခွဲထားစာရင်းတွင် အောက်ပါဝေါဟာရများကို တွေ့နိုင်ပါသည်။

အပင့် "ကျေ" သုံးဝေါဟာရများ-

ကျေ-(ပျောက်ကွယ်)၊ ကျေကုံ-၊ ကျေချမ်း-၊ ကျေနပ်-၊ ကျေပ-၊ ကျေပျောက်-၊ ကျေပွန်-၊ ကျေလည်-၊ ကျေအေး-၊ ကျိန်းကျေ-၊ ကျမ်းကျေ၊ စာကျေ-၊ စိတ်ကျေ-၊ စိတ်မကျေပွဲ၊ ဆယ်လီကျေ-၊ ဇယားကျေ-၊ တာဝန်ကျေ၊ ဒဏ်ကျေဆေး၊ နေ့ကျေ-၊ ပဲတင်းပဲကျေ၊ ပျက်ကျေ-၊ မင်းတိုင်းကျေလုပ်-၊ လောကွတ်ကျေ-၊ ဝတ်ကျေတမ်းကျေ၊ ဝတ်ကျေဝတ်ကုံ၊ သဘောတရားကျေညက်-၊ သေကျေ-၊ အခဲမကျေ၊ အသုံးလုံးကျေ-၊ ဥဒါန်းမကျေ၊ ကမ္ဘာမကျေ၊ အောက်သက်ကျေ-၊ ပွတ်ခုံပွတ်ကျေ။

အရစ် "ကြေ" သုံးဝေါဟာရများ-

ကောလီကြေ-၊ ကမ္ဘာကြေသော်လည်း ဥဒါန်းမကျေ(ကမ္ဘာမကျေ)၊ ကြေ-(မုန့်မုန့်ညက်ညက် ဖြစ်-)၊ စိစိညက်ညက်ကြေ-၊ တွန့်ကြေ-၊ ထောင်းထောင်းကြေ-၊ ဖွတ်ဖွတ်ကြေ-၊ မွမွကြေ-၊ လေကြေဆေး-၊ သိသိကြေ-၊ အစာကြေညက်၊ အတွင်းကြေကြေ-။

ဖော်ပြပါ အပင့် "ကျေ"နှင့် အရစ် "ကြေ" ရေးထုံးအသုံးအနှုန်းနှစ်ရပ်တွင် အပင့် "ကျေ" သုံးဝေါဟာရအားလုံးသည် စိတ္တဇနာမ်တစ်ခုခု"ပျောက်ကွယ်" အဓိပ္ပာယ်များဖြစ်ကြသည်။ အရစ် "ကြေ" သုံးဝေါဟာရအားလုံးသည် ဝတ္ထုဒြပ်အကောင်အထည်၊ အစိုင်အခဲတစ်ခုခု မုန့်မုန့်ညက်ညက်ဖြစ်သည့် အဓိပ္ပာယ်ကို ဆောင်ကြပါသည်။

ဤသို့သော ကွဲပြားသော အဓိပ္ပာယ်ဆောင်ကြကြောင်း သာဓကအနည်းငယ်ထုတ်၍ ရှင်းပြလိုပါသည်။

ဒဏ်ကျေသည်၊ ဒဏ်ကျေဆေးတို့ကို အပင့် "ကျေ"ဖြင့် ရေးရပါသည်။ အဘယ်ကြောင့်ဆိုသော် ဒဏ်ဆိုသည်မှာ ကိုင်၍တွယ်၍ ရှုကြည့်၍မြင်ရသောအရာမဟုတ်ပေ။ ဒဏ်ကျေသည်ဆိုသည်မှာ ဖြစ်နေသော၊ ခံစားနေရသောဒဏ်ပျောက်ကွယ်သည်ကို ဆိုလိုခြင်းဖြစ်သည်။ ဒဏ်ကျေဆေးဆိုသည်မှာလည်း ဖြစ်နေသော၊ ခံစားနေရသောဒဏ် (ကိုင်တွယ်မရ၊ မမြင်ရ) ကို ပျောက်ကွယ်စေသောဆေးကို ဆိုလိုခြင်းဖြစ်သည်။

(ဆက်လက်ဖော်ပြပါမည်)

# သဇင်(FM)အသံလွှင့် အစီအစဉ်

၂၉-၅-၂၀၂၄ (ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ | ၀၈း၀၀ | ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင် |
| ၂။ | ၁၂း၁၅ | Special Music Time |
| ၃။ | ၁၃း၀၀ | ပြည်သူ့ကြားက ပြည်သူ့စကား |
| ၄။ | ၁၆း၂၀ | K Pop |
| ၅။ | ၂၁း၄၀ | ချောက်ချောက်ချားချား ဖြစ်ရပ်များ |

# MNDAA နှင့် TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များ၏ အဓမ္မဖမ်းဆီးခြင်းခံရပြီး အကြမ်းဖက်သင်တန်းတက်ရောက်လိုခြင်းမရှိဘဲ ထွက်ပြေးလွတ်မြောက်လာသည့် ဒေသခံတိုင်းရင်းသားလူငယ်များကို ၎င်းတို့၏မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်



MNDAA နှင့် TNLA အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့များ၏ အဓမ္မဖမ်းဆီးခြင်းခံရပြီး အကြမ်းဖက်သင်တန်း တက်ရောက်လိုခြင်းမရှိဘဲ ထွက်ပြေးလွတ်မြောက် လာသည့် ဒေသခံတိုင်းရင်းသား လူငယ်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်ပွဲ ကျင်းပစဉ်။

**နေပြည်တော် မေ ၂၈**

MNDAA နှင့် TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များသည် ဒေသခံတိုင်းရင်းသားလူငယ်များကို အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်ကာ အကြမ်းဖက်သင်တန်းများတက်ရောက်စေပြီး အဓမ္မတာဝန် ထမ်းဆောင်စေခြင်းကြောင့် သောင်းကျန်းသူအဖွဲ့များတွင် တာဝန်ထမ်းဆောင်လိုခြင်းမရှိသော တိုင်းရင်းသားလူငယ်များ ထွက်ပြေးတိမ်းရှောင်လျက်ရှိပြီး နီးစပ်ရာ တပ်မတော်လုံခြုံရေးတပ်စခန်းများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများထံသို့ ပြန်လည်ဝင်ရောက်လျက်ရှိသည်။

ထိုသို့ MNDAA နှင့် TNLA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များ၏ ဖမ်းဆီးခြင်းခံရပြီး အကြမ်းဖက်သင်တန်းတက်ရောက်လိုခြင်းမရှိသဖြင့် ထွက်ပြေးလွတ်မြောက်လာသည့် ဒေသခံတိုင်းရင်းသားလူငယ်များကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးတင့်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ထွက်ပြေးလွတ်မြောက်လာသည့် ဒေသခံတိုင်းရင်းသားလူငယ်များနှင့် မိဘအုပ်ထိန်းသူများတက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက ထွက်ပြေးလွတ်မြောက်လာသည့် ဒေသခံတိုင်းရင်းသားလူငယ်များအတွက် ထောက်ပံ့ချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများပေးအပ်ရာ တိုင်းရင်းသားလူငယ်များက လက်ခံရယူကြသည်။ ယင်းနောက် ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံပေးခဲ့ရာ မိဘအုပ်ထိန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒေသခံတိုင်းရင်းသား လူငယ်များကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

# မောင်တောမြို့တွင် WY စာတန်းပါ စိတ်ကြွဆေးပြား ၇၅၀၀၀၀ ဖမ်းဆီးရမိ



ပြစ်မှုကျူးလွန်သူ မြင့်နိုင်ထူး(ဘ)ဦးအောင်ကျော်ထွန်းအား WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် မေ ၂၈**

ရခိုင်ပြည်နယ် မောင်တောမြို့ ဝိမလရပ်ကွက် အိမ်အမှတ်(၂၀၈)နေ မြင့်နိုင်ထူး (ဘ) ဦးအောင်ကျော်ထွန်း၏ နေအိမ်ကို သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက မေ ၂၇ ရက် နံနက်ပိုင်းတွင် ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်း ပလတ်စတစ်ပုံး(အနီရောင်) နှစ်ပုံးဖြင့် ထည့်ထားသည့် စက္ကူထုပ် ၇၇ တောင့်တွင် WY စာတန်းပါစိတ်ကြွဆေးပြား ၇၅၀၀၀၀ (တန်ဖိုးငွေကျပ် ၁ ဒသမ ၅ ဘီလီယံ) နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါဖမ်းဆီးရမိ မြင့်နိုင်ထူး(ဘ) ဦးအောင်ကျော်ထွန်းအား တရားဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဆက်စပ်တရားခံများကိုဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြန်လည်တူးဖော်ပြုပြင် ထိန်းသိမ်းလျက်ရှိသော ရှေးဟောင်းရေကန်များအတွက် ပါဝင်လှူဒါန်းနိုင်

**နေပြည်တော် မေ ၂၈**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်း၊ ပြည်ပကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များနှင့် ကမ္ဘာ့အမွေအနှစ်စံနှုန်းများနှင့်အညီ ပြန်လည်တူးဖော်ပြုပြင် ထိန်းသိမ်းလျက်ရှိသော ပထမအဆင့် ရှေးဟောင်းရေကန် ၄၆ ကန်နှင့် ဒုတိယအဆင့် ရှေးဟောင်းရေကန် ၄၅ ကန်တို့အတွက် ပါဝင်လှူဒါန်းလိုပါက **ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(စိမံ/ဘဏ္ဍာဌာနခွဲ) နေပြည်တော် ဖုန်း ၀၉-၄၄၄၀၄၇၁၂၃၊ ၀၆၇- ၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ ဖုန်း ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ ဖုန်း ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ဖုန်း ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉ တို့သို့လည်းကောင်း၊ KBZ Bank NYAUNG OO BRANCH Account No-06713906701442701** သို့လည်းကောင်း ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက အသိပေးနှိုးဆော်ထားသည်။ **(သတင်းစဉ်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ **"စုပေါင်းကာကွယ် သဘာဝဘေးအန္တရာယ်"**ခေါင်းစဉ်ဖြင့် ၂၉-၅-၂၀၂၄ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အများပြည်သူပိုင် စာသင်ကျောင်းတွေကိုပါ အာဏာသုံးလုယူလာကြတဲ့ အကြမ်းဖက်သောင်းကျန်းသူများ"**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့်ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၂၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မေ ၂၇ ရက်တွင် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Soe Ko Ko" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ပဒါန်းကျေးရွာနေ စိုးကြိုင်(ခ) ကိုစိုး ၄၁ နှစ်အား နံနက် ၁၁ နာရီခွဲတွင် ငဖဲမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

➤ ➤ ➤

# ဇရာအိုတမ်းချင်း

အောင်မာန်ဝင့်အောင်(တောင်ကြီး)



(၁)

"ဖြည်းဖြည်းလျှောက်ပါ အမေရယ်။ တစ်ခုခုဖြစ်ရင် ဘယ်လိုလုပ်မလဲ"

"ဟုတ်သားပဲ အမေရာ ဒီနေ့ သားအားရက်ပါ။ တစ်နေကုန် အမေ့အတွက် အချိန်ပေးမှာ"

"ကဲ လာ ဒီမှာခဏနားအုံး"

"အင်းပါ သားနဲ့ သမီးရယ်။ အမေ ပျော်နေတာ။ ဒီလိုလေး မိသားစု စုံစုံလင်လင်လေးဘုရားသွားရတာ ဘယ်လောက်ပျော်စရာ ကောင်းလိုက်လဲကွယ်"

"စိတ်ချပါအမေရယ်။ သားတို့လင်မယား အမေ့ကို တစ်ပတ်တစ်ခါမဟုတ်တောင် တစ်လတစ်ခါတော့ လိုက်ပို့ပေးမှာပါဗျ။ အမေသွားချင်တဲ့နေရာတွေ စဉ်းစားထားနော်"

"သာဓု သာဓု သာဓုပါတော်။ သားနဲ့သမီး သွားလေရာ၊ လာလေရာ ခလုတ်မထိပါစေနဲ့။ ကြံတိုင်းအောင် ဆောင်တိုင်းမြောက်ပါစေ။ ကပ်ကြီးသုံးပါးမှလဲ ကျော်လွှားနိုင်ပါစေတော်"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေအမေ"

"ကဲ အမေ နားပြီးပြီဆိုတော့ သွားရအောင်။ နေလေးမပူခင် ဘုရားဖူးလိုက်တော့ အမေ ပင်ပန်းတာ သက်သာတယ်လေ"

"ကောင်းပါပြီရှင်"

(၂)

အလုံးစုံမြင်ကွင်းလေးကို မြင်တွေ့လိုက်တဲ့ ဒေါ်မြမေ ပီတိမျက်ရည်နဲ့အတူ ဝမ်းနည်းမှုတွေ တားဆီးမရဖြစ်ခဲ့ပြီလေ။ ကျလာသောမျက်ရည်တွေကို တဘက်အဟောင်းလေးနဲ့ ခပ်ကြမ်းကြမ်းပွတ်မိပါရဲ့။ အားကျစရာမိသားစုဘဝလေးမို့ ခဏလေး အတွင်းမြင်ရတာတောင် စိတ်ကြည်နူးမိပါရဲ့။ အသက်အရွယ်ဇရာချင်းတူတာတောင် အတိတ်ကံက အလွှာခြားလို့နေပြီလေ။ ဘယ်ဘဝကဝဋ်ကြွေးရယ်လို့ မသိပါဘူး။ ဇရာအိုနေဝင်ချိန်ရောက်ခါနီးတောင် ကိုယ့်ဝမ်းစာကိုယ်ကျောင်းနေရတဲ့ဘဝကို ရင်နာမိပါရဲ့။

"အဘွားရယ် သားသမီးတွေ မရှိတော့ဘူးလား"

"နေထိုင်မကောင်းဖြစ်ရင် ဘယ်လိုလုပ်မလဲ"

"အဝေးကြီးက လာရတာလား"

"အသက်ကြီးမှ ဒုက္ခများလိုက်တာနော်"

"လမ်းသွားလမ်းလာ သတိထားသွားနော်"

ဘုရားစောင်းတန်းလေးမှာ နေ့စဉ် ဘုရားပန်းလာရောင်းရတယ်။ ဝယ်ယူအားပေးကြတဲ့ ကုသိုလ်ရှင်လေးတွေရဲ့ သနားကရုဏာနဲ့ပေးတဲ့ အလှူငွေလေးလဲရသလို ပန်းရောင်းရတဲ့ ငွေလေးကလဲ နေ့စဉ်ရနေတယ်။ ဒီလိုမျိုးနှစ်သိမ့်ရင်းနေလာခဲ့တာ အသက် ၈၀ ပင်ရှိပြီလေ။ သူတို့လေးတွေရဲ့မေးသမျှကို ဒေါ်မြမေ အပြုံးလေးနဲ့သာ တုံ့ပြန်ရတယ်။ ကိုယ့်အကြောင်း ကိုယ်သာအသိဆုံးမို့ ရေငုံနှုတ်ပိတ်ကာ နေနေရတာ ရင်ထဲမွန်းကျပ်လွန်းပါတယ်လေ။ ရင်ဖွင့်ပြောပြဖို့အတွက် အင်အားမရှိပါဘူး။ ရင်နာစရာအဖြစ်တွေက အများသားမို့ သောကဝေဒနာကို စိတ်ဖြေဖျောက်ခဲ့တာ နှစ်တွေကြာခဲ့ပါပြီလေ။ ကွယ်လွန်သွားပြီဖြစ်တဲ့ ခင်ပွန်းဖြစ်သူကိုတောင် ရုတ်တရက်သတိရလိုက်မိတယ်။

"အဘိုးကြီးရေ ရှင်ကတော့ ငြိမ်းချမ်းသွားပြီပေါ့တော်။ ကျုပ်သာ ဒီခန္ဓာကြီးမငြိမ်းသရွေ့ အားတင်းရအုံးမှာပဲတော်။ မြန်မြန်နေဝင်ချင်ပါပြီ။ ကျွန်မ ဒုက္ခဆင်းရဲကြီးခံစားနေတာ ကြာလွန်းတယ်လို့ ထင်မိတယ်တော်"

ကျလာသောမျက်ရည်တွေကိုသုတ်ရင်း တစ်ယောက်ထဲ တိုးတိုးလေးရင်ဖွင့်နေမိတယ်။ ဘယ်သူ့ကိုမှလဲ ရင်မဖွင့်ချင်ဘူး။ ကိုယ့်အပူ သူများကူးသွားမှာကြောက်မိပါရဲ့။ တစ်ယောက်ထဲ ကြိတ်မှိတ်ခံစားရင်း ဝမ်းအပူအတွက်၊ အခြားကိစ္စလေးတွေအတွက် ဇရာကို အန်တုနေရတာပါလေ။

(၃)

ဒေါ်မြမေမှာ သားနှစ်ယောက်ရှိတယ်။ လိမ္မာလွန်းတဲ့ သားတွေပါ။ အဖေ၊ အမေ စိတ်ချမ်းသာအောင် ငယ်ငယ်ကတည်းက သိတတ်သူလေးတွေ။ အများအမြင်မှာ ချီးကျူးလို့မဆုံးခဲ့တဲ့ သားတွေပေါ့။

"မမြမေတို့ သားနှစ်ယောက် လိမ္မာလိုက်တာနော်"

"ဟုတ်ပအေ။ သားတွေမွေးထားပြီး သမီးမိန်းကလေးတွေလို အားကိုးရတာအေ့"

"အမှန်ပဲတော် သားသမီးမွေးထားတိုင်းလဲ အားကိုးရတဲ့ သားသမီးပါသလို မိဘကိုဒုက္ခပေးမဲ့ သားသမီးကလဲ ပါပြီးသားတော်ရေ"

"အမှန်ပဲနော်။ ဒါပေမဲ့ မမြမေကတော့ သားနှစ်ယောက်စလုံးလိမ္မာတော့ ကံထူးပါ့တော်။ မြင်ရတာ စိတ်ကြည်နူးချက်"

ပတ်ဝန်းကျင်မှာ ခေါင်းမော့ရင်ကော့ နေနိုင်ခဲ့တယ်။ ဂုဏ်ပကာသနတွေမပြည့်စုံတောင် အများအားကျရတဲ့ မိသားစုဘဝဖြစ်ခဲ့တာပေါ့။ ခင်ပွန်းဖြစ်သူကလဲ ရိုးသားအေးဆေးပြီး အသောက်အစားကင်းလေတော့ ဒေါ်မြမေ ကံကောင်းချက်ကတော့ အားလုံးအားကျစရာပေါ့လေ။ သားတွေက ပညာရေးမှာ ထူးချွန်ကြလေတော့ ပိုပြီးမျက်နှာပန်းလှခဲ့တာပေါ့။ တစ်နှစ်တစ်တန်း မှန်မှန်အောင်တယ်။ နှစ်တိုင်း ထူးချွန်ဆုတွေ သိမ်းပိုက်ကြတယ်။ အိမ်အလုပ်ကိုလဲ မလစ်ဟင်းအောင်ကူညီပေးကြလို့ ဒေါ်မြမေ ပီတိဖြာရတာပေါ့လေ။

"အဘွား ပန်းတစ်စည်းဘယ်လောက်လဲ"

အတွေးနယ်လွန်နေတုန်း ဈေးဝယ်ရောက်လာတော့ အတွေးစလေးက ပြတ်သွားပါရဲ့။ ဝယ်သူလာတုန်း ရောင်းလိုက်ရတာပေါ့လေ။ သုံး၊ လေးယောက် ဝယ်သွားကြတော့ လက်ကျန်ပန်းလေးငါးစည်းလောက် ကျန်သေးတယ်။ ကုန်အောင် ရောင်းမှပါလေ။ အမြတ်ကလေးများမှ လိုအပ်တာလေးပိုဝယ်ရမယ်လို့တွေးမိတယ်။ ထိုင်နေတာကြာပြီမို့ ခြေထောက်တွေတောင် တောင့်နေပြီလေ။ ဒါပေမဲ့ တစ်နေ့မှ မနားခဲ့ရပါဘူးလေ။

(၄)

ကံကောင်းခဲ့တဲ့ နေ့ရက်ကလေးတွေကို တွေးပြီး ပျော်နေမိပါရဲ့။ မုန်တိုင်းဝင်လာတဲ့နေ့ရက်တွေကြုံလာလေတော့ မျက်ရည်ပင်လယ်ဝေခဲ့ရတာတွေ တွေးမိရင်း အတိတ်ကအရိပ်ကို မြင်ယောင်လာပြန်တယ်။ သားကြီးအိမ်ထောင်ကျလေတော့ သူတို့မိသားစုထဲက ခွဲထွက်သွားလေရဲ့။ ငိုလိုက်ရတာဆိုတာ ပြောမပြတတ်အောင်ပါပဲ။ လိမ္မာလိုက်တဲ့သားကြီးကို သူများပေးလိုက်ရလို့လေ။ ချွေးမနောက်ဆံထုံးပါ မဟုတ်ခဲ့လေဘူး။ ဆံထုံးနောက် ချွေးမပါသွားလေတော့ ဒီမိခင်ကြီး ရင်ကွဲရပြီပေါ့။

"မင်းကလဲကွာ ငိုနေရသေး။ ဒါ သဘာဝပဲလေ။ မင်းငိုနေတော့ မင်းသားပြန်လာမှာလား"

"အမယ်လေး တော်က ပြောအားရှိတာပေါ့။ မွေးထားရတာမှမဟုတ်တာ။ ကျုပ်က ဝမ်းနဲ့လွယ်မွေးထားတာရှင့်။ နှမြောတာပေါ့"

"ဖြစ်ရလေကွာ"

ခင်ပွန်းဖြစ်သူကတောင် ပိုလိုက်တာကွာလို့ပြောပါရဲ့။ ဒါပေမဲ့ ဒေါ်မြမေက လိုတယ်လို့တောင်ထင်မိတယ်။ ကံဆိုးခြင်းက တသီကြီးဝင်လာတယ်လို့ပြောရမယ်။ အိမ်ဦးနတ်ကြီး အသက် ၆၅ နှစ်မှာ ဦးနှောက်သွေးကြောပြတ်ပြီး ရုတ်တရက်ဆုံးသွားခဲ့တယ်။ ငိုလို့မပြီးသေးဘူး။ သားအငယ်ကောင်လေးက ကုမ္ပဏီကားနဲ့နယ်ဝေးသွားရင်း ကားမတော်တဆဖြစ်ကာ အသက်ပါဆုံးရှုံးရလေတော့ ဒေါ်မြမေ အရူးတစ်ပိုင်းဖြစ်ခဲ့ရတယ်။ ငိုလိုက်ရတာဆိုတာ မျက်ရည်တွေခန်းကုန်ပြီလို့ကို ထင်မိတယ်။ အခုကျလာတဲ့ မျက်ရည်တွေက အစစ်မှဟုတ်ရဲ့လားလို့ ထင်မိတယ်။

"ကံဆိုးလိုက်တာနော်"

"ဟုတ်ပါ့အေ အငယ်ကောင်လေး လိမ္မာလိုက်တာအေ နှမြောချက်။ မိဘအပေါ် ဒီလောက်သိတတ်တာကို"

"သူ့ဝဋ်ကြွေးပါလို့ပေါ့အေ"

"ဒေါ်မြမေတော့ သနားစရာနော်။ နှစ်မခြားဘူး လင်ယောကျ်ားကော၊ သားကော ဆုံးရှုံးခဲ့ရတာလေ"

"ဘယ်လောက်ခံစားလိုက်ရမလဲအေ"

"ဟုတ်ပ"

ပတ်ဝန်းကျင်မှာ အားကိုးစရာမရှိတဲ့ အမေအိုကြီးဖြစ်ခဲ့လေတော့ ဘုရားသွား၊ ကျောင်းတက်အရွယ်ကနေ ဝမ်းစာရှာရတဲ့ ဘဝရောက်ခဲ့တာပေါ့လေ။ စုဆောင်းထားတဲ့ငွေကြေးလေးတွေက ဘယ်လောက်ထိ စားရမှာလဲလေ။ ရှန်းကန်ရပြီပေါ့။ ဘုရားစောင်းတန်းလေးမှာ အများတကာ ကုသိုလ်ယူဖို့အတွက် ပန်းရောင်းရတဲ့ အဘွားဒေါ်မြမေ ဖြစ်ခဲ့ပြီပေါ့။

ကံဆိုးခြင်းတွေက ဆက်တိုက်ဆိုသလို ဝင်လာခဲ့ပြန်ရော။ ကံကြမ္မာကိုပဲ အပြစ်တင်ရတော့မှာပေါ့။ အိမ်ထောင်ကျပြီး သားသမီးမရှိတဲ့ သားကြီး ရုတ်တရက်ရေချိုးမှားပြီး အခန့်မသင့်လေတော့ လေဖြတ်သွားခဲ့တယ်။ အိပ်ရာထဲလဲတဲ့ဘဝ ရောက်ခဲ့တာပေါ့။ နာတာရှည်လင်ယောကျ်ားကိုပြုစုရတဲ့ အရွယ်ကောင်းမိန်းမတစ်ယောက် ကြာရှည်ဘယ်ခံနိုင်မလဲလေ။ ရောဂါသည်လင်ယောကျ်ားကိုပစ်ပြီး နောက်ယောကျ်ားနောက် လိုက်သွားလေတော့ ဒုက္ခိတသားတော်မောင် အိမ်ရောက်လာခဲ့တာပေါ့။ သားကြီးအဖြစ်ကိုမြင်ရတော့ ငိုရပြန်တယ်လေ။ ငိုနေလို့မပြီးလေတော့ သားအမိနှစ်ယောက်ဝမ်းရေး ရုန်းရပြီပေါ့လေ။ ဇာတ်ဆရာအလိုကျဆိုတော့လဲ ဘယ်သူ့ကိုမှ အပြစ်မတင်ခဲ့ပါဘူးလေ။ ရှိသမျှ၊ ရှာရသမျှ ပိုက်ဆံလေးနဲ့ ဆေးကုပေးပေမဲ့ သားကြီးဝေဒနာက မသက်သာလေတော့ ဝဋ်ကြွေးလို့ပဲ သတ်မှတ်ခဲ့တာ အခုချိန်ထိပင်။ အခု သူ့အသက် ၈၀ ကျော်၊ သားကြီးက အသက် ၆၀ နီးနေပြီပေါ့။

(၅)

အတိတ်အကြောင်းကိုတွေးရင်း တမ်းတမိလေတော့ ကိုယ့်ဘဝနေဝင်ချိန် ကံဆိုးလိုက်တာလို့တွေးမိပါရဲ့။ ဒါပေမဲ့လဲ ဘာမှမတတ်နိုင်ဘူးလို့ ထင်မိတယ်။ ကိုယ်ကံကြမ္မာက ဒီလိုဖြစ်လာမယ်လို့ ပါလာပြီးသားမို့ ခန္ဓာရှိနေသရွေ့ နေရအုံးမယ်လို့တွေးမိတယ်။ လက်ကျန်ပန်းလေးငါးစည်းမှာ လေးစည်းဝယ်ယူသွားကြတော့ တစ်စည်းပဲကျန်တော့တယ်။ ဒေါ်မြမေ မရောင်းတော့ဘူးလို့ ဆုံးဖြတ်လိုက်တယ်။ ထိုင်နေရာက အားတင်းထပြီး လက်ကျန်ပန်းစည်းလေးကိုကိုင်ကာ ဘုရားပေါ်ကို ဖြည်းဖြည်းလေးတက်လာမိတယ်။ ဇရာအကျဆုံးအရွယ်မို့ ထင်သလောက်သွားရလာရတာ မလွယ်ပေမဲ့ အားတင်းကာ ဘုရားပေါ်ရောက်အောင် တက်တယ်။ ဘုရားရှေ့ရောက်တော့ တော်တော်မောနေမိပါရဲ့။ အသက်တောင် မနည်းရှူရတယ်။ အတန်ကြာမှ ဘုရားပန်းလေးကို ကပ်လှူပူဇော်ပြီး ဆုတွေအများကြီး တောင်းမိပါရဲ့။

"ဘုရားတပည့်တော်မ ခံစားနေရသော သောကဒုက္ခတွေ ဒီဘဝ၊ ဒီအမှု အပြီးဆပ်ပါရစေဘုရား။ ဤကုသိုလ်ကောင်းမှုကြောင့် မြတ်နိဗ္ဗာန်သို့သာ ရရပါလို၏ဘုရား"

ဘုရားပေါ်က ဖြည်းဖြည်းဆင်းလာပြီး အတွေးပေါင်းစုံနဲ့အိမ်သို့ပြန်လာမိပါရဲ့။ တစ်နေ့လုံးကိုယ့်ဘဝဇာတ်ကြောင်းပြန်တွေးမိပါရဲ့။ ပျော်စရာ၊ ကြေကွဲစရာတွေနဲ့ ဘဝသရုပ်ပီပြင်လှတယ်။ နောက်တစ်နေ့လဲ ရောက်လာအုံးမှာလေ။ အကြောင်းသင့်ရင်တော့ တမ်းတမိမှာပါလေလို့တွေးရင်း တရွေ့ရွေ့နဲ့ အိမ်သို့ပြန်လာခဲ့မိပါတော့တယ်။

# ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ထောပတ်ပဲ ၃၈၉၃ ဧက ရိတ်သိမ်းပြီးစီး



**ယင်းမာပင် မေ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ထောပတ်ပဲ ၃၈၉၃ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ထောပတ်ပဲစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၃၈၉၃ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၄ ဒသမ ၃၉ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ယင်းမာပင်ခရိုင်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ ထောပတ်ပဲ ၃၈၉၃ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိအချိန်မှာလဲ ထောပတ်ပဲ ဧကအားလုံး ရိတ်သိမ်းပြီးစီးပါပြီ။ ထောပတ်ပဲ စိုက်ပျိုးမှုကတော့ ဖြစ်ထွန်းအောင်မြင်ကြပါတယ်။ ထောပတ်ပဲဟာ ဈေးကောင်းရရှိတဲ့အတွက် အားထားစိုက်ပျိုးကြပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် ထောပတ်ပဲရိတ်သိမ်းပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၈၅၉ ဧက၊ ကနီမြို့နယ်တွင် ၂၈၂၇ ဧကနှင့် ပုလဲမြို့နယ်တွင် ၂၀၇ ဧက စုစုပေါင်း ၃၈၉၃ ဧကဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီက ဒေသခံတောင်သူများက ထောပတ်ပဲကို သီးသန့်စိုက်ပျိုးကြသကဲ့သို့ အချို့တောင်သူများက သီးညှပ်စိုက်ပျိုးကြကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် ပဲမျိုးစုံစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သီးနှံအထွက်နှုန်း တိုးတက်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးကြရေးနှင့် လိုအပ်သည့်နည်းပညာများကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၂၀၆)

# ဆန်းစစ်ပြုပြင် အမှန်မြင်

\- အမြင်မကန်းပါနှင့်
သင်ခန်းစာ ယူရမယ်၊
အခြေနေကို ပြန်သုံးသပ်
ဆုံးဖြတ်သင့်တယ်၊
လူသားချင်း စာနာကွယ်
အကြင်နာရယ် လက်ဆင့်ကမ်း၊
အတ္တမာန် ဖယ်ခွာချလို့
ဖေးမလျှောက်လှမ်း။

\- လူ့ပြည်ရွာ အေးချမ်းဖို့
ထမ်းရွက်စို့ ဂုဏ်ယူစွာ၊
တာဝန်ကို မခိုမကတ်
စိတ်ဓာတ်ခိုင်မာ၊
လူ့သမိုင်း လှဖို့ရာ
ရင်ဆိုင်ပါ အပြုံးမပျက်၊
အချိန်မီ ကုစားရင်းဖြင့်
အားတင်းရှေ့ဆက်။

\- လူဆိုသည် အဆုံးတစ်သက်
အမုန်းမဖက်ဖို့ လိုအပ်ပေ၊
ကောင်းမှုကို မြတ်နိုးလို့
ကိုယ်ကျိုးစွန့်လေ၊
တို့ချစ်တဲ့ တို့ရေမြေ
သာပါစေ ကာကွယ်ပေး၊
အမျိုးဂုဏ် မညှိုးနွမ်းဖို့
လမ်းဖြောင့်ကိုရွေး။ ။

**ဖိုးပြည့်(ပတ္တမြား)**

# ပေါင်းတည်မြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပန်းရန်သင်တန်းဆင်း

**ပေါင်းတည် မေ ၂၈**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပန်းရန်သင်တန်းဆင်းပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုးက အမှာစကားပြောကြားသည်။

ဆက်လက်၍ ပေါင်းတည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဦးရွှေက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိကာ မိသားစုဝင်ငွေတိုးတက်စေရေးနှင့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖွံ့ဖြိုးစေရေးအတွက် အဆိုပါသင်တန်းကို ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာ တာဝန်ရှိသူများက သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းဆင်းပွဲသို့ နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုး၊ ပေါင်းတည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဦးရွှေနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းတည်မြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား ဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းကို သင်တန်းနည်းပြဆရာက စာတွေ့၊ လက်တွေ့ဖြင့် မေ ၈ ရက်မှ ၂၇ ရက်ထိ ရက် ၂၀ ကြာ အခမဲ့ သင်ကြားပို့ချခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အေးမြတ်**



# ချောက်မြို့နယ် ရေလာကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ချောက် မေ ၂၈**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးအတွက် ရေလာကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကြည်မြင့်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ရေလာကျေးရွာ၌ သောက်သုံးရေ ရရှိရေး ကော်မတီဝင်များနှင့်အတူ ရေရရှိရေး လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ချောက်မြို့နယ် ရေလာကျေးရွာ၌ အကျယ်လေးလက်မ၊ အနက်ပေ ၁၃၀၀၊ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းနှင့် ပါဝါမီတာတပ်ဆင်ခြင်းလုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် ၈၁ ဒသမ ၆၉ သန်းဖြင့် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ၍ ဧပြီ ၂၅ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး ရာနှုန်းပြည့်ပြီးစီးပါက အဆိုပါကျေးရွာရှိ အိမ်ခြေ ၂၀၀၊ လူ ၁၀၁၂ ဦးနှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် သောက်သုံးရေလုံလောက်စွာရရှိတော့မည်ဖြစ်ကြောင်း ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **အထွေး**

# တာချီလိတ်မြို့နယ် တာကြန့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တာချီလိတ် မေ ၂၈**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နားယောင်းကျေးရွာအုပ်စု တာကြန့်ကျေးရွာ၌ စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှဲ့လှဲ့သင်းက တာကြန့်ကျေးရွာရှိ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်နှင့် တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက တာကြန့်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၃၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**

စိန်လှိုင်ဖိုလ်

# ရဟန်းဝတ်ဖြင့် အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုမစွဲဆိုနိုင်

ရဟန်းဝတ်ဖြင့် အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုစွဲဆိုခြင်းသည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် ညီညွတ်ခြင်းရှိ၊ မရှိ ဟူသော ဥပဒေပြဿနာတစ်ရပ် ပေါ်ပေါက်ခဲ့ဖူးသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားမအထူးအယူခံမှုတစ်မှုတွင် စီရင်ဆုံးဖြတ်ထုံးဖွဲ့ခဲ့သောအမှုကို ၂၀၂၂ ခုနှစ် တရားစီရင်ထုံးများ စာအုပ်တွင် ဖတ်ရှုလိုက်ရသည်။ ပြည်သူအများအတွက် ဥပဒေဗဟုသုတရရှိစေနိုင်သော စီရင်ထုံးဖြစ်၍ ရည်ညွှန်းကိုးကား ရေးသားဖော်ပြပါဦးမည်။

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး ၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၄၄၁ တွင် ဦးမြဝင်း (၎င်း၏ အခွင့်ရကိုယ်စားလှယ် ဒေါ်ခိုင်စန္ဒာဝင်း)က ဒေါ်သက်ထားကြိုင်(၎င်း၏ အခွင့်ရကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်စော)အပေါ် အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုစွဲဆိုရာ ပဏာမငြင်းချက်များကို ဖြေဆိုချက်အရ တရားရုံးက အမှုကို ပလပ်ခဲ့သည်။

ဦးမြဝင်းက ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ၂၀၁၆ ခုနှစ် တရားမပထမအယူခံမှု အမှတ်-၄၄၈ ဖြင့် အယူခံဝင်ရာ အယူခံမှုကိုခွင့်ပြုပြီး ခရိုင်တရားရုံး၏စီရင်ချက်နှင့် ဒီကရီကိုပယ်ဖျက်၍ ပဏာမငြင်းချက်များကို ပြင်ဆင်ဖြေဆိုကာ ခရိုင်တရားရုံးသည် တရားမကြီးမှုကို မူလအမှုနံပါတ်ဖြင့် ပြန်လည်ဖွင့်လှစ်၍ ကျန်ငြင်းချက်များကို ဥပဒေနှင့်အညီ ဆက်လက်စစ်ဆေးစီရင်ဆုံးဖြတ်ရန် ညွှန်ကြားသည့်အမိန့် ချမှတ်ခဲ့သည်။

အဆိုပါအမိန့်အပေါ် မူလရုံးတရားပြိုင် ဒေါ်သက်ထားကြိုင်က ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ၂၀၁၈ ခုနှစ် တရားမအယူခံမှုအမှတ်-၉၀၉ ဖြင့် အယူခံရာ ပလပ်ခံရသဖြင့် အထူးအယူခံဝင်ခွင့်ရရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ၂၀၁၉ ခုနှစ် တရားမအထွေထွေလျှောက်လွှာ(အထူး) အမှတ်(၂၄၁)တွင် လျှောက်ထားသောအခါ အောက်ပါ ပြဿနာများကို ကြားနာဆုံးဖြတ်ရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်။

(၁) တရားလိုသည် ရဟန်းဝတ်ဖြင့် အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုစွဲဆိုခြင်းသည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေစီရင်ထုံးလမ်းညွှန်ချက်များနှင့် ညီညွတ်မှုရှိ၊ မရှိ။

(၂) ကိတ္တိမမွေးစားသားသည် မွေးစားမိခင်သေဆုံးပြီးနောက် ခြောက်နှစ်ခန့်အကြာတွင် အမွေတောင်းခံခြင်းမရှိဘဲ ရဟန်းဝတ်၍ သာသနာ့ဘောင်သို့ သုံးနှစ်ကြာကူးပြောင်းနေထိုင်ခဲ့ခြင်းသည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ကိတ္တိမမွေးစားသားအဖြစ်မှ ပျက်ပြယ်ခြင်းရှိ၊ မရှိ။

(၃) မူလရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ခဲ့သော ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက်နှင့်ဒီကရီကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဆက်လက်အတည်ပြုခဲ့ခြင်းသည် ဥပဒေနှင့် ညီညွတ်မှန်ကန်မှုရှိ၊ မရှိ။

အဆိုလွှာတွင် ဦးဖေကြိုင်နှင့် ဒေါ်ခင်အေးနွဲ့မှာ မြန်မာဗုဒ္ဓဘာသာဝင် ဇနီး၊ ခင်ပွန်းဖြစ်၍ ဒေါ်သက်ထားကြိုင်မှာ ၎င်းတို့၏သမီးဖြစ်သည်။ ဦးဖေကြိုင်မှာ ၁၉၆၃ ခုနှစ်တွင်ကွယ်လွန်၍ ဒေါ်ခင်အေးနွဲ့က တရားလို ဦးမြဝင်းကို ကိတ္တိမမွေးစားခြင်းမှတ်ပုံတင်စာချုပ်ဖြင့် တရားဝင်မွေးစားကြောင်း၊ ဒေါ်ခင်အေးနွဲ့မှာ ၂၀၀၇ ခုနှစ်တွင် ကွယ်လွန်ကြောင်း၊ အမွေရှင် ဒေါ်ခင်အေးနွဲ့ကွယ်လွန်ချိန်တွင် ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် (၁၆/၃)ရပ်ကွက် မာလာမြိုင်လမ်း အမှတ်(၄၀၅/က) အိမ်နှင့်မြေသည် အမွေပစ္စည်းအဖြစ်ကျန်ရစ်ကြောင်း၊ အမွေခွဲဝေပေးရန် တရားပြိုင်ထံ တောင်းခံစာပို့သော်လည်း မသိကျိုးကျွံပြုနေ၍ ထက်ဝက်စီရထိုက်ကြောင်း စရိတ်နှင့်တကွ ဒီကရီချမှတ်ပေးရန် အဆိုပြုခဲ့သည်။

ချေလွှာတွင် တရားပြိုင် ဒေါ်သက်ထားကြိုင်သည် ဦးဖေကြိုင်-ဒေါ်ခင်အေးနွဲ့တို့မှမွေးဖွားသော တစ်ဦးတည်းသော သမီးဖြစ်ကြောင်း၊ ၁၉၇၉ ခုနှစ်ခန့်တွင် တရားပြိုင် ဦးမြဝင်း၏ စားဝတ်နေရေးခက်ခဲသည့်



အတွက် မိခင်ဒေါ်ခင်အေးနွဲ့က သိမ်ကြီးဈေး (င)ရုံရှိ မုန့်ဆိုင်တွင် အလုပ်သမားအဖြစ် ခေါ်ယူကျွေးမွေးစောင့်ရှောက်ခဲ့ကြောင်း၊ ဒေါ်သက်ထားကြိုင်မှာ စင်ကာပူတွင် သွားရောက်အလုပ်လုပ်သဖြင့် ဦးမြဝင်းမှာ မိခင်ကြီးနှင့်အတူ နေထိုင်ကြောင်း၊ မိခင်ကြီးကွယ်လွန်ပြီးနောက် အိမ်စောင့်အဖြစ် နေထိုင်သူ တရားလိုမှာ မိခင်ကြီးခေါ်ယူစောင့်ရှောက်ထားသူ ဒေါ်တင်တင်၏သမီး မခိုင်စန္ဒာဝင်းနှင့် အိမ်ထောင်ပြုပြီး နေအိမ်မှထွက်သွားကြောင်း၊ တရားလို ဦးမြဝင်းသည် သာသနာ့ဘောင်သို့ အပြီးဝင်ရောက်၍ မွန်ပြည်နယ် သထုံမြို့ သရက်တောကျေးရွာ ရွာသစ်ကြီးကျောင်းတွင် အရှင်ပညိန္ဒဘွဲ့ဖြင့် ရဟန်းဝတ်နေသည့်အတွက် တရားပြိုင်မှ ပစ္စည်းလေးပါးလှူဒါန်းခဲ့ကြောင်း၊ မိခင်ကြီးမှ ကိတ္တိမမွေးစားသားအဖြစ် တရားဝင်မွေးစားခြင်းမရှိကြောင်း၊ တရားလိုသည် ရဟန်းဘဝဖြင့် သီတင်းသုံးနေချိန်ဖြစ်သည့်အတွက် တရားရုံးတွင် တရားစွဲဆိုခွင့်မရှိဘဲ စွဲဆိုခြင်းမှာ မှားယွင်းကြောင်း အဆိုလွှာအား ပလပ်သင့်ကြောင်း ချေပခဲ့သည်။

### အထူးအယူခံခုံရုံး၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်

လူတစ်ဦးတစ်ယောက်သည် ရဟန်းဝတ်ရာ၌ ရဟန်းဘဝဖြင့် ထာဝစဉ်နေထိုင်ရန်ရည်စူးပြီး ရဟန်းဝတ်ပါက ၎င်း၏ပစ္စည်းခန်းအခွင့်အရေးများ ဆုံးရှုံးသွားသည်ဆိုခြင်းမှာ အငြင်းမပွားဘဲ လက်ခံထားပြီးသောအချက်ဖြစ်သည်။ နှစ်ဖက်ရှေ့နေများကလည်း စီရင်ထုံးများဖြင့် ကိုးကားတင်ပြကြပြီးဖြစ်သည်။ ယခုအမှုတွင် အဓိက သုံးသပ်ဆုံးဖြတ်ရမည့်ပြဿနာမှာ ရဟန်းဝတ်ဖြင့် အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှု စွဲဆိုခြင်းသည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေစီရင်ထုံး လမ်းညွှန်ချက်များနှင့် ညီညွတ်မှုရှိ၊ မရှိဆိုသောအချက်ဖြစ်ကြောင်း ဦးစွာသုံးသပ်ခဲ့သည်။

တရားလိုက အဆိုလွှာတွင် ရဟန်းဝတ်ဖြင့် တရားစွဲဆိုကြောင်း ဖော်ပြထားခြင်းမရှိဘဲ တရားပြိုင်က တရားမကျင့်ထုံးဥပဒေအမိန့်-၁၁ နည်းဥပဒေ-၁ အရ မေးမြန်းပြီး ထိုမေးမြန်းမှုများအပေါ် ကျမ်းကျိန်လွှာဖြင့် ဖြေဆိုချက်များအရ တရားလိုသည် ဤအမှုစွဲဆိုသည့်ကာလတွင် ရဟန်းဘဝဖြင့် သထုံမြို့ သရက်တောကျေးရွာ ရွာသစ်ကျောင်းတိုက်တွင် အရှင်ပညိန္ဒဘွဲ့အမည်ဖြင့် သီတင်းသုံးနေထိုင်ဆဲဖြစ်ကြောင်းနှင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၉ ရက်၌လူထွက်ပြီး မိသားစုနှင့်အတူနေထိုင်လျက်ရှိကြောင်း ပေါ်ပေါက်ခဲ့သည်။

တရားမမှုခင်းများစွဲဆိုရာတွင် တရားလိုကိုယ်တိုင်ကဖြစ်စေ၊ ၎င်း၏ အခွင့်ရကိုယ်စားလှယ်ကဖြစ်စေ ဆောင်ရွက်နိုင်ကြောင်း၊ တရားမကျင့်ထုံးဥပဒေ အမိန့်-၃ နည်းဥပဒေ-၁ တွင် ပြဋ္ဌာန်းထားသည်။ မခိုင်စန္ဒာဝင်းက တရားလိုလွှဲအပ်သော အထွေထွေကိုယ်စားလှယ်လွှဲစာအရ တရားလို၏ကိုယ်စား အမှုတွင် ဆောင်ရွက်သူသာဖြစ်သည်။ အမှုသည်မှာ တရားလို ဦးမြဝင်းပင်ဖြစ်ကြောင်း ရုံးတော်က စိစစ်သုံးသပ်ခဲ့သည်။

တရားလို ဦးမြဝင်းသည် မူလတရားမကြီးမှုစွဲဆိုသည့် ၂၀၁၅ ခုနှစ် ဇူလိုင် ၂၉ ရက်တွင် အရှင်ပညိန္ဒအမည်ဖြင့် ရဟန်းဝတ်နေစဉ်စွဲဆိုခဲ့ခြင်းဖြစ်ပေသည်။ ခေတ္တရဟန်းပြုရန် ရည်ရွယ်သည်ဖြစ်စေ၊ ထာဝစဉ်ရဟန်းဝတ်သည်ဖြစ်စေ၊ ရဟန်းဘဝဖြင့် ယခုတရားမကြီးမှုကိုစွဲဆိုခဲ့သည်မှာ ထင်ရှားပြီးဖြစ်သည်။ ရဟန်းတော် အရှင်ပညိန္ဒက လူပုဂ္ဂိုလ် ဒေါ်သက်ထားကြိုင်အပေါ် အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု စွဲဆိုခြင်းဖြစ်သည်။ **ရဟန်းတော်က လူပုဂ္ဂိုလ်အား အမွေပစ္စည်းရရှိရေးနှင့်ပတ်သက်၍ တရားဆိုင်ပြိုင်မှုပြုမည်ဆိုပါက ဝိနည်းနှင့်ညီညွတ်မည်မဟုတ်ပေ။** ရဟန်းဘဝသည် အလှူခံပုဂ္ဂိုလ်မျှဖြစ်ရာ ရဟန်းတော်များအနေဖြင့် ဝိနည်းတော်အရ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးအစရှိသည့် ပစ္စည်းလေးပါးသာ ပိုင်ဆိုင်ခွင့်ရှိကြောင်း ရုံးတော်က ဆင်ခြင်သုံးသပ်ခဲ့သည်။

ထာဝစဉ်ရဟန်းဝတ်ရန်မရည်ရွယ်ဘဲ ဒုလ္လဘရဟန်းဝတ်ခြင်းသာဖြစ်၍ ရဟန်းဘဝဖြင့် အမွေပုံစီမံခန့်ခွဲပေးစေရန် စွဲဆိုခြင်းဖြစ်သည်ဟု အကြောင်းပြချက်သည် သင့်မြတ်မှုမရှိသကဲ့သို့ လက်ခံထိုက်သည်လည်းမဟုတ်ပေ။ ခေတ္တရဟန်းဝတ်ခြင်းဖြစ်သည်ဟုဆိုလျှင်ပင် ရဟန်းဘဝဖြင့်ရှိနေစဉ်အတွင်း ဝိနည်းတော်နှင့်အညီသာ ကျင့်ကြံနေထိုင်ရမည်ဖြစ်သည်။ အကယ်၍ အမှုစွဲမည်ဆိုပါက သာသနာ့ဘောင်မှ လူ့ဘောင်သို့ ပြန်လည်ဝင်ရောက်ပြီးမှသာ စွဲဆိုသင့်ကြောင်း ရုံးတော်က ဆင်ခြင်သုံးသပ်ခဲ့သည်။ ရဟန်းတော်နှင့် လူပုဂ္ဂိုလ်တို့၏ အမွေပစ္စည်းနှင့်စပ်လျဉ်း၍ အမှုဆိုင်ပြိုင်မှုပြုခြင်းသည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် ကိုက်ညီအပ်စပ်သည်ဟု မဆိုသာကြောင်း၊ အမှုတွင် တရားလိုက ၎င်းကို တရားပြိုင်၏မိခင် ဒေါ်ခင်အေးနွဲ့က ကိတ္တိမသားအဖြစ် မွေးစားထားသည်ဟုအဆိုပြုဖော်ပြပြီး တရားပြိုင်က ချေလွှာတွင် ထိုအချက်ကိုငြင်းဆိုထားကြောင်း ရုံးတော်က စိစစ်ဖော်ထုတ်ခဲ့သည်။

မူလရုံးဖြစ်သော ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးက ပဏာမငြင်းချက်ဖြစ်သော ငြင်းချက် အမှတ်(၁)ကို ဤအမှုအား စတင်စွဲဆိုသည့်၂၀၁၅ ခုနှစ် ဇူလိုင် ၂၉ ရက်တွင် တရားလိုသည် ရဟန်းဘဝဖြင့် သီတင်းသုံးနေချိန်ဖြစ်၍ တရားလိုအနေဖြင့် သက်ဆိုင်ရာတရားရုံးတွင် တရားစွဲဆိုရန် အခွင့်အရေးမရှိသည်မှာ မှန်ကြောင်း ဖြေဆိုဆုံးဖြတ်ချက်သည် မှားယွင်းမှုမရှိကြောင်း အထူးအယူခံခုံရုံးက ကျယ်ပြန့်စွာစိစစ်သုံးသပ်ခဲ့သည်။

အထက်ပါအကြောင်းများအရ ကြားနာခဲ့သည့် ပြဿနာနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဖြေဆိုလိုက်ပါသည်။

(၁) တရားလိုသည် ရဟန်းဝတ်ဖြင့် အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုစွဲဆိုခြင်းသည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေစီရင်ထုံး လမ်းညွှန်ချက်များနှင့် ညီညွတ်မှုမရှိကြောင်း။

(၂) အမှတ်(၁)ပြဿနာ ဖြေဆိုချက်အရ အမှတ်(၂)ပြဿနာကို ဖြေဆိုရန်မလိုအပ်တော့ပေ။

(၃) မူလရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ခဲ့သော ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက်နှင့်ဒီကရီကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဆက်လက်အတည်ပြုခဲ့ခြင်းသည် ဥပဒေနှင့်ညီညွတ်မှန်ကန်မှုမရှိကြောင်း။

ထို့ကြောင့် ဤတရားမအထူးအယူခံမှုကို ခွင့်ပြုပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တို့၏ စီရင်ချက်နှင့် ဒီကရီတို့ကိုပယ်ဖျက်ပြီး ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏ ဒီကရီကို စရိတ်နှင့်တကွ ပြန်လည်အတည်ပြုလိုက်ကြောင်း အထူးအယူခံခုံရုံးက အမိန့်ချမှတ်ခဲ့သည်။

ရဟန်းဘဝသည် အလှူခံပုဂ္ဂိုလ်မျှဖြစ်ရာ ရဟန်းတော်များအနေဖြင့် ဝိနည်းတော်အရ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးအစရှိသည့် ပစ္စည်းလေးပါးသာပိုင်ဆိုင်ခွင့်ရှိကြောင်းနှင့် ရဟန်းတော်က လူပုဂ္ဂိုလ်အား အမွေပစ္စည်းရရှိရေးနှင့်စပ်လျဉ်း၍ တရားပြိုင်ဆိုင်မှုပြုမည်ဆိုပါက ဝိနည်းနှင့် ညီညွတ်မည်မဟုတ်ကြောင်း **ဒေါ်သက်ထားကြိုင်နှင့်ဒေါ်ခိုင်စန္ဒာဝင်း(ကွယ်လွန်သူဦးမြဝင်း၏ တရားဝင်ကိုယ်စားလှယ်)၂၀၂၀ ပြည့်နှစ် တရားမအထူးအယူခံမှုအမှတ်(၂၇)ကို** ရည်ညွှန်းကိုးကားရေးသားတင်ပြလိုက်ရပါသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# မအူပင်မြို့နယ်တွင် ရှမ်းပြည်နယ်မှဝင်လာသည့်အာလူးများ အရောင်းအဝယ်ကောင်းနေ



**မအူပင် မေ ၂၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်တွင် ရှမ်းပြည်နယ်မှဝင်ရောက်လာသည့် အာလူးများ အရောင်းအဝယ်ကောင်းနေကြောင်း မအူပင်မြို့နယ်စားသောက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီရိက ပြောပြ၍ သိရသည်။

မအူပင်မြို့ဈေးကွက်အတွင်း ရှမ်းပြည်နယ်မှ အာလူးများ ဝင်ရောက်လျက်ရှိပြီး မေလ ဒုတိယပတ်မှစတင်၍ ဝယ်ယူမှုကောင်းပြီး အရောင်းသွက်လျက်ရှိကြောင်း၊ ရှမ်းပြည်နယ်မှဝင်ရောက်လာသည့် အာလူး ၁၀ ပိဿာလျှင် ငွေကျပ် ၂၉၅၀၀ ထိဈေးပေါက်နေကြောင်း သိရသည်။

"မအူပင်ဈေးကွက်ထဲကို ရှမ်းပြည်နယ်က အာလူးတွေဝင်ရောက်နေပါတယ်။ စားသုံးမှုများလာတာနဲ့ အာလူးကြော်လုပ်ငန်းတွေပြန်လည်လည်ပတ်လာတာကြောင့် အသုံးများနေတာ။ ဒါကြောင့်ဝယ်လိုအားများပြီး အရောင်းသွက်နေတာပါ။ ဝင်ရောက်လာတဲ့ အာလူးတွေက လတ်ဆတ်မှုရှိပါတယ်။ အရည်အသွေးလဲကောင်းတယ်။ လက်ရှိ အာလူးတစ်ပိဿာကို ငွေကျပ် ၃၀၀၀ ထိ ဈေးပေါက်နေတယ်။ လက်ရှိ အာလူးတွေကပြည်တွင်းဈေးကွက်မှာကို အရောင်းအဝယ်ကောင်းနေတာပါ"ဟု မအူပင်မြို့နယ် စားသောက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီရိက ပြောပြသည်။

မအူပင်မြို့နယ် စားသောက်ကုန်ရောင်းဝယ်ရေးနှင့် အာလူးပွဲရုံများတွင် တစ်ရက်လျှင် အာလူးပိဿာချိန် ၂၅၀ မှ ၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း၊ အဆိုပါဒေသများမှ ဝင်ရောက်လာသည့်အာလူးများ အရောင်းအဝယ် ကောင်းလာသည့်အတွက် ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများ၊ လုပ်သားများ၊ ပွဲရုံပိုင်ရှင်များ အလုပ်အကိုင်အခွင့်အလမ်းများရရှိလာကြောင်း ဒေါ်သီရိက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ကျောက်မဲမြို့နယ် ပန်မောင်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**ကျောက်မဲ မေ ၂၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နမ့်ဟူးတောင်ကျေးရွာအုပ်စု ပန်မောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်မဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းဖြူဖြူအောင်၊ ကျောက်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇင်လတ်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ပန်မောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းဖြူဖြူအောင်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပန်မောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၂ ဦးကို ငွေကျပ် ၃၂၇ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၃၁ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၃ဦးကို ငွေကျပ် ၂၄၁ သိန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၂၉ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၄ ဦးကို ငွေကျပ် ၆၂၈ သိန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၅၄၄၃၆ ဧက စိုက်ပျိုးပြီးစီး

**ရွှေဘို မေ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါး ၅၄၄၃၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ရွှေဘိုမြို့နယ်တွင် နွေစပါး ၃၂၁၃၇ ဧကစိုက်ပျိုးရန်လျာထားပြီး ဖေဖော်ဝါရီလမှစတင်၍စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၄၄၃၆ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်သဖြင့် လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် ရွှေဘိုမြို့နယ်မှာ နွေစပါးဧက ၃၀၀၀၀ ကျော်စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၅၄၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နွေစပါးစိုက်ပျိုးမှုအနေနဲ့ လက်ရှိအချိန်မှာတော့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ နွေစပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံတွေ ပျက်စီးဆုံးရှုံးမှုမရှိရေး အသိပညာပေးနေပါတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။



ယခုနှစ် ရွှေဘိုမြို့နယ်တွင် နွေစပါး စိုက်ပျိုးတောင်သူများအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန် အသိပညာပေးခြင်း၊ သဘာဝမြေသြဇာပြုလုပ်သုံးစွဲနည်းပညာများ၊ နွေသီးနှံများအချိန်မီ စိုက်ပျိုးနိုင်ရန်၊ စီးပွားမျိုးများစိုက်ပျိုးကြရန်အတွက် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၂၀၆)

# မြိတ်မြို့နယ် သက္ကယ်ကျင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မြိတ် မေ ၂၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သက္ကယ်ကျင်းကျေးရွာ၌ စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ မြိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် ဝန်ထမ်းများက သက္ကယ်ကျင်းကျေးရွာရှိ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ ကျေးလက်နေပြည်သူများအလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ ကျေးလက်ဒေသဆင်းရဲမှုနှုန်းလျော့ကျလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ အရင်းအတိုးငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေလိုကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက သက္ကယ်ကျင်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၄၀၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက သက္ကယ်ကျင်းကျေးရွာရှိ မွေးမြူရေးလုပ်ငန်း၊ ရေလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၄၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ရှိုးလေး**

# သံဖြူဇရပ်မြို့နယ် ကဒါတ်ထောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု စစ်ဆေး

**သံဖြူဇရပ် မေ ၂၈**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် သံဖြူဇရပ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကဒါတ်ထောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်ဦး၊ သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာအေးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကဒါတ်ထောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် ကုန်ထုတ်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားရှိမှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များကို မှာကြားခဲ့သည်။

ကဒါတ်ထောက်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦးကို ငွေကျပ် ၁၀ ဒသမ ၃ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၆ ဦးကို ငွေကျပ် ၂၆ ဒသမ ၈ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၄ ဦးကို ငွေကျပ် ၈ ဒသမ ၄ သန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၂၇ ဦးကို ငွေကျပ် ၁၀ ဒသမ ၃ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၂ ဦးကို ငွေကျပ် ၅၅ ဒသမ ၈ သန်း ထုတ်ချေးပေးထားကြောင်း၊ အဆိုပါ မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေများဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာအေးထံမှ သိရသည်။

**သုတ**

စာပေမြင့်မှ လူမျိုးတင့်မည်

# တတိယမြောက် လေယာဉ်တင်သင်္ဘောတည်ဆောက်ရန် ကြိုးပမ်းနေသော အိန္ဒိယ

အိန္ဒိယနိုင်ငံသည် အိန္ဒိယသမုဒ္ဒရာတွင် ပါကစ္စတန်နှင့် တရုတ်တို့ကို ရေတပ်ဆိုင်ရာစွမ်းဆောင်ရည် ဟန်ချက်ထိန်းညှိနိုင်မှုအတွက် မဟာဗျူဟာမြောက် စိုးရိမ်ပူပန်မှုများ မြင့်တက်လာလျက်ရှိသောကြောင့် တတိယမြောက် လေယာဉ်တင်သင်္ဘောတည်ဆောက်ကာ ၎င်း၏ ကာကွယ်ရေးဆိုင်ရာစွမ်းဆောင်ရည်များ မြှင့်တင်နိုင်ရန် တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။

အိန္ဒိယနိုင်ငံအနေဖြင့် ၎င်း၏ INS Vikrant ဒီဇိုင်းပုံစံကိုအခြေခံလျက် တတိယမြောက်လေယာဉ်တင်သင်္ဘောတည်ဆောက်ရန် စဉ်းစားသုံးသပ်လျက်ရှိသည်။ ပြည်တွင်း၌တည်ဆောက်သွားမည့် တတိယမြောက်လေယာဉ်တင်သင်္ဘောစီမံကိန်းတွင် လေယာဉ်ပျံသန်း၊ ဆင်းသက်မှုတို့အတွက် ထိန်းချုပ်မှုစနစ်များကို ပြည်တွင်း၌ပင် ထုတ်လုပ်သွားမည်ဖြစ်သည်။ ယခင်တည်ဆောက်ထားသော လေယာဉ်တင်သင်္ဘောနှစ်စီးစလုံးသည် ရုရှားလေယာဉ်တင်သင်္ဘောကို အခြေခံတည်ဆောက်ထားခြင်းဖြစ်သည်။ အိန္ဒိယနိုင်ငံအနေဖြင့် ၂၀၂၈ ခုနှစ်တွင် လေယာဉ်တင်သင်္ဘောနှစ်စီးစလုံး အင်ပြည့်အားပြည့် တာဝန်ထမ်းဆောင်နိုင်ရန် ရည်မှန်းထားရှိသည်။

လေယာဉ်တင်သင်္ဘောများအတွက် တိကျသောချဉ်းကပ်မှု ဖရေဒါတင်သွင်းမှုသည် ၂၀၃၁ ခုနှစ်တွင် တားမြစ်ပိတ်ဆို့မှုများနှင့် ရင်ဆိုင်ရဖွယ်ရှိသည့်အတွက် အိန္ဒိယနိုင်ငံအနေဖြင့် ရေဒါနည်းပညာကို ပြည်တွင်း၌ပင် တည်ဆောက်သွားနိုင်ရန် အရေးပေါ်လိုအပ်လျက်ရှိသည်။ ထိုအတောအတွင်း လေယာဉ်တင်သင်္ဘောတွင် MiG-29K တိုက်လေယာဉ်များ၏ အစိတ်အပိုင်းများကို အိန္ဒိယနိုင်ငံတွင် တည်ဆောက်သွားမည်ဖြစ်သည်။

ထိုသို့ထုတ်လုပ်ရာတွင် လုပ်ငန်းဖန်ရှင်ပေါင်းစုံပါဝင်သောဖန်သားပြင်၊ ပေါင်းစပ်လက်နက်စနစ်၊ တာယာများ၊ မြေပြင်အထောက်အကူပြု အသုံးအဆောင်ပစ္စည်းများ၊ ရေဒါဖမ်းယူမှုရှောင်ကွင်းနိုင်သော မီးခိုးမြူထုတ်လွှတ်သည့်စနစ်များ ပါဝင်မည်ဖြစ်သည်။ အိန္ဒိယနိုင်ငံအနေဖြင့် MiG-29K ၏ မြေပြင်ဆင်းသက်မှုဂီယာ၊ ကြားဖြတ်ဟန့်တားနှောင့်ယှက်မှုကြိုတင်ကာကွယ်မှုကိရိယာ၊ အောက်ဆီဂျင်ထုတ်လုပ်မှုစနစ်နှင့် အီလက်ထရွန်နစ်အထောက်အကူပြုတည်နေရာပြစနစ်များကိုလည်း ကိုယ်ပိုင်ပြုပြင်သွားနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

ထို့ပြင် အိန္ဒိယနိုင်ငံသည် P-8I Poseidon အမျိုးအစားခရီးရှည်ပျံသန်းနိုင်သည့် ပင်လယ်ရေကြောင်းကင်းလှည့်လေယာဉ် (MPA) ဝယ်ယူရန်စီစဉ်ထားရှိသည်။ ထိုအတောအတွင်း အိန္ဒိယကာကွယ်ရေးနှင့် သုတေသနအဖွဲ့(DRDO)သည် Airbus C-295 ကိုအခြေခံလျက် ခရီးအကွာအဝေးအတော်အတန်ပျံသန်းနိုင်သော MPA များသုတေသနပြုတည်ဆောက်သွားရန်စီစဉ်လျက်ရှိသည်။

အိန္ဒိယနိုင်ငံအနေဖြင့် ကာလရှည်ကြာနှောင့်နှေးကြန့်ကြာမှုဖြစ်ပေါ်ခဲ့သည့် ၎င်း၏ပထမဆုံးပြည်တွင်းထုတ် လေယာဉ်တင်သင်္ဘော INS Vikrant ကဲ့သို့ပင် တတိယမြောက် လေယာဉ်တင်သင်္ဘောတည်ဆောက်ရာတွင်လည်း စိန်ခေါ်မှုများနှင့် ရင်ဆိုင်သွားရဖွယ်ရှိသည်။ အိန္ဒိယနိုင်ငံအနေဖြင့် INS Vikrant တည်ဆောက်ရာတွင် နည်းပညာပိုင်းဆိုင်ရာပြဿနာများ၊ ရန်ပုံငွေနှင့်ဝယ်ယူရေးဆိုင်ရာစိန်ခေါ်မှုများနှင့် အဂတိလိုက်စားမှုများ စသည့်အခက်အခဲများကို ရင်ဆိုင်ကြုံတွေ့ခဲ့ရသဖြင့် အချိန် ၁၃ နှစ်ခန့် ယူခဲ့ရသည်။

အိန္ဒိယနိုင်ငံအနေဖြင့် ၎င်း၏ပင်လယ်ရေကြောင်းဆိုင်ရာနယ်စပ်များတွင် လုံခြုံမှုခိုင်မာသေချာစေရန် လေယာဉ်တင်သင်္ဘော အနည်းဆုံး သုံးစီးခန့်လိုအပ်လျက်ရှိသည်။ လေယာဉ်တင်သင်္ဘော နှစ်စီးကိုတပ်ဖြန့်ချထားသည့်အချိန်တွင် ကျန် တစ်စီးကိုပြုပြင်ထိန်းသိမ်းမှုနှင့် လက်နက်ပြန်လည်တပ်ဆင်မှုများ လုပ်ဆောင်သွားရန်လိုအပ်သည်။

တန် ၅၅၀၀၀ ရှိသည့် INS Vikrant မူကွဲဒီဇိုင်းပုံစံလေယာဉ်တင်သင်္ဘောကို ၄င်းနှစ်အတွင်း အပြီးတည်ဆောက်နိုင်မည်ဖြစ်ကြောင်းကို ချင်သင်္ဘောကျင်းကုမ္ပဏီ(CSL)က ပြောကြားသွားခဲ့သည်။



သို့သော် အိန္ဒိယကာကွယ်ရေးဝန်ကြီးဌာနသည် လက်ရှိအချိန်တွင် နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောများတည်ဆောက်မှု အဆင့်မြှင့်တင်ရေးအပေါ် အလေးထားဆောင်ရွက်လျက်ရှိသောကြောင့် တတိယမြောက် လေယာဉ်တင်သင်္ဘောတည်ဆောက်မည့်စီမံကိန်းသည် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်နိုင်သည်။

ထို့ပြင် အမျိုးမျိုးသောအပြောင်းအလဲများသည် အိန္ဒိယ၏ လေယာဉ်တင်ဘောတည်ဆောက်ရေးရည်မှန်းချက်များအပေါ် သက်ရောက်မှုများရှိလာနိုင်ပေသည်။ တတိယမြောက် လေယာဉ်တင်သင်္ဘောတည်ဆောက်သွားမည့်စီမံကိန်းသည် ကုန်ကျစရိတ်နှင့် တာဝန်ထမ်းဆောင်မှုဆိုင်ရာ ထိရောက်မှုတို့နှင့်စပ်လျဉ်း၍ မူဝါဒချမှတ်သူများနှင့် ကာကွယ်ရေးအစီအမံချမှတ်သူများအကြား အချေအတင်ဆွေးနွေးမှုများ ဖြစ်ပေါ်လာနိုင်ပေသည်။

အိန္ဒိယရေတပ်၏ ရေယာဉ်စုများတိုးချဲ့ရေးစီမံကိန်းများသည် ရေတပ်အရာရှိများနှင့် စစ်သည်များအတွက် ရန်ပုံငွေနှင့် လေ့ကျင့်ရေးအထောက်အကူပြုပစ္စည်းများ လုံလုံလောက်လောက်မရှိသောကြောင့် ပျက်ပြယ်ခဲ့ရသည့် အတွေ့အကြုံများရှိခဲ့ဖူးသည်။ မည်သို့ပင်ဆိုစေ တရုတ်၊ ပါကစ္စတန်တို့နှင့် စပ်လျဉ်း၍ လုံခြုံရေးဆိုင်ရာ ဝန်းကျင်ပြောင်းလဲဖြစ်ပေါ်လာခြင်းသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ထမ်းဆောင်နိုင်မည့် လေယာဉ်တင်သင်္ဘောများနှင့်အတူ ခိုင်မာအားကောင်းသော စစ်ဘက်တည်ဆောက်သွားရန် အိန္ဒိယ၏ လက်ရှိလိုအပ်ချက်ကိုထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။

အိန္ဒိယရေတပ်သည် ပင်လယ်ပြင်ထိန်းချုပ်ခြင်း သို့မဟုတ် နေရာတစ်ခုထက်ပိုမိုသော နယ်မြေတွင်း ဝင်ရောက်ခွင့်ငြင်းဆိုခြင်းတို့ကို အလေးထားဆောင်ရွက်မှုနှင့်အတူ လေယာဉ်တင်သင်္ဘောအခြေစိုက် ပင်လယ်ပြင်ထိန်းချုပ်ရေးဆိုင်ရာ ရေတပ်စစ်ဆင်ရေးအခြေခံသဘောတရားကို အလေးထားဖော်ဆောင်လျက်ရှိသည်။

အိန္ဒိယနိုင်ငံသည် ပါကစ္စတန်နှင့် တရုတ်ရေတပ်တို့အကြားရှိ ရေတပ်မျက်နှာစာနှစ်ခုကို ရင်ဆိုင်ရာတွင် လေယာဉ်တင်သင်္ဘောများကို အရေးပါသောအခန်းကဏ္ဍ၌ ပါဝင်ထမ်းဆောင်စေခြင်းအားဖြင့် ပါကစ္စတန်ကိုရင်ဆိုင်နိုင်ရေးအတွက် ပင်လယ်ပြင်ထိန်းချုပ်ရေးမဟာဗျူဟာကိုလည်းကောင်း၊ တရုတ်နိုင်ငံကို ရင်ဆိုင်နိုင်ရေးအတွက် ပင်လယ်ပြင်ဝင်ရောက်ခွင့်ငြင်းဆိုခြင်းကိုလည်းကောင်း အလေးထားအကောင်အထည်ဖော်လျက်ရှိသည်။

အိန္ဒိယရေတပ်၏ လေယာဉ်တင်သင်္ဘောများသည် ပါကစ္စတန်နှင့်ပဋိပက္ခကာလအတွင်း အင်အားဖြန့်ကြက်ခြင်းနှင့် ဟန့်တားပိတ်ဆို့ခြင်းများလုပ်ဆောင်သွားမည်ဖြစ်သောကြောင့် မြေပြင်တိုက်ခိုက်ရေးစွမ်းဆောင်ရည်ကို အထောက်အကူပြုသွားနိုင်မည်ဖြစ်သည်။ သို့သော် ပထဝီမြေပြင်အနေအထားပိုင်းတွင် ပါကစ္စတန်က သာလွန်လျက်ရှိပြီး ပင်လယ်ရေကြောင်းကုန်သွယ်မှုများလုပ်ဆောင်ရာတွင် ကမ်းခြေသို့အလျင်အမြန်ချဉ်းကပ်နိုင်စွမ်းရှိစေသည်။ ပါကစ္စတန်သည် အနီးအနားထိခြေရာခံ၍မရနိုင်သည့် ရေငုပ်သင်္ဘောများနှင့် ပင်လယ်ပြင်အခြေစိုက် ရေငုပ်သင်္ဘောတိုက်ဖျက်ရေးဒုံးပျံတပ်ခွဲများကိုအသုံးပြုလျက် အိန္ဒိယ၏လေယာဉ်တင်သင်္ဘောများကို တိုက်ခိုက်ရန်နည်းလမ်းများစွာရှိသည်။

ပဋိပက္ခကာလအတွင်း အိန္ဒိယ၏ကုန်းပတ်အသေးစားလေယာဉ်တင်သင်္ဘောများသည် ပါကစ္စတန်ကမ်းခြေထိ လှုပ်ရှားစစ်ကစားနိုင်ရန် လိုအပ်သဖြင့် ပါကစ္စတန်တို့၏ ကုန်းမြေအခြေစိုက် သင်္ဘောဖျက်ဒုံးကျည်များနှင့် လေယာဉ်တို့၏ တိုက်ခိုက်နိုင်မှုလက်တစ်ကမ်းအကွာသို့ ရောက်ရှိသွားမည်ဖြစ်သည်။ ပါကစ္စတန်လေယာဉ်၏ခြိမ်းခြောက်မှုသည် အိန္ဒိယလေယာဉ်တင်သင်္ဘောများကို လေကြောင်းရန်ကာကွယ်ရေးအတွက် လေယာဉ်အုပ်များ ပိုမိုတိုးချဲ့သွားရန် ဖိအားဖြစ်စေမည်ဖြစ်သည်။ လက်ရှိအချိန်တွင် အိန္ဒိယတိုက်လေယာဉ်များသည် ပါကစ္စတန်ပစ်မှတ်များကိုတိုက်ခိုက်ရာတွင် ကန့်သတ်ချက်ဖြစ်ပေါ်လျက်ရှိသည်။

လက်ရှိအကောင်အထည်ဖော်ဆောင်လျက်ရှိသော စီမံကိန်းများအရ အိန္ဒိယရေယာဉ်စုသည် ၂၀၂၃ ခုနှစ်တွင်စစ်ရေယာဉ် ၁၅၅ စီးမှ အစီးရေ ၁၆၀ ထိပိုင်ဆိုင်နိုင်ရန် မျှော်မှန်းထားရှိပြီး ၂၀၃၅ ခုနှစ်တွင် စစ်ရေယာဉ်အနည်းဆုံး ၁၇၅ စီးထိ ပိုင်ဆိုင်နိုင်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။ လေယာဉ်၊ ရဟတ်ယာဉ်နှင့် ဒရုန်းများအပါအဝင် အခြားသော စစ်လက်နက်ပစ္စည်းမျိုးစုံသည်လည်း မဟာဗျူဟာမြောက်အခြေအနေထိရောက်ရှိလာရန် မျှော်မှန်းထားရှိသည်။

တတိယမြောက်လေယာဉ်တင်သင်္ဘော တည်ဆောက်သွားမည့်စီမံကိန်း၌ လေယာဉ်တင်သင်္ဘောသုံးစီးပါဝင်သည့် တိုက်ခိုက်ရေးအုပ်စုကို ဗဟိုပြုထားသည့် ပိုမိုကျယ်ပြန့်သော ရေတပ်ဆိုင်ရာမဟာဗျူဟာကို အကြံပြုထားရှိပြီး လေယာဉ်တင်သင်္ဘောတစ်စီးချင်းစီတွင် တာဝန်ပေါင်းစုံထမ်းဆောင်နိုင်သော အစောင့်လိုက်စစ်ရေယာဉ်နှင့် အထောက်အကူပြုစစ်ရေယာဉ်များလိုက်ပါလာမည်ဖြစ်သည်။ အဆိုပါတိုက်ခိုက်ရေးအုပ်စုများသည် လေကြောင်းရန်ကာကွယ်ရေးအပြင် ရေပြင်နှင့် ရေငုပ်သင်္ဘောတိုက်ဖျက်ရေး စွမ်းဆောင်ရည်များ ပေါင်းစပ်ပါဝင်မည်ဖြစ်သည်။

လေယာဉ်တင်သင်္ဘောများအနေဖြင့် ရန်သူကိုချေမှုန်းတိုက်ခိုက်ရေးအတွက် တိုက်လေယာဉ်အများအပြားကို တာဝန်ပေးအပ်သွားမည်ဆိုလျှင် လေယာဉ်တင်သင်္ဘောအုပ်စုအတွက် စွန့်စားရနိုင်ခြေမြင့်နိုင်သည်။ သို့သော် လေယာဉ်တင်သင်္ဘောကို ကာကွယ်ရေးအတွက် တိုက်လေယာဉ်အများအပြား တာဝန်ပေးသွားမည်ဆိုလျှင် တိုက်ခိုက်ရေးစွမ်းဆောင်ရည်ကျဆင်းစေမည်ဖြစ်သည်။ ထို့ပြင် လေယာဉ်တင်သင်္ဘောများသည် သင်္ဘောဖျက်ဒုံးကျည်များနှင့်ရေငုပ်သင်္ဘောများ၏ အန္တရာယ်ကိုလည်း ရင်ဆိုင်သွားရဖွယ် ရှိနေသည်။

မည်သို့ပင်ဆိုစေ အိန္ဒိယ၏ရည်မှန်းချက်ကြီးမားသော လေယာဉ်တင်သင်္ဘောတည်ဆောက်ရေးစီမံကိန်းများသည် မဟာဗျူဟာမြောက်ကိုယ်ပိုင်ဆုံးဖြတ်နိုင်ခွင့်ကို ဆက်လက်ထိန်းသိမ်းထားရှိနိုင်ရေးအတွက် ပြည်တွင်းကာကွယ်ရေးစက်မှုလုပ်ငန်း တည်ဆောက်ရန်၊ ကာကွယ်ရေးဆိုင်ရာ မိတ်ဖက်နိုင်ငံများ တိုးချဲ့ရန်နှင့် စိတ်တူကိုယ်တူနိုင်ငံများနှင့် ခိုင်မာသောဆက်ဆံရေးတည်ဆောက်ရန်ဆိုသည့် ကျယ်ပြန့်သော မဟာဗျူဟာမြောက် မျှော်မှန်းချက်နှင့် ထိန်းချုပ်ထားရှိသည်။ သို့သော် နိုင်ငံရေးဆိုင်ရာ ထောက်ခံမှုမရှိခြင်း၊ သုတေသနဖွံ့ဖြိုးတိုးတက်မှုနှင့် ဘတ်ဂျက်များလိုအပ်ခြင်း၊ ကုန်ထုတ်လုပ်မှုစွမ်းဆောင်ရည် လိုအပ်ခြင်း၊ လူသားအရင်းအမြစ် စီမံခန့်ခွဲမှုအားနည်းခြင်း၊ စစ် လက်နက်ပစ္စည်းဝယ်ယူမှုစနစ်များ အားနည်းခြင်း၊ ကိုယ်ကျိုးစီးပွားကာကွယ်မှုများနှင့် အလွန်အမင်းဗျူရိုကရေစီဆန်မှုများကြောင့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်သွားရဖွယ်ရှိနေသည်။

**ကိုးကား**


**(1) Why India wants another aircraft carrier By Asia Times.**

**(2) India eyes massive naval build-up to challenge China By Asia Times.**


**မောင်သောင်းဝင်း(တမန်ဟောင်း)**

# ဇာတ်စင်နှင့် ဆက်တင်၏အရုဏ်ဦး

ကိုဇော်ဌေး(ယဉ်ကျေးမှု)

ဇာတ်စင်နှင့်ဆက်တင်သည် မြန်မာ့သဘင်နှင့်အတူ ယှဉ်တွဲပေါ်ပေါက်ခဲ့သည်။ ဆက်တင်ဟူသည့်စကားလုံး အမြစ်မတွယ်သေးသော်လည်း ပညာရပ်အနေနှင့် အစကတည်းကရှိခဲ့သည်။ တည်ဆောက်ခြင်း၊ အထိုင်ထားခြင်းတို့သည် ဇာတ်အဖွဲ့တစ်ခု၏လှုပ်ရှားလည်ပတ်ရန်ဆင့်သည့် အဆင့်သဖွယ်ဖြစ်သည်။ ဆက်တင်ပညာသည် ဇာတ်ခုံ၊ ဇာတ်ရုံ၊ ဇာတ်စင်တို့ကို ခမ်းနားလှပအောင်မွမ်းမံအလှပြင်ခြင်း၊ ပွဲကြည့်သူတို့ မျက်စိပသာဒဖြစ်အောင်ဖန်တီးခြင်းတို့သည် တင်ဆက်ရန်ဆင့်သည့် အဆင့်သဖွယ် ငြိတွယ်ခဲ့သည်ကား မငြင်းဆိုဝံ့သောဖြစ်ရပ်ပင်ဖြစ်သည်။

ရှေးဦးအစ နိပါတ်ခင်းကာလများကို ငဲ့စောင်းကြည့်ပါက နိပါတ်ခန်းတစ်ခုလျှင် လှည်းပေါင်း ခုနစ်စီးမှ အများဆုံး ၁၅ စီးထိ ပါဝင်လေ့ရှိသည်။ တချို့နိပါတ်ခန်းများမှာ လှည်းအစီး ၆၀ မှ ၇၀ ထိ ပါဝင်သည်။ ကက်အိမ် (စပါး ၆၄ တင်းဝင်သောပုတ်ကြီး၊ ၎င်း၏ချင့်ဝန်ကို တစ်စုံတစ်ခုတည်နေစရာနေရာ) နှင့် လှည်းများသည် ဇာတ်ခုံ၊ ဇာတ်စင်၏ ရှေ့ပြေးများပင်ဖြစ်သည်။ သလွန်၊ ရာဇပလ္လင်၊ တောင်၊ ကျောင်းသင်္ခမ်း စသည်တို့အတွက် သေတ္တာကြီးကြီးတစ်လုံးနှင့် တောတောင်သစ်ပင်ဥယျာဉ်များအတွက် သစ်ကိုင်းများ၊ နွယ်များကို စိုက်ထောင်ကာ ဆက်တင်မွမ်းမံမှုအတတ်ပညာကို ရောင်ခြည်သန်းပြခဲ့သည်။ ဗြိတိသျှခေတ် နိပါတ်ခန်းတို့တွင် ဆက်တင်အထူးပြုလုပ်ချက်များပေါ်ပေါက်လာခဲ့သည်။ လှည်းပေါ်တွင် အတောင်အစိတ်၊ သုံးဆယ်ခန့်မြင့်သည့်ဝါးပိုးဝါးတိုင်များထူကာ စက်ကြိုးများဆင်၍ ရထားပျံဖြင့် ကောင်းကင်သို့ပျံသန်းဟန်၊ ဂဠုန်၊ နဂါးတို့ တစ်ဦးနှင့်တစ်ဦး ထိုးဟန်၊ လိုက်ဟန်၊ သူယောင်မယ်များ သူယောင်ပင်တွင် သီးနေဟန်၊ ကိန္နရီကိန္နရာတို့ ပျံသန်းမြူးပျော်ဟန် စသည်တို့ကား ရှေးခေတ်က နိပါတ်ခင်းသည့် ပြကွင်း၊ပြကွက်များတွင် ပါဝင်သည့်ဆက်တင်များပင် ဖြစ်ကြသည်။

နိပါတ်ခင်းလွန်သော် မြေဝိုင်းကသည့်ကာလသို့ ရောက်လာသည်။ မြေဝိုင်းဇာတ်အပြင်အဆင်သည် ကွင်းကျယ်ကျယ် မြေတလင်းပြောင်ပြောင်တွင် နေရာယူပြီး သုံးပုံနှစ်ပုံကို ကပြရန်သတ်မှတ်၍ ကျန်သုံးပုံတစ်ပုံကို ဝိုင်းတော်တီးများအတွက် သတ်မှတ်ခဲ့ကြသည်။ ကွင်းအလယ်တွင် သပြေခက်နှင့် ဆယ့်နှစ်ရာသီပင်မှ အကိုင်းတို့ကို ပူးတွဲစိုက်ထားသည်။ ဘေးတစ်ဖက်တစ်ချက်တွင် ရင်ခေါင်းခန့်မြင့်သည့် မီးတိုင်များစိုက်ထူထားလေ့ရှိသည်။ ဆိုင်းတစ်ခြမ်း၊ ကြေးဝိုင်းတစ်ခြမ်းတပ်ဆင်ထားသည့် လခြမ်းဆိုင်းကိုအသုံးပြုကြပြီး ထိုဆိုင်းနှင့်ပင် မြေဝိုင်းပန်းပင်လယ်ဇာတ်ကို မိုးအလင်းကပြကြသည်။ ဆိုင်းဝိုင်း၏ကျောဘက်တွင် အမြင့် လေးတောင် နှစ်မိုက်ခန့်ရှိသော တိုင်နှစ်တိုင်စိုက်ထားသည်။ တိုင်ဖျားထိပ်တွင် တန်းတစ်တန်းတင်ထားသည်။ ထိုတန်းပေါ်တွင် ဇာတ်လမ်း၌ပါဝင်သည့် ဂဠုန်၊ နဂါး၊ မြင်း၊ ဆင်၊ ကျား၊ ရသေ့၊ နတ်သမီး၊ နတ်သား၊ သိကြား၊ မျောက်၊ ဂုမ္ဘာန်၊ ဘီလူး၊ နန်းထိုင်ဘီလူး စသည့်အရုပ်ခေါင်းများကို ချိတ်ဆွဲထားသည်။ ဇာတ်သေတ္တာတစ်လုံးကို ဇာတ်ကမည့် ဆိုင်းဝိုင်းကြီးအနီးတွင် ချထားသည်။ ၎င်းသေတ္တာမှာ ရှင်ဘုရင်ထိုင်လျှင် ပလ္လင်ဖြစ်သွားသည်။ ရသေ့ထိုင်လျှင် ကွပ်ပျစ်ဖြစ်သွားသည်။ သူဌေးထိုင်လျှင် ထိုင်ခုံ၊ မင်းသမီးထိုင်လျှင် သလွန်၊ သိကြားမင်းထွက်လာပါက မြကျောက်ဖျာဖြစ်သွားရသည်။

မြေဝိုင်းခေတ် သပြေခက်နှင့် ဆယ့်နှစ်ရာသီပင်မှ အကိုင်းများ၊ ရင်ခေါင်းခန့်မြင့်သည့် မီးတိုင်များသည် ဇာတ်ခုံမွမ်းမံမှုအတတ်ပညာ၏ရှေ့ပြေးများပင် ဖြစ်သည်။ ဆိုင်းဝိုင်း၏ကျောဘက်တွင် ဂဠုန်၊ နဂါး၊ မြင်း၊ ဆင်၊ ကျား၊ ရသေ့၊ နတ်သမီး၊ နတ်သား၊ သိကြား၊ မျောက်၊ ဂုမ္ဘာန်၊ ဘီလူး၊ နန်းထိုင်ဘီလူး စသည့်အရုပ်ခေါင်းများကို တန်းထိုး၍ ချိတ်ဆွဲထားခြင်းသည် ဇာတ်ခုံနောက်ဘက် အနားသတ်ပေါင်တစ်ခုကို သတ်မှတ်ခြင်းဖြစ်သည်။ ယခုခေတ်ဆိုပါက နောက်ခံကားဖြင့် နောက်ခံမြင်ကွင်းကို ခင်းကျင်းနည်းတစ်ရပ်ပင်ဖြစ်သည်။ ဇာတ်သေတ္တာသည် ဇာတ်ဝင်ဆက်တင်အစစ်ပင်ဖြစ်သွားသည်။

မြေဝိုင်းပန်းပင်လယ်၌ မင်းသားလတ်ဟု နာမည်ကျော်ခဲ့သည့် မောင်ကျော်ဇံဆိုသူရှိခဲ့သည်။ သူသည် မြန်မာပြည်သို့ နိုင်ငံခြားမှ လာရောက်ကပြ၊ ပိုက်ဆံယူကြသောကုလားဇာတ်၊ တရုတ်ဇာတ်တို့၏ခင်းကျင်းကပြပုံကို ကြည့်ရှုစုံစမ်းသိရသည့်အတိုင်း တရုတ်တို့၏ဟန်အမူအရာအရ ကျွမ်းထိုး၊ ခြေမြှောက်၊ လက်မြှောက်၊ လှံကိုင်၊ ဓားကိုင် စသောနည်းတို့ကို အတုယူသည့်နည်းတူ၊ ကုလားတို့၏ဇာတ်တွင် ကားဆင်ပုံ၊ ကားချ၊ ကားဆွဲပုံ၊ တောပုံ၊ တောင်ပုံ၊ မြစ်ပုံ၊ အိမ်ပုံ၊ ဥယျာဉ်ပန်းပင်ပုံ စသည်များကိုအတုယူ၍ မြန်မာပန်းချီဆရာများကိုပြောပြကာ ထီးနန်းပုံ၊ အိမ်တော်ပုံ၊ တိုက်ပုံ၊ တောတောင်ပုံ၊ မြစ်ချောင်းပုံ၊ မြို့ရိုးတံခါးပုံများကို ရေးခြယ်စေလေသည်။ သူပွဲကရာ၌ ခင်းကျင်းကပြရာ ပွဲကြည့်သူတို့နှစ်သက်ကြသဖြင့် ကျော်စောခြင်းရှိလေသည်။

မြေဝိုင်းပန်းပင်လယ်မင်းသားမောင်ကျော်ဇံသည် မြေဝိုင်းကနေရာမှ ဇာတ်ခုံနှင့်ကလာသည်။ ဇာတ်ခုံရှိမှသာ ကားချ၊ ကားဆွဲနိုင်သောကားစုံကို ဆင်ယင်နိုင်မည်ဖြစ်သည်။ သူ၏ဇာတ်ခုံခင်းကျင်းမှုကို လူအများကနှစ်သက်သဘောကျလာသည်။ မောင်ကျော်ဇံသည် ညတိုင်း ပွဲသွားကြည့်သည်။ ထိုမှ ထိုးထွင်းတီထွင်ကပြရင်း ပွဲကြည့်သူတို့၏နှစ်သက်ခြင်းကိုရခဲ့သည်။ မောင်ကျော်ဇံတီထွင်သဖြင့် မြေဝိုင်းဇာတ်သည် အနိမ့်မှ အမြင့်သို့ ရောက်ကြရသည်။

မော်ဘီဆရာသိန်းက မောင်ကျော်ဇံလုပ်ခဲ့သည့် ဇာတ်ရုံသည် ယခုခေတ်အငြိမ့်စင်လို ဆောက်ထားသည့်ဇာတ်ခုံမျိုးဟုဆိုသည်။ ဇာတ်ခုံသည် အမိုးမပါပါ။ ဇာတ်ခုံပေါ်၌ ၁၂ တောင်၊ ၁၀ တောင်ရှိသည့်ပိတ်ကားများချထားလေသည်။ နောက်ဆုံးက တောပလိန်းကား၊ ၎င်းရှေ့၌ တောဖောက်ကား၊ ၎င်းရှေ့၌အိမ်ကား၊ ၎င်းရှေ့က လွှတ်အိမ်ကား၊ ၎င်းရှေ့က မြေနန်းကား၊ ၎င်းရှေ့ကမြို့ရိုးကား စုစုပေါင်း ခြောက်ကားရှိသည်။ ရှေ့ဆုံးနန်းမြို့ရိုးကားကသာ ၁၂ တောင်ရှိသည်။ နန်းမြို့ရိုးကား၏နောက်ဘက်ရှိကားတို့မှာ တစ်တောင်စီလျော့လျော့သွားကြသဖြင့် နောက်ဆုံးကားသည် ရှစ်တောင်နှင့် အမြင့် ၁၀ တောင်သာရှိတော့ကြောင်း ပြောပြခဲ့သည်။ မြေဝိုင်းပန်းပင်လယ်မင်းသားလတ် မောင်ကျော်ဇံ၏တုပမှိုငြမ်းမှုသည် ဇာတ်ခုံ၊ ဇာတ်စင်ဟုခေါ်ဆိုနိုင်သည့် အရွေ့တစ်ခုကိုစတင်ခြင်းပင်ဖြစ်သည်။ ထို့ပြင် ပန်းချီကားဆက်တင်ခင်းကျင်းပြသတင်ဆက်ခြင်းကိုလည်း သယ်ဆောင်ပေးလာနိုင်သည်။ ထိုမြင်ကွင်းကို ပရိသတ်က လက်ခံသည်။ အောင်မြင်ခဲ့သည်ဟု သတ်မှတ်နိုင်သည်။

ဇာတ်စင်နှင့် ဆက်တင်၏အရုဏ်ဦးသည် အလင်းရောက်လာခဲ့သည်။ ဇာတ်မင်းသားကြီး ဦးဖိုးစိန်ကလည်း သူသည် ဇာတ်ကား၊ ဇာတ်ခုံနှင့် ဇာတ်ရုံအခင်းအကျင်းအနေအထားများ တိုးတက်ကြီးပွားရေးအတွက် မည်မျှစိတ်ပင်ပန်းလူပင်ပန်းခံကာ ပြုပြင်ပြောင်းလဲခဲ့ကြောင်း ၁၉၃၃ ခုနှစ် ဧပြီလက အထူးထုတ်အဖြစ်ထုတ်ဝေသည့် မြန်မာ့အလင်းသတင်းစာ၌ ရေးသားဖော်ပြခြင်းဖြင့် အလင်းရောက်လာခဲ့ပြီဟု ဆိုဝံ့ခြင်းဖြစ်သည်။ ဇာတ်ကား၊ ဇာတ်ခုံနှင့်ဇာတ်ရုံအခင်းအကျင်းအနေအထားများသည် ယခင်ကထက် ပိုမိုတိုးတက်လာခဲ့သည်ဟုဆိုနိုင်သည်။ သူသည် အပြောသက်သက်မဟုတ်ဘဲ လက်တွေ့ဆောင်ရွက်ပြသခဲ့ကြောင်း သူ၏ရွက်ထည်ရုံကြီးကိုကြည့်၍ ကောက်ချက်ချနိုင်သည်။



မဟာဗုဒ္ဓဝင် လေးတော်တင်ခန်းဆက်တင်။

ရွက်ထည်ရုံသည် အပြင်အပမှ ကြည့်ရှု၍ ကျက်သရေရှိသည်မဟုတ်။ ရွက်ထည်ရုံအတွင်းသို့ ဝင်သည်နှင့်တစ်ပြိုင်နက် ဇာတ်ခုံပေါ်သို့ လှမ်းကြည့်လိုက်လျှင် ပုဏ္ဏားကွယ်၊ နဖူးစည်း၊ ကတ္တီပါအနီရင့်ရင့်ကန့်လန့်ကာကြီး စသည်တို့ဖြင့် အလွန်ခမ်းနားလေသည်။

ရွှေမန်းတင်မောင်သည် ငယ်စဉ်ဘဝက ညောင်လေးပင်မြို့ရှိ မြန်မာ့ကျက်သရေဆောင်အပျော်တမ်းအဖွဲ့တွင် ဝင်ရောက်ကပြပေးခဲ့ဖူးသည်ဟု လူထုဒေါ်အမာက သူ၏ရွှေမန်းတင်မောင်စာအုပ်၌ ဖော်ပြထားလေသည်။ ထိုအဖွဲ့၏ဇာတ်ခုံအပြင်အဆင်မှာ စစ်မဖြစ်မီကာလဖြစ်နေသော်လည်း ရှေ့ခေတ်တစ်ခေတ်လောက်ကျော်လွန်အောင်ကောင်းလှသည့် ဇာတ်ခုံအပြင်အဆင်ဖြစ်လေသည်။ ထို့ပြင် အပြင်အဆင်သည် ပွဲကြည့်သူ၏အာရုံကို များစွာဆွဲဆောင်နိုင်ကြောင်း ရွှေမန်းတင်မောင်က သတိပြုမိခဲ့သည်။ နောက်ခံပန်းချီကားချပ်များကို ပီပီသသဖော်ပြပြီး တိုင်းရင်းသားတို့၏ ရိုးရာဝတ်စုံအပြည့်ဝတ်ဆင်ကပြကြသည်။ ပလောင်ယိမ်း၊ ရှမ်းယိမ်းတို့နှင့်အတူ ဗမာဆိုသည့် ဇာတိသွေး၊ ဇာတိမာန်အပြည့်ရှိကြောင်း စစ်သူကြီးမဟာဗန္ဓုလသည် နယ်ချဲ့များကို မည်သို့တွန်းလှန်တိုက်ခိုက်ခဲ့ကြောင်းဖော်ပြရင်း ဓားယိမ်း၊ လှံယိမ်းများကို ကပြကြသည်။ ယိမ်းများကိုကပြရာ၌ မီးတား၊ မြို့ရိုး၊ ပြအိုး၊ ပြာသာဒ်၊ သူရဲခို၊ သူရဲပြေးများဖြင့် တခမ်းတနားကပြကြသည်။ သူရဲပြေးဝယ်စစ်သားများက သေနတ်ထမ်းလမ်းလျှောက်သူများပင် ပါဝင်သရုပ်ဆောင်ထားသည်။ အခမ်းအနားအပြင်အဆင် ကောင်းလွန်းလှသဖြင့် ကြက်သီးထမခန်းရှိလှသည်။ ဇာတ်ခုံပေါ်၌ မီးများ ဝုန်းခနဲထတောက်ပြီး ထိုမီးအတွင်းမှ လူပေါ်လာသည့် ပြကွက်၊ ထိုးကားကို စတင်တီထွင်လာပြီး မီးမပိတ်ဘဲ အခန်းကူးပြောင်းခြင်း စသည့် အခမ်းအနားဆိုင်ရာများကို ခေတ်လူငယ်တို့ပီပီ တီထွင်ကြိုးစားခဲ့ကြသည်။ နောင်သော် အိန္ဒိယသို့ သွားရောက်ကပြရန် အဖွဲ့ဝင်တစ်ဦးကို စီစဉ်ခိုင်းရင်း ငွေလည်းဆုံး၊ အဖွဲ့လည်းပျက်ခဲ့သည်။ ကိုယ်ပိုင်ဇာတ်ထောင်လာသူ ရွှေမန်းတင်မောင်သည် မြန်မာ့ကျက်သရေဆောင်၏နည်းနာကို အခြေခံကာ ပိုမိုတီထွင်လာနိုင်တော့သည်။ သူသည် ဂျပန်ခေတ်ရောက်ချိန်ဝယ် ရန်ကုန်မြို့ရှိ မြိုင်ရုံ၌ကပြသောပြဇာတ်များကိုကြည့်ရင်း ကားချပ်များကို အပေါ်ကမချဘဲ ဘေးမှထိုးသွင်းသည့်နည်းကိုလည်း တုပမှီးနိုင်ခဲ့သည်။ စစ်ပြီးခေတ်၌ လေးဖက်မြင်ဆုံလယ်ကိုတီထွင်နိုင်ခဲ့သည်။ ရွှေမန်းတင်မောင်၏ ဇာတ်ခုံအပြင်အဆင်၊ ဆက်တင်အခမ်းအနားများကို ကြည့်မိသူတိုင်းက ခေတ်မီလွန်းလှသည်ဟု ပြောစမှတ်ပြုကြသည်သာဖြစ်သည်။ စိတ်ကူးစိတ်သန်းလည်း ကောင်းလွန်းသည်။ ခေတ်ရှေ့မြင်သူဟု ပြောနိုင်သည်။

ရွှေမန်းတင်မောင်သည် ဇာတ်ကပြရာ၌ ရွက်ထည်ရုံဖြင့်ကပြကာ ညဥ့်ဝက်စနစ်ကိုတီထွင်ခဲ့သည့်နည်းတူ စိန်အောင်မင်းကလည်း လဝန်းဇာတ်ခုံကို တီထွင်ခဲ့သည်။ လဝန်းဇာတ်ခုံကြီးကို အဆင့်သုံးဆင့်ဖြင့် ထည်ထည်ဝါဝါပြုလုပ်ပြီး မြန်မာ့သဘင်တစ်ခေတ်ကို တင့်တယ်ခံ့ညားစေခဲ့သည်။ လဝန်းဇာတ်ခုံကို သံထည်များဖြင့် ပြုလုပ်ထားပြီး ဇာတ်ခုံပေါ်သို့တင်လိုက်သောအခါ ဇာတ်ခုံအဝိုင်းကြီးဖြစ်အောင်စီမံထားခြင်းဖြစ်သည်။ အစိတ်အပိုင်းတစ်ခုစီကို မူလီများဖြင့်ဖြုတ်နိုင်အောင် အရှင်လုပ်ထားသည်။ ပရိသတ်ကကြည့်လျှင် ဇာတ်ခုံဝန်းဝိုင်းလျက် မျက်နှာပြင်မှာလည်း လှေကားထစ်များပမာ တစ်ဆင့်ပြီးတစ်ဆင့်မြင့်တက်သွားပြီး တစ်မျိုးဆန်းသစ်အောင်တီထွင်ခဲ့သည်။ ဇာတ်ခုံ၏အကျယ်မှာ ပေ ၄၀ မျှကျယ်ဝန်းသည်။ ဘေးဘယ်ညာတွင် မြန်မာ့ဆိုင်းဝိုင်းနှင့် ခေတ်ပေါ်တီးဝိုင်းများကို တင်ထားသည်။ အသုံးပြုသောပေအကျယ်မှာ ပေ ၃၀ ခန့်ရှိသည်။ ဇာတ်ခုံ၏ရှေ့တွင် လှေကားကဲ့သို့ အဆင့်သုံးဆင့်ထားသည်။ ထိုအဆင့်သုံးဆင့်ထိ ဇာတ်မင်းသားများတက်နိုင်သည်။ ပြည်ဖုံးကားကြီးလည်း လဝန်းပုံသဏ္ဌာန်အတိုင်း ရေလှိုင်းကြီးများကဲ့သို့ အတွန့်များ မြင့်တင်နိုင်၊ ချနိုင်သည့် ကန့်လန့်ကာကြီးဖြစ်သည်။ လဝန်းဇာတ်ခုံသည် ဝါ၊ စိမ်း၊ နီသုံးရောင်ခြယ်အဝန်းအဝိုင်းဖြစ်သည်။ လဝန်းရောင်သည် အေးမြသကဲ့သို့ အေးမြသည့်ဘဝအလင်းရောင်၊ ဓမ္မအလင်းရောင်တို့ကို လူတိုင်းရရှိရန် စိတ်ရည်သန်၍ နိမိတ်ကောင်းကို ဆောင်ယူထားခြင်းဖြစ်သည်။ လဝန်းဇာတ်ခုံကို ပန်းချီဆရာ ဦးရာပိုက ပုံစံထုတ်၍ ခမ်းနားအောင်စီစဉ်ထားသည်။ ထိုလဝန်းဇာတ်ခုံကြီးပေါ်တွင် ဘုရားလောင်း ဘူရိဒတ်နဂါးမင်းဇာတ်တော်ကြီးကို ခမ်းခမ်းနားနားပထမဦးဆုံး စီစဉ်တင်ဆက်ကပြခဲ့သည်။ လဝန်းဇာတ်ခုံ၏အဖွင့်သီချင်းကို စာရေးဆရာ စိန်ဝေလျှံက ရေးစပ်ပေးပြီး ပွဲကရာဌာနတိုင်းတွင် သီဆိုခဲ့ကြသည်။

အလင်းရောက်လာသည့် ဇာတ်စင်နှင့် ဆက်တင်သည် ထိုမှနောက်ပိုင်းဝယ် ပိုမိုတောက်ပလာခဲ့သည်။ ဇာတ်စင်သည် ပရိသတ်၏ ဆင်ခြင်သုံးသပ်မှုလုပ်ငန်းကိုဆိုင်းငံ့စေ၍ စိတ်လှုပ်ရှားမှုနှင့် တုန့်ပြန်ခံစားမှုလုပ်ငန်းကို ကြီးထွားစေသောနေရာဖြစ်သည်။ ထိုနည်းတူ အနုပညာရပ်များနှင့် အနုပညာပစ္စည်းများကို ပံ့ပိုးထောက်ကူပေးလာသည့်ဆက်တင်နှင့် ဇာတ်စင်တို့သည်လည်း စိတ်ခံစားမှုကိုအခြေခံသောကြောင့် စိတ်ခံစားမှုသက်ရောက်လာသည်နှင့်အမျှ တီထွင်မှုတို့သည် ပြောင်းလဲတိုးတက်လာကြမည်သာဖြစ်သည်။ ကြိုဆိုရမည့်ကိစ္စသာဖြစ်ပါတော့သည်။

**ကိုးကား**

- **ပြည်ထောင်စုအကပဒေသာ(ဦးမင်းနိုင်)။**
- **မြန်မာ့ဇာတ်ပွဲသဘင်နှင့်မြန်မာပြဇာတ်စာအုပ်များ(မော်ဘီဆရာသိန်း)။**
- **မြန်မာ့သဘင်လောက(သဘင်ဝန်ဦးနု)။**
- **လူထုဒေါ်အမာ၏ရွှေမန်းတင်မောင်နှင့်အောင်ဗလ ဖိုးစိန် စိန်ကတုံး။**

# မက္ကဆီကိုနိုင်ငံတွင် အပူချိန်မြင့်တက်ခဲ့ပြီးနောက် ဆီးနှင်းများ ကျဆင်းမှုဖြစ်ပေါ်



**မက္ကဆီကိုစီးတီး မေ ၂၈**

မက္ကဆီကိုနိုင်ငံတွင် မေလအစောပိုင်းက အပူချိန်မြင့်တက်သည့်ပြဿနာဖြင့် ရင်ဆိုင်ခဲ့ရပြီးနောက် မေ ၂၅ ရက်မှစတင်၍ အပူချိန်ပြန်လည်ကျဆင်းလာကာ မေ ၂၆ ရက်မှစတင်၍ ဆီးနှင်းများကျဆင်းမှုဖြစ်ပေါ်ခဲ့ပြီး လာမည့်ရက်ပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းလာနိုင်ကြောင်း National Water Commission (Conagua) က သတိပေးချက် ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မိုးသည်းထန်စွာရွာသွန်းလာနိုင်သည့် ပြည်နယ်ပေါင်း ရှစ်ပြည်နယ်ထိရှိနေပြီး လေဆင်နှာမောင်း၊ မိုးသက်လေပြင်း အစရှိသော သဘာဝဘေးအန္တရာယ်များလည်း ဖြစ်ပေါ်လာဖွယ် ရှိနေကြောင်း၊ လေဆင်နှာမောင်း ဝင်ရောက်လာပါက ပြင်းအားမှာ ၅၀ ကီလိုမီတာမှ ၇၀ ကီလိုမီတာအတွင်း ရှိနိုင်ကြောင်းလည်း National Water Commission (Conagua) က သတိပေးချက် ထုတ်ပြန်ခဲ့သည်။

"မေလအစောပိုင်းကနေ စတင်ပြီးတော့ အပူချိန်တွေ မြင့်တက်ခဲ့တယ်။ အပူချိန်မြင့်တက်ခဲ့ပြီးတော့ လူသေဆုံးမှုတွေတောင်ရှိခဲ့တယ်။ လက်ရှိအနေအထားမှာတော့ အပူချိန်ကျဆင်းသွားခဲ့ပေမဲ့လဲ ဆီးနှင်းကျဆင်းမှုတွေ၊ ဖြစ်ပေါ်နေတယ်။ လာမဲ့ရက်ပိုင်းအတွင်း လေပြင်းမုန်တိုင်းတွေ လေဆင်နှာမောင်းတွေ၊ မိုးသည်းထန်စွာ ရွာသွန်းမှုတွေဖြစ်ပေါ်လာနိုင်တဲ့ အခြေအနေဖြစ်နေတယ်။ အချိန်တိုအတွင်းကို ရာသီဥတုက အပြောင်းအလဲတွေမြန်ဆန်နေတယ်။ ဒါဟာ ရာသီဥတုဖောက်ပြန်မှုလက္ခဏာ မြင့်တက်လာတာကို ပြသနေတာဖြစ်ပါတယ်။ ရာသီဥတုပြောင်းလဲမှုနှုန်းမြန်ဆန်ဖွယ်ရှိနေတဲ့ဒေသတွေကတော့ ကမ်ပီချီဒေသ၊ ချီယာပက်စ်၊ ချီဟွာဟွာဒေသ၊ ကိုအာဟွေလာဒေသ၊ ဂွာရီရိုဒေသ၊ ဟီဒယ်ဂိုဒေသ၊ ဂျာလစ်ကို ဒေသနဲ့ မီချိုအာကန်ဒေသတို့ဖြစ်ပါတယ်" ဟု National Water Commission(Conagua) မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အပူချိန်မြင့်တက်နေသည့် အခြေအနေမှ ရုတ်တရက် ဆီးနှင်းများကျဆင်းမှု ဖြစ်ပေါ်ခြင်း၊ လေပြင်းမုန်တိုင်းနှင့် မိုးသည်းထန်စွာရွာသွန်းလာနိုင်သည့် အခြေအနေမျိုး ဖြစ်ပေါ်လာခြင်းမှာ ရာသီဥတုပြောင်းလဲမှုနှုန်း မြင့်တက်နေခြင်းကြောင့်ဖြစ်ကြောင်း National Water Commission (Conagua) က သုံးသပ်သွားခဲ့သည်။

**Ref : Russia Today**

**Trs : Sai Sat**

# အမေရိကန်နိုင်ငံ ကန်တပ်ကီပြည်နယ်ကို သဘာဝဘေးအန္တရာယ် အရေးပေါ်အခြေအနေသတ်မှတ်

**ဝါရှင်တန် မေ ၂၈**

အမေရိကန်နိုင်ငံ ကန်တပ်ကီပြည်နယ်တွင် လေဆင်နှာမောင်းအပြင် မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် လူနေအိမ် အမြောက်အမြားပျက်စီးပြီး သေဆုံးသူ ၂၀ ဦးထက်မနည်းရှိခဲ့သောကြောင့် ကန်တပ်ကီပြည်နယ်ကို မေ ၂၇ ရက် မှစတင်၍ သဘာဝဘေးအန္တရာယ်အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်လိုက်ကြောင်း ကန်တပ်ကီပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့ သတင်းများအရ သိရသည်။

လေဆင်နှာမောင်းသည် ကန်တပ်ကီပြည်နယ်အပြင် အမေရိကန်အလယ်ပိုင်းရှိ ပြည်နယ်များတွင် ဝင်ရောက်တိုက်ခတ်သွားခဲ့ခြင်းဖြစ်ပြီး ကန်တပ်ကီပြည်နယ်တွင် လေဆင်နှာမောင်း တိုက်ခတ်မှုအပြီး မိုးသည်းထန်စွာ ရွာသွန်းလျက်ရှိကြောင်း၊ လေဆင်နှာမောင်းနှင့် မိုးရွာသွန်းမှုကြောင့် လူဦးရေ ၁၀၀ ထက်မနည်း ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ကယ်ဆယ်ရေးဝန်ထမ်းများကလည်း လေဆင်နှာမောင်းဝင်ရောက်ခဲ့သည့်ဧရိယာများမှ ဒေသခံများကို ဦးစားပေး၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"လေဆင်နှာမောင်း တိုက်ခတ်ခဲ့ပြီး မိုးပါရွာသွန်းခဲ့တဲ့အတွက် ပြည်နယ်အတွင်း ပျက်စီးမှုတွေ မြင့်မားခဲ့ပါတယ်။ ဒေသခံ ၂၀ ယောက်ထက်မနည်း သေဆုံးခဲ့သလို လူအယောက် ၁၀၀ ထက်မနည်း ထိခိုက်ဒဏ်ရာ ရရှိခဲ့ပါတယ်။ အန္တရာယ်ရှိတဲ့ အခြေအနေကြောင့် သဘာဝဘေးအန္တရာယ် အရေးပေါ် အခြေအနေအဖြစ် သတ်မှတ်ဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်"ဟု ကန်တပ်ကီပြည်နယ် ဝန်ကြီးချုပ် ဘီရှီယားက ပြောကြားသွားခဲ့သည်။

မုန်တိုင်းသည် ကန်တပ်ကီပြည်နယ် လူးဝစ်ဗီးမြို့ကို အဓိကဦးတည်တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး တစ်နာရီမိုင် ၈၀ နှုန်းဖြင့် တိုက်ခတ်ခဲ့သည့်အတွက်ကြောင့် ပျက်စီးမှုနှုန်းမြင့်မားခဲ့ခြင်းလည်းဖြစ်ကြောင်း၊ ကန်တပ်ကီပြည်နယ်တွင် မုန်တိုင်းတိုက်ခတ်ပြီးနောက် မိုးရွာသွန်းချိန် မိုးသီးများပါကျသဖြင့် ဒေသခံများအတွက် အန္တရာယ်များ၍ သဘာဝဘေးအန္တရာယ် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : Sai Sat**

# နိုင်ဂျီးရီးယားအစိုးရက တရားမဝင်သတ္တုတူးဖော်ရေးလုပ်ငန်းများကို နှိမ်နင်းလျက်ရှိ

**အဘူဂျာ မေ ၂၈**

နိုင်ဂျီးရီးယားအစိုးရသည် တရားမဝင် သတ္တုတူးဖော်ရေးလုပ်ငန်းများကို နှိမ်နင်းလျက်ရှိကြောင်း ယနေ့သတင်းများအရ သိရသည်။

နိုင်ဂျီးရီးယားနိုင်ငံသည် လျှပ်စစ်ကားများ၊ စမတ်ဖုန်းများနှင့် ပါဝါစနစ်များ၏ ဘက်ထရီများတွင် အသုံးပြုသည့် လစ်သီယမ်ပေါ်များစွာထွက်ရှိသော နိုင်ငံဖြစ်သည့်အတွက် တရားမဝင်သတ္တုတူးဖော်ရေးလုပ်ငန်းများကို နှိမ်နင်းလျက်ရှိကြောင်း၊ တရားဝင် သတ္တုတူးဖော်ရေးလုပ်ငန်းများကိုလည်း သဘာဝပတ်ဝန်းကျင်ညစ်ညမ်းနိုင်မှုအပေါ် မူတည်ပြီး ထိန်းချုပ်နေကြောင်း၊ ကျောက်မီးသွေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့များ အသုံးပြုမှုကိုလျှော့ချပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် ဘက်ထရီများ အသုံးပြုမှုကြောင့် လစ်သီယမ်၊ သံဖြူနှင့် အခြားသတ္တုတွင်းထွက်များ၏ ကမ္ဘာလုံးဆိုင်ရာ လိုအပ်ချက်များ မြင့်တက်လာခဲ့ကြောင်း သိရသည်။

ထိုသို့ မြင့်တက်လာသော လိုအပ်ချက်များကြောင့် တရားမဝင်သတ္တုတွင်းတူးဖော်ရေးလုပ်ငန်းများလည်း များပြားလာသည့်အတွက် မေလလယ်တွင် နိုင်ဂျီးရီးယားအစိုးရသည် တပ်မတော်သားများ၊ ရဲများဖြင့် ပူးပေါင်းအဖွဲ့ကို ဖွဲ့စည်းပြီး ဖမ်းဆီးမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။



ယခင်က လယ်ယာထွက်ကုန်များ အဓိကရောင်းချသောဈေးကွက်သည် ယခုအခါ တရားမဝင်တူးဖော်ထားသော လစ်သီယမ် တရားမဝင်ရောင်းဝယ်ရေးဗဟိုဌာနဖြစ်လာကြောင်း၊ ထိုသို့ တရားမဝင်သတ္တုတွင်းတူးဖော်ရေးလုပ်ငန်းများကို ဖမ်းဆီးမှုစစ်ဆင်ရေးကြောင့် သတ္တုကုန်သည်များအပါအဝင် ၃၂ ဦးကို ဖမ်းဆီးမိခဲ့ကြောင်း၊ လစ်သီယမ်အများအပြားကိုလည်း သိမ်းဆည်းရမိခဲ့ကြောင်း နိုင်ဂျီးရီးယားအစိုးရနှင့် ဒေသခံများထံမှ သိရသည်။

နိုင်ဂျီးရီးယားနိုင်ငံတွင် အစိုးရ၏ ခွင့်ပြုချက်ဖြင့်မဟုတ်ဘဲ သတ္တုတူးဖော်ခြင်းများ များပြားစွာ လုပ်ကိုင်နေမှုသည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသည် သာမက ရေခံမြေခံ၊ မြေဆီမြေနှစ်များကို ထိခိုက်ပျက်စီးစေကြောင်း၊ နိုင်ဂျီးရီးယားမြောက်ပိုင်းရှိ မြေနေရာ အတော်များများသည် အသုံးမဝင်သော သဲများအဖြစ်သို့ လျင်မြန်စွာ ပြောင်းလဲသွားခြင်းကြောင့် သတ္တုတူးဖော်သည့် လုပ်ငန်းများကို ကန့်သတ်ခွင့်ပြုပေးခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KZ**

# အိန္ဒိယတွင် စိုက်ပျိုးရေးလုပ်ငန်းတိုးတက်မှုအတွက် မုတ်သုံမိုးရွာသွန်းရေး မျှော်မှန်းအားထားနေရ

**နယူးဒေလီ မေ ၂၈**

အိန္ဒိယနိုင်ငံသည် ယခုနှစ်တွင် စိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းရန်အတွက် မုတ်သုံမိုးရွာသွန်းမှုကို မျှော်မှန်းနေပြီး မုတ်သုံမိုးရွာသွန်းနိုင်ဖွယ်လည်းရှိကြောင်း အိန္ဒိယမိုးလေဝသဌာန(IMD)က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အိန္ဒိယနိုင်ငံသည် မုတ်သုံမိုးရွာသွန်းရေးကို ဧပြီလကတည်းက မျှော်မှန်းခဲ့သော်လည်း ယခုမေလမှသာ ရွာသွန်းနိုင်ဖွယ်ရှိကြောင်း၊ ရာသီဥတုများဖောက်ပြန်မှုများဖြစ်သော အပူချိန်မြင့်တက်မှုများဖြစ်ပွားနေချိန်တွင် အိန္ဒိယနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှင့် လယ်ယာထွက်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် မိုးရွာသွန်းမှုအပေါ်မှီခိုနေရကြောင်း သိရသည်။

ဇွန်လမှစ၍ လေးလခန့် မုတ်သုံမိုးရွာသွန်းနိုင်ခြေရှိကြောင်း၊ အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ထရီလီယံခန့်တန်ဖိုးရှိသော အိန္ဒိယ၏ စိုက်ပျိုးရေးလုပ်ငန်းများသည် ယခုမုတ်သုံရာသီတွင် စိုက်ပျိုးထုတ်လုပ်ကြပြီး မုတ်သုံမိုးသည် သီးနှံစိုက်ခင်းများအတွက် လိုအပ်သောရေ၏ ၇၀ ရာခိုင်နှုန်းခန့်ကို ဖြည့်ဆည်းပေးနိုင်သည့်အပြင် ရေလှောင်ကန်များနှင့် ရေအောက်ရေများကိုလည်း ပြန်လည်ဖြည့်တင်းပေးနိုင်ကြောင်း အိန္ဒိယမိုးလေဝသဌာန (IMD) မှ ညွှန်ကြားရေးမှူးချုပ် မိုဟာပတ်ထရာက ပြောကြားခဲ့သည်။

အိန္ဒိယတစ်နိုင်ငံလုံး၏ လယ်ယာမြေ ထက်ဝက်ခန့်သည် ဆည်ရေမရရှိသဖြင့် ဆန်၊ ပြောင်း၊ ဝါ၊ ပဲပိစပ်နှင့် ကြံ စသည့်သီးနှံအများအပြားကို ဇွန်လမှ စက်တင်ဘာလအတွင်း မုတ်သုံမိုးရွာသွန်းမှု အပေါ်မူတည်စိုက်ပျိုးကြကြောင်း သိရသည်။

အိန္ဒိယသည် ကမ္ဘာ့ဒုတိယအကြီးဆုံး ဂျုံ၊ ဆန်နှင့် သကြား ထုတ်လုပ်သည့်နိုင်ငံဖြစ်ပြီး စားအုန်းဆီ၊ ပဲဆီနှင့် နေကြာဆီ အများဆုံးတင်သွင်းသည့် နိုင်ငံဖြစ်ကြောင်း၊ မုတ်သုံလေသည် မေ ၃၁ ရက်တွင် အနောက်တောင်ဘက် ကီရာလာကမ်းရိုးတန်းသို့ ဝင်ရောက်မည်ဟု ခန့်မှန်းထားပြီး ဇွန်လတွင် မိုးရွာသွန်းနိုင်ဖွယ်ရှိသော်လည်း တစ်လအတွင်း အမြင့်ဆုံးအပူချိန်သည်လည်း ပုံမှန်ထက် သာလွန်ဖွယ်ရှိကြောင်း မိုဟာပတ်ထရာက ပြောကြားခဲ့သည်။

**Ref : Sputnik News**

**Trs : KZ**

# ပါကစ္စတန်နိုင်ငံတွင် သမိုင်းတစ်လျှောက် အမြင့်ဆုံး အပူချိန်ပမာဏသို့ ရောက်ရှိလာဖွယ်ရှိနေ

**အစ္စလာမ်မာဘတ် မေ ၂၈**

ပါကစ္စတန်နိုင်ငံတွင် မေလဒုတိယပတ်မှစတင်၍ အပူချိန်မြင့်တက်မှုဖြစ်ပေါ်ခဲ့ပြီး အပူချိန်မှာ လျော့ကျသွားခြင်းမရှိသေးဘဲ အပူချိန်ပမာဏမှာ ပါကစ္စတန်နိုင်ငံသမိုင်းတစ်လျှောက် အမြင့်ဆုံးပမာဏသို့ ရောက်ရှိလာဖွယ်ရှိနေကြောင်း ပါကစ္စတန်မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

လက်ရှိ မြင့်တက်နေသည့် အပူချိန်ပမာဏမှာ ၅၂ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိနေပြီး ကျန်းမာရေးလုံခြုံမှုကို ဆိုးရွားစွာထိခိုက်လာစေနိုင်သည့် အခြေအနေဖြစ်သည့်အတွက် အပူချိန်မြင့်တက်မှုနှင့်ပတ်သက်၍ အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်လိုက်ကြောင်း ပါကစ္စတန် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ပါကစ္စတန်နိုင်ငံရဲ့ အပူချိန်ဟာ ၅၂ ဒီဂရီစင်တီဂရိတ်ကိုရောက်ရှိလာပြီဖြစ်ပါတယ်။ သမိုင်းတစ်လျှောက် အမြင့်ဆုံး အပူချိန်ပမာဏတစ်ရပ်ကိုရောက်ရှိသွားဖို့ နီးစပ်နေပါတယ်။ သမိုင်းတစ်လျှောက် အမြင့်ဆုံးအပူချိန်ပမာဏဟာ ၅၄ ဒီဂရီစင်တီဂရိတ်ဖြစ်ပြီးတော့ ၂၅၀၀ ဘီစီလောက်မှာဖြစ်ပါတယ်။ အပူချိန်ပမာဏက ဆက်လက်မြင့်တက်လာနိုင်တဲ့ပမာဏဖြစ်ပါတယ်"ဟု ပါကစ္စတန်မိုးလေဝသညွှန်ကြားရေးဦးစီးဌာနမှ စီနီယာမိုးလေဝသခန့်မှန်းပညာရှင် ဆာဟစ်အက်ဘက်စ်က ပြောကြားခဲ့သည်။

ပါကစ္စတန်နိုင်ငံ၏ ရာသီဥတုဖောက်ပြန်မှုနှုန်းမှာ ဆိုးရွားစွာမြင့်တက်လာသည့် လက္ခဏာကို ပြသနေပြီး ပါကစ္စတန်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သုတေသီများက ပါကစ္စတန်နိုင်ငံတွင်ဖြစ်ပေါ်နေသော ရာသီဥတုဖောက်ပြန်မှုမှာ လူသားတို့၏ လုပ်ဆောင်ချက်များကြောင့် ဖြစ်ကြောင်း ဝေဖန်သွားခဲ့သည်။

**Ref : Sputnik News**

**Trs : Sai Sat**




The Best Quality Tyre

ပင်ရင်းအရောင်းဌာန -ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .




## 'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

### ပျောက်ဆုံးကြောင်း

ချောင်းဦးမြို့နေ မသင်းအိခိုင်(ဘ) ဦးလှမျိုးအောင် (၅/ခဥတ(နိုင်)၁၀၈၂၁၇)၏ နိုင်ငံကူးလက်မှတ်အမှတ် (MF-627705)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၈၃၈၈၂၅၂၆

### ပျောက်ဆုံးကြောင်း

ကနီမြို့နယ်နေ ကျော်ဇင်ဦး (ဘ) ဦးကျော်နိုင်ဦး (၅/ကနန(နိုင်) ၁၁၃၀၅၃)၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-184112)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၂၇၁၁၆၅၅၃

### တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် ပျောက်ဆုံးကြောင်း

ကျောက်ပန်းတောင်းမြို့နယ်၊ ဒဝါးကျေးရွာနေ အရှင်သာဂရ (ဘ) ဦးစိုးလင်းထွန်း (၉/ကပတ(သ)၀၁၀၀၃) နှင့် မောင်သူရထက် (ဘ) ဦးစိုးလင်းထွန်း (၉/ကပတ(နိုင်)၃၂၃၉၉၉) သည် တစ်ဦးတည်းဖြစ်ပါကြောင်း၊ ၎င်း၏ Passport No (MC-778252) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၇၉၈၆၉၁၁၇

### COVID-19 ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



COVID-19 ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။


### COVID-19 ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



### COVID-19 ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

လူတစ်ဦးနှင့်တစ်ဦး ၃ ပေ (တစ်မီတာ)မှ ၆ ပေခန့်အကွာမှာနေပါ။ ပိုးရပ်ပျံ့နှံ့မှုကို ကာကွယ်နိုင်ရန် မလိုအပ်ဘဲ အိမ်အပြင်မထွက်သင့်ပါ။




"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးနှင့် အမျိုးသားနိုင်ငံရေးတာဝန် ထမ်းဆောင်ရန် တာဝန်ရှိသည်ဖြစ်သည့်အတွက် မည်သည့်အစိုးရ၊ မည်သည့်နိုင်ငံရေးစနစ်နှင့်သွားသည်ဖြစ်စေ အမျိုးသားရေးမူဝါဒဖြစ်သည့် ဒွိတာဝန် အရေးသုံးပါးနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထုအသက်အိုးအိမ်စည်းစိမ်ကာကွယ်စောင့်ရှောက်ရေးတို့ကို အလေးအနက်ထား ဆောင်ရွက်သွားရမည်ဖြစ်...**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင်ပြုလုပ်သော ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းအမှတ်စဉ်(၁၀) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနား မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)**

# အိန္ဒိယနိုင်ငံမှ ဘွဲ့ခံဆရာတော်ကြီးများအား မြန်မာနိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းသည့် "မဟာသဒ္ဓမ္မဇောတိကဓဇ"နှင့် "သဒ္ဓမ္မဇောတိကဓဇ" သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်အပ်နှင်းသည့်အခမ်းအနားကျင်းပ




**နယူးဒေလီ မေ ၂၈**

အိန္ဒိယနိုင်ငံမှ ဘွဲ့ခံဆရာတော်ကြီးများအား မြန်မာနိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းသည့် "မဟာသဒ္ဓမ္မဇောတိကဓဇ"နှင့် "သဒ္ဓမ္မဇောတိကဓဇ" သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်အပ်နှင်းသည့် အခမ်းအနားကို မေ ၂၆ ရက် နံနက်ပိုင်းတွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ မြန်မာသံရုံး၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ဂုဏ်ထူးဆောင်ဧည့်သည့်တော်များအဖြစ် နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်နိကာယ သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု သီတဂူဆရာတော်

**စာမျက်နှာ ၁၉ ကော်လံ ၁ ☆**

ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး စာမျက်နှာ - ၁၀

ယခုဘဏ္ဍာနှစ် ဧပြီလတွင် မြန်မာ့ကုန်သွယ်ရေးကဏ္ဍ၌ ပုဂ္ဂလိကကဏ္ဍက နိုင်ငံတော် ကဏ္ဍထက် ကန်ဒေါ်လာ သန်း ၁၄၀၀ ကျော် ပိုမိုဆောင်ရွက်နိုင်ခဲ့ စာမျက်နှာ - ၃

မန္တလေးတိုင်းဒေသကြီးအတွင်း စားသောက်ကုန်၊ လူသုံးကုန်နှင့် အလှကုန်ပစ္စည်းအမျိုးအစား ၇၀ ကို ဓာတ်ခွဲစမ်းသပ်ထုတ်လုပ်ခွင့်ပြုထား စာမျက်နှာ - ၂

## ရောဝတီနှင့် ချင်းတွင်း ထူးခြားမြစ်ရေ အခြေအနေ

**နေပြည်တော် မေ ၂၈**

ရောဝတီမြစ်ရေသည် မြစ်ကြီးနားမြို့တွင် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့တွင် ၅၈၈ စင်တီမီတာသို့ ရောက်ရှိခဲ့ကာ ၃၆ နာရီအတွင်း ၁၀ ပေခန့်မြင့်တက်ခဲ့သည်။

ရောဝတီမြစ်အထက်ပိုင်းတွင် မြင့်တက်ခဲ့သော အဆိုပါမြစ်ရေများသည် နောက် တစ်ရက်မှ ခုနစ်ရက်အတွင်း ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့်မြင်းမူမြို့တို့တွင် ခြောက်ပေမှ ရှစ်ပေခန့်၊ နောက် ရှစ်ရက်မှ ၁၁ ရက်အတွင်း ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့နှင့် အောင်လံမြို့တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်၊

**စာမျက်နှာ ၁၇ ကော်လံ ၄ ❖**

